www.burmeseclassic.com

စာပေဗိမာန်စာမူဆုရ

# မြင့်သူရ

# ပီတိလွှမ်းချိန်

www.burmeseclassic.com

www.burmeseclassic.com

နို့တာဝန်အရေး ၃ ပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | နို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | နို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | နို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ပတာနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

1B

မြင့်ဿူရ

# ပိတ်လွှမ်းချိန်

(၁၉၉၈ ခုနှစ် စာပေဗိမာန်စာမူဆုရ)

www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဝန်ထမ်းသက်သာ ချောင်ချိရေးအတွက် ရန်ကုန်မြို့၊ ၃၉ လမ်း အမှတ် ၁၉၈၊ ဦးဆန်းထွေးမိုး (၀၄၆၉၈)၊ ဆန်းသဇင် ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာ(ထုတ်လုပ်) ဒေါ်မြမြက ထုတ်ဝေသူမှတ်ပုံတင်အမှတ် (၂၈၅-ယာယီ) ဖြင့် ထုတ်ဝေသည်။

၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ

ပထမအကြိမ်

အုပ်ရေ - ၂၀၀၀

တန်ဖိုး - ၂၀၀ ကျပ် ၂၅၀-ကျပ်

အတွင်းစာသား - နွဲ့ယဉ်မင်း၊ (STAR DTP)

အတွင်းဖလင် - ဦးအောင်တင်အေးနှင့်သမီးများ

အဖုံးကွန်ပျူတာဒီဇိုင်း - ကိုဇော်ကြီး (Prestige)

၃၄လမ်း(အထက်)၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

# မာတိကာ

| | |
|---|---|
| တက်တိုး၏အမှာစာ | ၁ |
| ပဏာမ စကားဦး | ၇ |
| အကြီးဆုံး သံရည်ကျိုလုပ်ငန်းရှင် ဦးဝင်း | ၁၅ |
| စက်မှုလက်မှုဖခင်ကြီး ဦးရန်အောင် | ၂၁ |
| နိုပန်း တီဗီအင်တင်နာ ဦးသိန်းကြည် | ၃၀ |
| အေးချမ်းတည်ငြိမ်တဲ့ ပုသိမ်သား ဦးခင်စိန် | ၄၂ |
| ရည်ရွယ်ချက် ကြီးမားတဲ့ ရွှေနဂါး | ၅၀ |
| နေလှန်းဆား စခဲ့တဲ့ ဦးစန်းမြင့်နောင် | ၅၈ |
| ဖယ်စက်သလို အလုပ်လုပ်သည့် ကိုစိန်ထွန်း | ၆၄ |
| ထူးလည်းထူးသည့် ဦးခင်မောင်သွင်ဦး | ၇၁ |
| နေအားလျှပ်စစ်ခေတ်ကို ရေ့ဆောင်တဲ့ ဦးအောင်မြင့် | ၈၂ |
| လယ်သမားတွေရဲ့လိုအင်ဆန္ဒကို ဖြည့်ချင်တဲ့ ဦးလှတင် | ၉၂ |
| တိုင်းရင်းဆေးဆရာတွေ မပူနဲ့ ကိုလှထွန်း လာပြီ | ၉၉ |
| ထွန်းတောက်လာသည့် ကြယ်တစ်ပွင့်(သို့မဟုတ်)ကိုစိုးတင့် | ၁၀၅ |
| ချမ်းသာချင်သလား ဦးမြင့်ဆီသွား | ၁၁၈ |
| ရွှေမန်းက စိန်ပန်းဦးကျော်စိန် နှင့်မျိုးဆက်သစ်များ | ၁၂၄ |
| နိဂုံးပိုင်း | ၁၃၅ |

www.burmeseclassic.com

www.burmeseclassic.com

# အရေးပါလှသော
# စက်မှုထွန်းကားရေး

စာရေးဆရာ ဦးသန်းလွင် (ကလောင်အမည် "မြင့်သူရ")၏ "ပီတိလွှမ်းချိန်" စာမူကို ကျွန်တော်ဖတ်ကြည့်ပါသည်။ ကျွန်တော်သည် စက်မှုလုပ်ငန်းများ၌ စိတ်ဝင်စားမှု နည်းခဲ့သည်။ ကျွန်တော့်သဘာဝမှာ ကိုယ်တိုင်လက်တွေ့ပစ္စည်း ထုတ်လုပ်မှုကို သိနားလည်မှု၊ စိတ်ဝင်စားမှုတို့၌ အားနည်းခဲ့သည်။ သို့သော် ကျွန်တော့်အသိ၌ နိုင်ငံတစ်နိုင်ငံသည် စက်မှုနိုင်ငံဖြစ်မှသာ တိုးတက်ဖွံ့ဖြိုးနိုင်မည်ဟူသော အသိစိတ်ခိုင်မြဲသဖြင့် မိမိ၏ဖခင်နိုင်ငံကို စက်မှုလုပ်ငန်းဖြင့် ကမ္ဘာ့အလယ်တွင် တင့်တယ်စေလိုသော ဆန္ဒရှိခဲ့ပါသည်။ ကျွန်တော်ကိုယ်တိုင် လက်တွေ့ စက်မှုလုပ်ငန်းလုပ်တတ်သူမဟုတ်သဖြင့် လက်တွေ့လုပ်ကိုင်တီထွင်သူတို့အား လေးစားမှုသာ ပြုနိုင်ပါသည်။ တစ်နည်းဆိုရပါမူ ကျွန်တော်သည် "အလုပ်သမား" မဟုတ်ချေ။ "အတွေးသမား" မျှသာဖြစ်သည့်အလျောက် စက်မှုလုပ်ငန်းဌာနကြီးများကိုနိုင်ငံခြားဒေသ အချို့တွင်လှည့်လည်လေ့လာ တန်သမျှသာ ပြုခဲ့ဖူးပါသည်။ ကျွန်တော်တို့နိုင်ငံသည် စိုက်ပျိုးရေးကိုသာ ပဓာနပြုသော နိုင်ငံဖြစ်သည့်အလျောက် ရေးရိုးရာအစဉ်အဆက်မှစ၍ ယခုထိပင် စက်မှုလုပ်ငန်းများရှိငြားလည်းစက်မှုလုပ်ငန်းဖြင့် တွင်ကျယ်သည်ဟု၍

www.burmeseclassic.com

www.burmeseclassic.com

မရှိခဲ့သေးချေ။ ယခုမှသာစက်မှုနိုင်ငံ ဖြစ်စေရန် ရည်သန်သောစကားကို ကြားနေရပါသည်။

သို့သော် ကျွန်တော့်အနေဖြင့် စက်မှုလုပ်ငန်းဘက်တွင် စိုးစဉ်းမျှမပါနိုင်သော်လည်း စက်မှုပညာ၌ စေတနာ၊ ဝါသနာနှင့် "အထုံ" ပါသူတို့ကို လေးစားမှု ရှိလာခဲ့ပါသည်။ စက်မှုနိုင်ငံဖြစ်ထွန်းရေး၌ အားထားခဲ့သည်မှာ ကျွန်တော်ငယ်စဉ်ကပင် ဖြစ်ပါသည်.

လွတ်လပ်ရေးရပြီးမကြာခင်မှာ နိုင်ငံကြီးတစ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးတစ်ဦး အလည်အပတ် ရောက်လာခဲ့သည်။ ကျွန်တော် လူရွယ် လူလတ်တစ်ယောက်ဖြစ်ခိုက်မှာ ကျွန်တော်တို့နိုင်ငံလွတ်လပ်ရေးပြန်ရရာတွင် ခေါင်းဆောင်တို့က လွတ်လပ်သောနိုင်ငံတစ်ခုဖြစ်စေရန် အားထုတ်စဉ်မှာပင် ထိုဧည့်သည်ဝန်ကြီးက သူ့ကိုဧည့်ခံသူတို့အား ပြောသွားသော စကားတစ်ခွန်းကို တစ်ဆင့် ကြားသိလိုက်ရပါသည်။ ယင်းသည်ကား "မြန်မာနိုင်ငံမှာ သယံဇာတပစ္စည်းများ ပေါကြွယ်ဝသဖြင့် ထိုပစ္စည်းများကို နိုင်ငံခြားဒေသများသို့ ရောင်းချပြီး ကုန်ချောပစ္စည်းများ ဝယ်ယူသုံးစွဲသင့်သည်" ဟူ၍ပင်။

ကျွန်တော်နှင့် ကျွန်တော်တို့သူငယ်ချင်း လူငယ်၊ လူရွယ်၊ လူလတ်တို့က အကြီးအကျယ် ဒေါသဖြစ်ကြသည်။ သူတို့ကိုကုန်ကြမ်းပေး၊ သူတို့က စက်မှုလုပ်ငန်း၌ ကုန်ချောဖြစ်အောင် တီထွင်လုပ်ကိုင်ပြီး ကျွန်တော်တို့ကို တန်ဖိုးကြီးဖြင့် ပြန်ရောင်းမည်ဟူသော အဓိပ္ပာယ်သက်ရောက်သည့် သူ့စကားကို ကြားလိုက်ရသောအခါ ကျွန်တော်တို့နိုင်ငံကို ချိုးနှိမ်လိုက်ခြင်းသည် ဆော်ကားခြင်းပင် ဖြစ်သဖြင့် အတော်ပင်ဒေါသထခဲ့ကြသည်။ ထိုအဖြစ်ကလေးမှာ စာရေးဆရာ "မြင့်သန့်"၏ "ပီတိလွှမ်းချိန်" စာအုပ်ကို ဖတ်လိုက်မိရာတွင် ပြန်ပေါ်လာလေသည်။

ရှေးခေတ်က မြန်မာဖြစ်စက်မှုပစ္စည်းဟူ၍ ထင်ထင်ရှားရှား တွေ့ရခဲလှသည်။ စက်မှုလုပ်ငန်းသည် မရှိသလောက်ပင် ရှားလေသည်။ ဇွဲသတ္တိဖြင့် ကြိုးစားလုပ်ဆောင်သူ ပညာရှင်တို့သည် အားပေးချီးမြှောက် ခြင်းခံရခဲ့၏။

၁၉၄၅ ခုနှစ်တွင် စတင်တည်ထောင်သော စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်သည် ဆက်လက်ရှိနေမှန်း ကျွန်တော်တော့ မသိသလို ဖြစ်နေပါသည်။ ကျွန်တော် ဗဟုသုတနည်းပါး၍ ဖြစ်နိုင်ပါသည်။ အခြား အခြားလူအများလည်း သိပုံမပေါ်လှချေ။

ဆိုလိုသည်မှာ ၁၉၈၈ လွန်သည့်ကာလအထိ အသိအမှတ်ပြုခြင်း အားနည်းလှချေသည်။ ၁၉၈၈ ခုနှစ်မှစ၍ စက်မှုနိုင်ငံတည်ဆောက်မည်ဟူသော စကားကိုပြောသံကြားရသည်။ စတော့ စပါပြီ။ အရှိန်ယူဖို့ လိုပေဦးမည်။ စက်မှုပညာရှင်များ၏ လုပ်ငန်းတို့သည် သက်ဆိုင်သူတို့၏ လုံ့လ၊ ဝီရိယတို့ကို ဖော်ညွှန်းလျက်ရှိပေသည်။ သို့သော်အားပေးမှုတွင် သိသာထင်ရှားခြင်း မရှိသေးဟု ထင်မိပါသည်။

ယခုအခါ လူငယ်များစွာတို့သည် စက်မှုအတတ်ပညာ၌ စိတ်ဝင်စားမှုသည် တိုးတက်လျက်ရှိသည်ဟု ကျွန်တော်သိမြင်မိပါသည်။ လူငယ်များစွာတို့သည် စက်မှုတက္ကသိုလ်နှင့်အခြားစက်မှုလက်မှုသင်တန်းကျောင်းများသို့ တက်ရောက် သင်ယူ လိုသောဆန္ဒသည် စိတ်အားတက်မှုအသွင်ကို တဖြည်းဖြည်းဆောင်လျက်ရှိပေသည်။ ယင်းသည်ကောင်းသောအလားအလာများဖြစ်ပေသည်။

လောကီစီးပွားရေးတိုးတက်လျက် စီးပွားရေးရာတို့တွင်တိုးတက်မှသာ နိုင်ငံ၏ အဆင့်သည်မြင့်လာပေမည်။ ယခုခေတ်သည် စက်မှုလုပ်ငန်းများ တိုးတက်မှုတို့ဖြင့် ပြည့်စုံသောနိုင်ငံဖြစ်မှသာလျှင် တိုးတက်ဖွံ့ဖြိုးမှု ရရှိနိုင်ပေမည်။

ကျွန်တော်တို့လူမျိုးသည်မညံ့ပေ၊ မညံ့ကြောင်းအဖက်ဖက်တွင် လှည့်ကြည့်လျှင်သိနိုင်ပါသည်။ စနစ်ကျကျ အားပေးထောက်ပံ့မှု ပြုဖို့သာလိုပေသည်။ ဟိုရှေး ယခင်ကမှာလို ကုန်ကြမ်းပစ္စည်းများကိုရောင်းပစ်ပြီး အခြားနိုင်ငံများမှ ကုန်ချော ပစ္စည်းများကိုသုံးစွဲ၍ ကျေနပ်သည်ဟုအထင်ခံရစေရန် နေ၍မဖြစ်နိုင်တော့ပေ။ အရာရာတွင်စက်မှုပါမှသာဖြစ်မည်။ ကျွန်တော်တို့အတတ်ပညာရှင်များက ထူးချွန်ဖို့ကြိုးစားကြရပေမည်။ အိမ်နီးချင်းနိုင်ငံများ

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်မှုအထွေထွေကို စိစစ်ကြည့်လျှင် မိမိတို့၏အားနည်းမှု ၊ ချို့တဲ့မှုတို့ကို ပြုပြင်မှုများ ပြုဖို့လိုအပ်နေသေးသည်ကိုတွေ့ရမည်ဖြစ်ပေသည်။ လူငယ်လူရွယ်တို့သည် မိမိတို့၏စွမ်းရည်တို့ကိုထုတ်၍ နိုင်ငံတိုးတက်မှုအတွက် ကြိုးစားဖို့ လိုပါသည်။ လက်တလောချင်းအကြိုးအမြတ်လောက်ကိုသာ မရည်မှန်းဘဲ မိမိကိုယ်တိုင် ကြိုးစား၍ စက်မှုလုပ်ငန်းပညာရှင်များ ဖြစ်လာစေရန် ဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်ဓါတ် တိုးတက်မြင့်မားစေမှုအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းလည်း ဖြစ်ပေသည်။

ဆရာမြင့်သူရ၏ "ပီတိလွှမ်းချိန်"သည် လူငယ်လူရွယ်တို့အား စက်မှုလုပ်ငန်းပညာရှင်များ ဖြစ်လာစေရန် မိမိတို့ရှေ့မှာရှိသော ပညာရှင်ကြီးများ၊ တီထွင်မှုပြုသူများအကြောင်းကို ရင်းရင်းနှီးနှီး ဖော်ပြခြင်းဖြင့် စက်မှုလုပ်ငန်းဟူသော နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးပါမှုကို ထင်ရှားစေသည်ဟု ကျွန်တော်ထင်မြင်ယူဆပါသည်။

စက်မှုစွမ်းအားဖြင့် ခေတ်ကို ကျော်လွှား၍ မြန်မာနိုင်ငံကိုစက်မှုနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်အောင် ကြိုးစားကြပါဟု လူငယ်လူရွယ်တို့အား တိုက်တွန်းရပါသည်။

တက်တိုး



၁၉၄၅-၄၆ ခုနှစ်က စတင်တည်ထောင်ခဲ့သော စက်မှုလက်မှု
လုပ်ငန်းရှင်များအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီ

တိုးတက်မှုအထွေထွေကို စိစစ်ကြည့်လျှင် မိမိတို့၏အားနည်းမှု ၊ ချို့တဲ့မှုတို့ကို ပြုပြင်မှုများ ပြုဖို့လိုအပ်နေသေးသည်ကိုတွေ့ရမည်ဖြစ်ပေသည်။ လူငယ်လူရွယ်တို့သည် မိမိတို့၏စွမ်းရည်တို့ကိုထုတ်၍ နိုင်ငံတိုးတက်မှုအတွက် ကြိုးစားဖို့ လိုပါသည်။ လတ်တလောချင်း အကြိုးအမြတ်လောက်ကိုသာ မရည်မှန်းဘဲ မိမိကိုယ်တိုင် ကြိုးစား၍ စက်မှုလုပ်ငန်းပညာရှင်များ ဖြစ်လာစေရန် ဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်ဓါတ် တိုးတက်မြင့်မားစေ မှုအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းလည်း ဖြစ်ပေသည်။

ဆရာမြင့်သူရ၏ "ပီတိလွှမ်းချိန်"သည် လူငယ်လူရွယ်တို့အား စက်မှုလုပ်ငန်းပညာရှင်များ ဖြစ်လာစေရန် မိမိတို့ရှေ့မှာရှိသော ပညာရှင်ကြီးများ၊ တီထွင်မှုပြုသူများအကြောင်းကို ရှင်းရှင်းနီးနီး ဖော်ပြခြင်းဖြင့် စက်မှုလုပ်ငန်းဟူသော နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးပါမှုကို ထင်ရှားစေသည်ဟု ကျွန်တော်ထင်မြင်ယုံကြည်ပါသည်။

စက်မှုစွမ်းအားဖြင့် ခေတ်ကို ကျော်လွှား၍ မြန်မာနိုင်ငံကိုစက်မှုနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်အောင် ကြိုးစားကြပါဟု လူငယ်လူရွယ်တို့အား တိုက်တွန်းရပါသည်။

တက်တိုး



www.burmeseclassic.com



# ပဏာမ စကားဦး

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုတိုင်းတာရာတွင် အဆိုပါနိုင်ငံ၏စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်မှု အခြေအနေများနှင့် တိုင်းတာကြည့်ကြရသည်။ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်မှု ရှေ့တန်းရောက်နေသည့်နိုင်ငံသည် ချမ်းသာသည့်နိုင်ငံ၊ လူနေမှုအဆင့်အတန်းမြင့်လာသည့် နိုင်ငံဟု သတ်မှတ်နိုင်သည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်ရေးအတွက် အားသွန်ကြိုးပမ်းလျက်ရှိကြသည်။ ယင်းသို့ ကြိုးပမ်းရာတွင် နိုင်ငံတော်ပိုင်စက်မှုလက်မှုလုပ်ငန်းများသာမက သမဝါယမနှင့် ပုဂ္ဂလိကပိုင်စက်မှုလက်မှုအခန်းကဏ္ဍကိုပါ မြင့်မားတိုးတက်လာအောင်ကြံဆောင်ကြသည်။နည်းလမ်းရှာကြံ ဆောင်ရွက်ကြရသည်။ မြန်မာနိုင်ငံကိုလည်း ရေရှည်တွင် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် အဘက်ဘက်မှ စိုင်းပြင်းကြိုးပမ်းဆောင်ရွက်လျက် ရှိကြသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အားထားရသည့်နိုင်ငံတစ်နိုင်ငံဖြစ်ရာ စိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံတည်ဆောက်နိုင်မှသာလျှင် နည်းလမ်းမှန်ကန်၍ ရည်မှန်းချက်များ အောင်မြင်မည်ဖြစ်သည်။

နိုင်ငံတော်က ဦးတည်ချက် ၁၂ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးဦးတည်ချက်လေးရပ်မှာ –

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်ရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍

www.burmeseclassic.com

စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

- နိုင်ငံတော်စီးပွားရေးတရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

ဟူ၍ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် စက်မှုလက်မှုသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လိုက်လျှင် ကုန်းဘောင်ခေတ်၊ သက္ကရာဇ် ၁၁၇၀ ပြည့်နှစ်၊ ခရစ်နှစ် ၁၈၀၈ ခုနှစ်တွင် သွန်းလုပ်ခဲ့သည့် ကမ္ဘာ့အံ့ဖွယ်တစ်ပါးဖြစ်သော "မင်းဖြူမှန်မှန်ပြော"ဟူသောဆိုရိုးစကားနှင့်အညီ ပိဿချိန် ၅၅၅၅၅ ရှိ မင်းကွန်းခေါင်းလောင်းကြီးကို သွန်းလောင်းနိုင်ခဲ့သည်အထိ ကုန်းဘောင်ခေတ်ကတည်းက မြန်မာတို့၏ သံရည် ကျို၊ ကြေးရည်ကျို စက်မှုအတတ်ပညာမှာမသေးလှကြောင်း ခန့်မှန်းနိုင်သည်။ မင်းကွန်းခေါင်းလောင်းကြီးသည် အဝအချင်း ၁၆ ပေ ၈ ၃/၄ လက်မ၊ လုံးပတ် ၅၀ ပေ ၃/၄ လက်မ၊ မောက် ၂၀ ပေ ၃ လက်မရှိ၍ တန်ချိန်အားဖြင့် ၉၀.၂၅ တန်ရှိပေသည်၊ ထို့ပြင် ကနောင်မင်းသားကြီး၏ ဦးဆောင်ကြိုးပမ်းမှုဖြင့် လက်နက်စက်ရုံ တည်ဆောက်ခဲ့ပြီး၊ ရေမြုပ်ဗုံးအထိ အောင်မြင်စွာ တီထွင်ထုတ်လုပ် စမ်းသပ်နိုင်မှုများသည် ဂုဏ်ယူဖွယ်ဖြစ်ပေသည်။

ဗြိတိသျှနယ်ချဲ့သမားများက မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် မြန်မာတို့၏စက်မှုလက်မှု အတတ်ပညာနှင့် လုပ်ငန်းများမှာ ရှက်ပုံးသီးများသဖွယ် ဖြစ်ခဲ့ရသည်။ ယင်းရှက်ပုံးသီးများအနက် ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သပြုကျေးရွာသား များမှာထင်ရှားလှပေသည်။ စစ်အတွင်း လေယာဉ်ပျက် အစိတ်အပိုင်း သတ္တုများကိုဝယ်ယူ၍ ဇွန်း၊ ပန်းကန်ပြား၊ ပန်းကန်လုံး၊ ဒယ်အိုး၊ လက်ဖက်ရည်အိုး စသည့်ပစ္စည်းများကို တွင်တွင်ကျယ်ကျယ် လုပ်နေကြပေပြီ။ သူတို့ရွာနားတွင် လေယာဉ်ပျက်ကျလျှင် သူတို့အကြိုက်ပင်။ သူတို့ပျော်ကြသည်။ ဂျပန်နှင့်အင်္ဂလိပ်တို့ လေကြောင်းတိုက်ပွဲဖြစ်လျှင် ဘကြီးပန်နိုင်ပါစေ (ဂျပန်နိုင်ပါစေ)ဟု ဆုတောင်းသူက ဆုတောင်းကြသည်၊ အင်္ဂလိပ်လေယာဉ်ကကြီးသဖြင့် ဂျပန်နိုင်ပါမှ သူတို့အလုပ်များများ ဖြစ်ကြမည် မဟုတ်ပါလား။

BURMESE CLASSIC .com

လွတ်လပ်ရေးရပြီးစကာလတွင် မြန်မာနိုင်ငံ၌ စက်မှုလက်မှု အတော်ကလေး ဖွံ့ဖြိုးလာပေပြီ။ သံရည်ကျိုလုပ်ငန်းများကို ကျွမ်းကျင်နိုင်နင်းစွာ ပြုလုပ်နိုင်လေပြီ။ ထယ်သွား၊ ထွန်သွားများ၊ သံထည်ပစ္စည်းများထုတ်လုပ်နေကြပြီ။ စက်မှုလက်မှုထုတ်ကုန်မျိုးစုံကို ပြည်တွင်း၌ အောင်မြင်စွာထုတ်နေကြပြီဖြစ်သည်။ လုပ်ငန်းအသီးသီးတွင် အောင်မြင်မှုရရှိ၍ လုပ်ငန်းအမည်နှင့် ယှဉ်တွဲကာ နာမည်ကျော်ကြားလာမည့်ပုဂ္ဂိုလ်များ ပေါ်ထွက်လာသည်။ ပန်းကန်စက် ဦးသော်၊ လှထုစီးကရက် ဦးချို၊ ပွင့်ကောင်း ငါးပိနှင့်ငံပြာရည် ဦးပွင့်ကောင်း၊ မြန်မာ ဘီစကွတ်စက် ဦးလှ၊ ပဒေသာဘီစကွတ်စက် ဦးချစ်ထွန်း၊ ကြက်ဆင်ဖဲထီး ဦးသန်းမောင်၊ သဘော်ကျင်း / တွင်ခုံ ဦးပွကြီး၊ စွပ်ကျယ်စက် ဦးစိန်၊ ရွှေတူကားအလုပ်ရုံ ဦးရွှေတူ၊ ဒဂုံဘိလပ်ရည်စက် ဦးထွန်းရင်၊ ဆပ်ပြာစက် ဦးကျော်သောင်း၊ ခြသေ့မင်း အထည်စက် ဦးဘိုးညွန့်၊ ကြိုးစက် ဦးကျော်သောင်း စသော ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်ကြီးများမှာ စက်မှုလက်မှုလုပ်ငန်းများကို ဦးဆောင်တည်ထောင်နိုင်ကြသလို မြန်မာ့စက်မှုလက်မှုလောက၏ ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်များလည်း ဖြစ်ကြပေသည်။

၁၉၆၂ ခုနှစ်မှစ၍ ဗဟိုမှချုပ်ကိုင်သော စီးပွားရေးစီမံကိန်းစနစ်ကို ကျင့်သုံးလာသောအခါ ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများ၏ အခန်းကဏ္ဍသည် မှေးမှိန်ခဲ့ရသည်။ သို့ဖြစ်သည့်တိုင်အောင် ပြည်တွင်းစွန့်ပစ္စည်းများဖြင့် လယ်ထွန်စက်ဖြစ်မြောက်အောင် တီထွင်ထုတ်လုပ်ပြနိုင်ခဲ့သည့် မြောက်ဥက္ကလာပမှ ဦးတင်ဝင်း(ရွှေနဂါး)တို့လို လူငယ်စက်မှုပညာရှင်အချို့ ပေါ်ထွက်ခဲ့သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းကာလ မျက်မှောက်ခေတ်တွင်မှ နိုင်ငံတော်က ဗဟိုမှချုပ်ကိုင်သည့် စီးပွားရေးစီမံကိန်းစနစ်ကို ပယ်ဖျက်၍ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာခဲ့ရာ ပုဂ္ဂလိကစက်မှုလက်မှုအခန်းကဏ္ဍသည် ပြန်လည်ရှင်သန်ပေါ်ထွန်းလာခဲ့သည်။ ပုဂ္ဂလိက စက်မှုလက်မှု စွမ်းအားများသည် နိုးကြားထွန်းတောက်လာကာ စက်မှုလက်မှုတီထွင်

www.burmeseclassic.com

www.burmeseclassic.com

ဖန်တီးသည့် စွမ်းအားရှင်များ၏ ကြိုးပမ်းမှုနှင့်ဆောင်မြင်မှု အသီးအပွင့်များ ဖူးပွင့်စေဆာစ ပြုလာပြီဖြစ်သည်။

နိုင်ငံတော်က ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများကို မြှင့်တင်နိုင်ရန် အတွက် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးဥပဒေကို လည်းကောင်း ပြဋ္ဌာန်းပေးခဲ့သည်။

ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေတွင် အခြေခံမှုများအဖြစ်-

- တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် စက်မှုလက်မှုအခန်းကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးပါဝင်မှုအချိုးအစား မြင့်မားတိုးတက်လာစေရန်နှင့် စက်မှုလုပ်ငန်းနှင့် ဆက်နွယ်သော စီးပွားရေးလုပ်ငန်းအသီးသီးတွင်ထုတ်လုပ်မှု တိုးတက်စေရန်၊
- စက်မှုလုပ်ငန်းများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် ခေတ်မီနည်းပညာများ ရရှိစေရန်နှင့် စက်မှုလုပ်ငန်းမှ ထုတ်လုပ်သော ကုန်ချောပစ္စည်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်တွင်လည်း အခြေချစေရန်၊
- ပြည်တွင်းသယံဇာတပစ္စည်းကို အဓိကအားထား၍ အသုံးပြုစေရန်၊
- စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ကျေးလက်ဒေသနှင့် မြို့ပြဒေသတို့ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရန်၊
- အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက် ပေါ်ပေါက်စေရန်၊
- ပတ်ဝန်းကျင်ညစ်ညမ်းစေသော နည်းပညာ အသုံးပြုမှုကို ရှောင်ရှားစေရန် သို့မဟုတ် လျှော့ချစေရန်၊
- စွမ်းအင်ကို အသက်သာဆုံးသောနည်းဖြင့် အသုံးပြုစေရန်၊

တို့ကို ချမှတ်ပြဋ္ဌာန်းထားသည်။

ထို့ပြင် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေကို ပြဋ္ဌာန်းရာတွင် ရည်ရွယ်ချက်များအဖြစ်-

- အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုစီမံကိန်းများကို အထောက်အကူဖြစ်စေမည့် စက်မှုကုန်ထုတ်လုပ်ငန်း တိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊
- ပြည်တွင်းသယံဇာတပစ္စည်းများကို ပိုမိုထုတ်ယူ သုံးစွဲနိုင်ရေး၊ ခေတ်မီသိပ္ပံနှင့် နည်းပညာကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးချဲ့တည်ထောင်နိုင်ရေးတို့အတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊
- ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ကုန်ပစ္စည်း အရည်အသွေးမြင့်မားရေးတို့အတွက် နည်းပညာလွှဲပြောင်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊
  သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် လိုအပ်သောပညာရှင်များ မွေးထုတ်ရေးနှင့် ယင်းတို့၏ အရည်အချင်းတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန်၊
- သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်မြင်တိုးတက်ရေးအတွက် ပြည်တွင်းပြည်ပရှိ သုတေသနဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန်၊
- သိပ္ပံနှင့် နည်းပညာနယ်ပယ်မှ ထူးချွန်သော ပညာရှင်များနှင့် တီထွင်သူများအား ဂုဏ်ပြု ချီးမြှင့်နိုင်ရန်နှင့် ထိုက်သင့်သော အကျိုးခံစားခွင့်များ ရရှိစေရန်၊

အချက်များကိုတွေ့ရှိရမည်ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးပိုမိုတိုးတက်လာစေရန်အတွက် ပုဂ္ဂလိကနှင့် သမဝါယမ စက်မှုလယ်ယာကဏ္ဍအား ပံ့ပိုးပေးရန်နှင့် မြှင့်တင်ပေးရန် နိုင်ငံတော်အစိုးရသည် ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာ ၃၇/၉၅ ဖြင့် မြန်မာစက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါကော်မတီက-

www.burmeseclassic.com

www.burmeseclassic.com

- စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာရေး
- စက်မှုထုတ်ကုန်များ၏ အရေအတွက်နှင့် အရည်အသွေး တိုးတက်မြင့်မားရေး
- စက်ပစ္စည်းကိရိယာအသစ်များ တိုးတက်ထုတ်လုပ်ရေး
- စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ ထုတ်လုပ်ရေး
- နိုင်ငံတော်အား စက်မှုနိုင်ငံအဖြစ် ပြောင်းလဲရေးအတွက် အခြေအနေကောင်းများရရှိရေး

ဦးတည်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းကော်မတီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်သည်။

ထို့ပြင် အမှတ် ( ၂ )စက်မှုဝန်ကြီးဌာနဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်သော မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကိုလည်းကောင်း၊ ယင်းကော်မတီ၏အောက်တွင် ဆပ်ကော်မတီကိုးခုကို ဖွဲ့စည်း၍လည်းကောင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ဆပ်ကော်မတီများမှာ လယ်ယာသုံးစက်ပစ္စည်းကိရိယာ ထုတ်လုပ်မှုဆပ်ကော်မတီ၊ နည်းပညာလွှဲပြောင်းရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အသိပညာပေးရေးဆပ်ကော်မတီ၊ ထင်းအစားအခြားလောင်စာ တီထွင်ဖြန့်ဖြူးရေးဆပ်ကော်မတီ၊ ပုဂ္ဂလိက ပိုင်လုပ်ငန်းများ၏ စက်မှုလုပ်ငန်းတိုးမြှင့်ရေးဆပ်ကော်မတီ၊ စံချိန်စံညွှန်း သတ်မှတ်ရေးဆပ်ကော်မတီ၊ စက်မှုဥပဒေဆိုင်ရာရေးဆွဲရေးဆပ်ကော်မတီ၊ စက်မှုလက်မှုသုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းဆပ်ကော်မတီ၊ စက်မှုလက်မှု ဆိုင်ရာသတင်းဖြန့်ချိရေးဆပ်ကော်မတီနှင့် ဒေသဆိုင်ရာ စက်မှုလက်မှု လုပ်ငန်းများ ကြီးကြပ်ရေးဆပ်ကော်မတီတို့ ဖြစ်သည်။

စက်မှုလက်မှုလုပ်ငန်းရှင်များအား ငွေကြေးဆိုင်ရာ ပံ့ပိုးရန် ၁၉၉၆ ခုနှစ်တွင် ရန်ကုန်၌ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ကို တည်ထောင် ဖွင့်လှစ်ခဲ့ပြီး မန္တလေးဘဏ်ခွဲကို ၁၉၉၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ပြည်နယ်နှင့် တိုင်းကိုးခုတွင် စက်မှုဇုန် ၁၇ ခုကို ဖွဲ့စည်းဆောင်ရွက်နေသည်။



မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ စက်မှုလက်မှုပြပွဲများ စသည်တို့ကို စီစဉ် ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်တွင် ၁၉၉၇-၉၈ ခုနှစ် ယာယီစာရင်းများအရ စက်မှုလက်မှု ကဏ္ဍ၌ လုပ်ငန်းဦးရေစုစုပေါင်း ၅၃၃၃၈ ရှိသည့်အနက် နိုင်ငံပိုင်အခန်းမှ ၁၆၀၀ (ရာခိုင်နှုန်းအားဖြင့် ၃.၀)၊ သမဝါယမပိုင်အခန်းမှ ၆၃၇ (ရာခိုင်နှုန်း အားဖြင့် ၁.၂)၊ ပုဂ္ဂလိကပိုင်အခန်းမှ ၅၁၁၀၁ (ရာခိုင်နှုန်း အားဖြင့် ၉၅.၈) အသီးသီးရှိသည်ကို တွေ့ရသည်။ စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုး ကိုကြည့်သောအခါ ၁၉၉၇-၉၈ ခုနှစ် နှစ်စဉ်စီမံကိန်းအရ ကျပ် ၇၂၀၅ သန်းဖိုးရရှိရန် ရည်မှန်းခဲ့ရာ ယာယီစာရင်းများအရ ကျပ် ၆၈၇၈ သန်းဖိုး ထုတ်လုပ်နိုင်သဖြင့် ၉၅.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ၁၉၉၆-၉၇ ခုနှစ်ကထက် ၅.၃ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ စက်မှုလက်မှု ကဏ္ဍ၏ ကုန်ထုတ်လုပ်မှုတန်ဖိုးပမာဏသည် တစ်မျိုးသားလုံးကုန်ထုတ် လုပ်မှုတန်ဖိုးစုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းရှိပေသည်။

မြန်မာနိုင်ငံတော်၏ စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းအခြေအနေကို ကြည့်လျှင် စက်မှုလက်မှုလုပ်ငန်းများ အထူးသဖြင့် ပုဂ္ဂလိကစက်မှုလက်မှု လုပ်ငန်းများသည် အရေးပါလှသည်ကို တွေ့ရမည်ဖြစ်သည်။ စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းများတွင် လုပ်ငန်းအောင်မြင်ဖြစ်ထွန်းလာအောင်၊ အလုပ် တွင်ကျယ်ပြီးစရိတ်သက်သာအောင်၊ အချိန်သက်သာအောင်၊ လုပ်အားစိုက် ထုတ်ရမှုသက်သာစွာဖြင့် အရည်အသွေးကောင်းသော ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်အောင် တီထွင်ကြံဆမ်းကြသူ အမြောက်အမြားလည်း ပေါ်ထွက်နေပေပြီ။ ထိုပုဂ္ဂိုလ်များမှာ မြန်မာနိုင်ငံ၏ စက်မှုလက်မှုလောက တွင် ထွန်းတောက်လာသောကြယ်ပွင့်များ၊ အနာဂတ်မြန်မာနိုင်ငံတော် အတွက် မီးရှူးတန်ဆောင်များလည်း ဖြစ်ကြပေသည်။ စက်မှုလက်မှုတွင် ဖန်တီးသူစွမ်းအားရှင်များ အရေးကိစ္စသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူနေမှုအဆင့်မြင့်မားလာရေးနှင့် ဆက်စပ်နေသဖြင့် သူတို့အရေးကိစ္စကို ပြည်သူတို့က စိတ်မဝင်စား၍မဖြစ်၊

www.burmeseclassic.com

www.burmeseclassic.com

သိသင့်၊ ဂရုဏာထားသင့်၊ မုဒိတာပွားသင့်၊ တတ်နိုင်သည့်ဘက်မှ ကူညီရိုင်းပင်း၊ ဗဟုသုတ ပညာရယူသင့်သည်သာ ဖြစ်သည်။ ယင်းတို့၏ဘဝနှင့် ကြိုးပမ်းစွမ်းဆောင်အောင်မြင်မှုများသည် အများပြည်သူတို့ အထူးသဖြင့် ခေတ်လူငယ်တို့ အားကျစရာ၊ အတုယူစရာ၊ လေ့လာဂုဏ်ယူမွယ်ရာ ဖြစ်သဖြင့် နာမည်ကျော်ကြားနေသော စက်မှုလက်မှုစွမ်းအားရှင်များကို ရရှိသောအချိန်အတိုင်းအတာအတွင်း စာတစ်စောင်၊ ပေတစ်ဖွဲ့အနေဖြင့် လက်လှမ်းမီသမျှ တွေ့ဆုံလေ့လာ မှတ်တမ်းတင် ဖော်ပြလိုက်ရခြင်းသာ ဖြစ်ပါသည်။ ဤစာအုပ်တွင်ပါဝင်သော စက်မှုလက်မှု တီထွင်အောင်မြင်ခဲ့ ကြသူ စွမ်းအားရှင်များသည် ခေတ်ဟောင်းမှစ၍ တိုင်းပြည်အတွက် မိမိအရည်အချင်းတိုးမြင့်လာအောင် အခက်အခဲအမျိုးမျိုးကြားမှ ကျားကုတ် ကျားခဲဖွဲ့နဘဲဖြင့် မဖြစ်မနေ ကြိုးပမ်းအားထုတ် အလုပ်လုပ်ခဲ့ကြသူများ ဖြစ်ကြပေသည်။

ဤစာအုပ်ကိုဖတ်ရခြင်းဖြင့် စံပြစက်မှုစွမ်းအားရှင်များအား လေးစားချီးကျူးဂုဏ်ယူအားပေးလိုစိတ်၊ စံနမူနာယူ၍ သူတို့လိုကြိုးပမ်း အားထုတ်လိုစိတ်၊ သူတို့၏အောင်မြင်မှုများကို သူတို့နှင့်ထပ်တူ ပီတိပွားလျက် နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် သည်လိုလူတွေ အများကြီးလိုပါကလားဟူသော အသိကလေးများ အနည်းငယ်မျှ ရရှိလိုက်သည်ဆိုလျှင် ရေးရကျိုးနပ်ပေပြီ။ အချိန်တိုအတွင်း လက်လှမ်းမီသမျှ လေ့လာရေးသားရခြင်းဖြစ်၍ နိုင်ငံတော်တွင် ဤစာအုပ်၌မပါရှိသေးသော အလားတူစက်မှုစွမ်းအားရှင်များ ကျန်ရှိနိုင်ပါသေးသည်။ ကျန်ရှိနေသေးသောပုဂ္ဂိုလ်များကလည်း နားလည်ခွင့်လွှတ်နိုင်မည်ဟု ယုံကြည်မိပါသည်။

စာဖတ်သူ ပရိသတ်အား အစဉ်လေးစားလျက်-

✸ မြင့်သူရ ✸

## မြန်မာပြည်တွင် အကြီးဆုံး သံရည်ကျို လုပ်ငန်းရှင် ဦးဝင်း

ဦးဝင်း (ခေါ်) ဦးဝဲ၏အိမ်သို့ လွန်ခဲ့သည့် လေးနှစ်ခန့်ကတစ်ကြိမ်ရောက်ခဲ့ဖူးသည်။ ယခုတစ်ဖန် သွားရောက်တွေ့ဆုံသောအခါ ကိုယ်ခန္ဓာခပ်သေးသေး၊ ကျစ်ကျစ်လျစ်လျစ်၊ စကားပြောသွက်လက်သော ဦးဝင်း၏ပုံစံသည် မည်သို့မျှမပြောင်းလဲ။ အသက် ၇၀ ရှိပြီဖြစ်သော်လည်း လွန်ခဲ့သည့် လေးနှစ်ကမြင်ရသည့်အတိုင်းပင် လူငယ်တစ်ဦးပမာ ကျန်းမာသွက်လက် ဖြတ်လတ်ဆဲ ဖြစ်သည်။

သာကေတမြို့နယ်၊ ၃ ရပ်ကွက်၊ မာန်ပြေ ၁၁ လမ်း၊ အမှတ် ၄၅၀ အိမ်ထဲသို့ဝင်လိုက်သည်နှင့် စာရေးသူအား ပင်ကိုအပြုံးဖြင့် ဝမ်းပန်းတသာ နှုတ်ဆက်ခရီးဦးကြိုပြုသည်။ လူပုံစံက အရင်ကအတိုင်း မပြောင်းလဲသော်လည်း သူ့တိုက်အိမ်နှင့် ပတ်ဝန်းကျင်အဆောက်အအုံမြင်ကွင်းများက များစွာပြောင်းလဲသွားပြီကို သတိပြုမိလိုက်သည်။

ဦးဝင်းသည် ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သပြုရွာသား ဖြစ်ပြီး တောင်သူလယ်သမားများဖြစ်ကြသော ဦးဘိုးရင်၊ ဒေါ်အုတ်ကြီးတို့မှ မွေးဖွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ခေတ်က သပြုကျောင်းတွင်မြန်မာလို ခုနစ်တန်းအောင်သည်အထိ ပညာသင်ကြားခဲ့သည်။ ဦးဝင်း၏ဘဝအတွေ့အကြုံ ပြောစကားများမှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းပေသည်။

'ကျုပ် ကျောင်းသားဘဝကတည်းက ရွာမှာ လယ်ထွန်တဲ့ ထယ်သွား ထွန်သွားတွေ၊ ကျားတံဆိပ်အလေးတွေ၊ မီးပူတွေ ထုတ်လုပ်နေကြပြီ။ ဂျပန်ခေတ်ကတည်းက ဆိုပါတော့၊ အတွင်ကျယ်ဆုံး လုပ်ကိုင်ကြတာကတော့ သတ္တုနဲ့လုပ်တဲ့ဖွန်း၊ ပန်းကန်ပြား၊ ပန်းကန်လုံး၊ ဒယ်အိုး၊ လက်ဖက်ရည်အိုးတွေပါပဲ။ အလုပ်ရှင်သူဌေးက အနယ်နယ်အရပ်ရပ်က လေယာဉ်ပျက်တွေ သွားဝယ်ပြီး လေယာဉ်ပျက်ကရတဲ့သတ္တုတွေနဲ့ ထုတ်လုပ်တာပါ။ ဂျပန်နဲ့အင်္ဂလိပ် လေကြောင်းတိုက်ပွဲဖြစ်ပြီဆိုရင် ရွာသားတွေက ဘကြီးပန်နိုင်ပါစေလို့ ဆုတောင်းကြတယ်။ ဘကြီးပန်ဆိုတာက ဂျပန်ကိုပြောတာပါ။ အင်္ဂလိပ်လေယာဉ်တွေက ပိုကြီးတော့ ဘကြီးပန်နိုင်မှ အင်္ဂလိပ်လေယာဉ်တွေ ပျက်ကျမယ်။ ဒါမှ ကုန်ကြမ်းများများရ အလုပ်များများဖြစ်မယ်ပေါ့လေ။ အဲဒီတုန်းကများ ကျုပ်စိတ်ထဲမှာ ကောင်းကင်ထဲက လေယာဉ်တစ်စင်း ဖြတ်သွားတာမြင်တိုင်း "ဒင်းတော့ တစ်နေ့ တို့လက်ထဲရောက်ရမှာပါ" လို့ကြိမ်းခဲ့မိတယ်။ အဲဒီကနေပြီး ကျုပ် လွတ်လပ်ရေးရပြီးခါမှ ရန်ကုန်ရောက်လာတယ်။

ရန်ကုန်ရောက်လာတော့ မရမ်းကုန်းရှစ်မိုင်လမ်းဆုံ၊ ယခင်ဂတ်တဲ (ယခုစီးတီးဟိုတယ်)နေရာမှာ တည်ဆောက်ထားတဲ့ ဦးဘိုးဆိုင်၊ ဦးဘိုးမြိုင်တို့ရဲ့ 'မောင်ဆိုင်ဘရားသား'လုပ်ငန်းမှာ အလုပ်သမားလေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့တယ်။ သံရည်ကျိုပညာကို သပြုရွာသားဦးဘိုးဆိုင်ဆီကပဲ ရခဲ့တာပါ။ ဦးဘိုးဆိုင်ရဲ့အဖေ ဦးဘိုးနီဆိုရင် ဘယ်လောက်စည်းကမ်းကြီးသလဲဆို သူ့ဆီမှာအလုပ်လုပ်နေသူတစ်ဦး သံတစ်စ စဉ်တာကိုမြင်ရင် ဒဏ်တစ်မတ်ရိုက်တယ်။ အဲဒီအချိန်က သံတစ် တန်ကို ၂၀ ကျပ်၊ လုံချည်တစ်ထည် ခြောက်မူးပဲ ရှိသေးတယ်။

သပြုကလာတော့ ကျုပ်တို့ညီအစ်ကိုသုံးယောက် ပါလာတယ်။



အစ်ကိုဖြစ်သူက ဦးစံညွန့်၊ ညီဖြစ်သူက ဦးသက်(ယခုမြောက်ဥက္ကလာပမှာ သံရည်ကျိုနဲ့ စက်မှုလုပ်ငန်း ကြီးကြီးမားမားလုပ်နေသူ) ဖြစ်ပါတယ်။ မောင်ဆိုင်ဘရားသားကထွက်ပြီးတဲ့နောက် ကိုယ်ပိုင်သံ ရည်ကျိုလုပ်ငန်းအနေနဲ့ ဦးသက်နဲ့အတူလုပ်တယ်။ နောက်ဦးစံညွန့်နဲ့အတူလုပ်တယ်။ ဦးစံညွန့်ကတော့ ဆုံး သွားရှာပါပြီ။ အဲဒီမှာလုပ်ရင်း ညီအစ်ကိုနှစ်ယောက်တိုင်ပင်တယ်။ တို့လုပ်နေတာက ကပြားအလုပ်ပဲ၊ စက်မှု လက်မှုတကယ်လုပ်တတ်အောင် ပုဇွန်တောင်က ဦးဟုတ်လှိုင်၊ ဦးဟုတ်တန်တို့ဆီ သွားလုပ်ကြရအောင်ဆိုပြီး သွားလုပ်တယ်။ သူတို့စက်ရုံက ဘီပီအိုင်နဲ့ မျက်နှာချင်းဆိုင်မှာရှိတယ်။ သံရည်ကျိုနဲ့ဝပ်ရှော့ တွဲထားတယ်၊ ဆန်စက်ပစ္စည်းတွေ ဆန်စက်လည်တဲ့အထိ ထုတ်လုပ်ပေးတယ်။ အပိုပစ္စည်းတွေလည်း ထုတ်လုပ်တယ်။ အဲဒီမှာ ကျုပ်ဒုဖိုမင်အဖြစ် လုပ်ကိုင်ခဲ့ပြီး ပြည်သူပိုင်သိမ်းတဲ့အချိန်မှာ အလုပ်ကထွက်ခဲ့တယ်။ ပြီးနောက် ကိုယ်ပိုင်သံရည်ကျိုလုပ်ငန်း ထူထောင်လုပ်ကိုင်ခဲ့တာ ယခုအထိပဲ။

အရင်ကတော့ တစ်တန်ခွဲတွင်ခုံတွေ ထုတ်လုပ်ခဲ့တယ်။ အခု နှစ်တန်တွင်ခုံတွေ ဒဂုံမြို့နယ် ၆၄-ရပ်ကွက်မှာ ထုတ်လုပ်နေတယ်။ မြန်မာပြည်မှာ သံရည်ကျိုပြီး ထုတ်လုပ်နေတဲ့ တွင်ခုံထုတ်လုပ်ရေးလုပ်ငန်းမှာ အကြီးဆုံးပါပဲ၊ တောင်ဒဂုံစက်မှုဇုန်မှာ တွင်ခုံနဲ့ ချပ်တွေထုတ်ရောင်းနေတဲ့ ဦးသောင်းဆိုရင် စက်မှုလက်မှုလောကမှာ မသိသူ ရှားပါတယ်။ အဲဒီ ဦးသောင်းဆီကို ကျုပ်ရောင်းပေးတဲ့တွင်ခုံ ၁၇၀ ရှိသွားပြီ။ တွင်ခုံတစ်ခုဖြစ်အောင် လောင်းဖို့က မကြာပါဘူး။ လုပ်ငန်းပြင်ဆင်တာပဲကြာတယ်။ သံရည်ကျိုတာက သုံးနာရီလောက်ပဲကြာပါတယ်။ သံရည်ကျိုတဲ့နေရာမှာ ကုန်ကြမ်းအဖြစ် အိမ်ရိုက်သံအဟောင်းတွေ၊ ကားပျက်တွေ၊ စည်ပိုင်းပျက်တွေ၊ စက်ပစ္စည်းအပျက်တွေကို သံကြွပ်ဖြစ်အောင် ကျိုရပါတယ်။ မနက်အိပ်ရာထတာနဲ့ သာကေတရွှေခင်းသာမှာရှိတဲ့ သံရည်ကျိုဖိုကို သွားကြည့်ပါတယ်။ အဲဒီမှာ သားတွေနဲ့ ကြီးကြပ်စေခိုင်းထားတယ်။ သားအကြီးဆုံးက ဒဂုံမှာ တွင်ခုံတွေဆင်ပြီးရောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်လာလျှင် ပျော်ခဲ့ရသော ဦးဝင်း



အခုဆိုရင် တောင်သူဝိုင်းလို့ခေါ်တဲ့ ဆန်စက်(ဟာလာစက်)တွေ ဇရာဝတီတိုင်းတစ်တိုင်းလုံးလိုလို ကျုပ်ပဲ ထုတ်လုပ်ပေးနေတာပါ။ ဒါတွင်မက မြန်မာတစ်ပြည်လုံး ရေခဲစက်တွေ ကျုပ်ပဲလောင်းပေးနေပါတယ်။ မန္တလေးအမြောက်တပ် အပါအဝင် တစ်ပြည်လုံးကစက်တွေ ကျုပ်ပဲလောင်းပေးတာပါ။ ရေခဲစက်လောင်းတဲ့နေရာမှာ သံလုံ့ဖို့ သိပ်အရေးကြီးပါတယ်။ သံမလုံရင် အပွင့်ကျဲတဲ့ကြားက အမိုးနီးယားအနံ့ထွက်ရင် စက်ပိုင်ရှင်တော့ ငွေခဏခဏကုန်ပြီး မွဲပြီသာမှတ်။ ဒါကြောင့် တော်ရုံသံရည်ကျိုတတ်ရုံနဲ့ မရဘူး။ ကုန်ကြမ်းသန့်ရမယ်။ စပ်နည်းမှန်ရမယ်။သံဆိုရင်သုံးလို့မရတာမရှိ၊ သံကြွပ်၊ သံမဏိအားလုံး ထုတ်လို့ရတယ်။ Gas နဲ့ နန်းလုံးခွဲတဲ့အပေါ် မူတည်တာပါပဲ။

ဦးဝင်းက ရေနွေးကြမ်းကလေး တစ်ကျိုက်မော့လိုက်၊ ဆက်ပြောလိုက်နှင့် အားရပါးရ ပြောပြနေသည်။

ဒါထက်ပြောရဦးမယ်။ တောင်ဒဂုံက ဦးသောင်းက နိုင်ငံခြားက တွင်ခုံတစ်ခု ဝယ်လာတယ်။ ၁၀ တန်ခုံ လောက်ရှိမယ်။ အပေါ်ပိုင်းပါမလာဘူး။ အပေါ်မှာပြေးတဲ့ဗန်းကပဲ လေးတန်ခွဲလောက်လုပ်ရမယ်။ ဂျပန်တွင်ခုံပေါ့။ အဲဒါ ဒီကလူတွေတချို့က ဂျပန်ပစ္စည်းဆိုတာ မယုံဘူး။ ဂျပန်တစ်ယောက်ရောက်လာတော့မှ အဲဒါဂျပန်ခုံ၊ နီပွန်ခုံ၊ ဂျပန်တွေ စက်မှုလက်မှုမတိုးတက်ခင်ကတည်းက ထုတ်လုပ်ခဲ့တဲ့နီပွန်ခုံလို့ ပြောမှယုံကြတယ်။ အဲဒီတွင်ခုံကြီးလည်း ကျုပ်ပဲလုပ်ပေးရမှာပဲ။

နောက်တစ်ခါ ဖေယျာဝတီနဲ့မျဉ်းမနားသကြားစက် တွေမှာအသုံးပြု တဲ့ ဘွိုင်လာကြီးကို လော်လီကားကြီးနဲ့တင်ပြီး ပြတယ်။ မိုထုတ်ရင် ဘယ်လောက်ကြာမလဲ၊ လောင်းရင်ဘယ်လောက်ကြာမလဲ၊ လိုအပ်တဲ့ငွေကိုလည်း တောင်းပါတဲ့။ ဒါနဲ့ ကျုပ်က ကျုပ်တပည့် မောင်ခင်အေးကို "ကဲ–ပေကြိုးနဲ့သွားတိုင်းပြီး ဒီနိုင်းဆွဲလာစမ်း" ဆိုတော့ မောင်ခင်အေးက ပြောတဲ့အတိုင်း လုပ်တယ်။ ကျုပ်က သူဆွဲလာတဲ့ပုံကိုကြည့်ပြီး "ကဲ–ပြီးပြီ၊ ခင်ဗျားတို့ဘွိုင်လာကြီး ကားနဲ့ပြန်တိုက်သွားတော့" ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လက်ခံလိုက်တယ်။ ကျုပ်ကကျသင့်ငွေ ကျပ်နှစ်သိန်းတောင်းတယ်။ သူတို့က သုံးသိန်းထုတ်ပေးသွားတယ်။ တစ်ပတ်အတွင်းမှာ နောက်တစ်လုံး လာပို့ဦးမယ်တဲ့။

ကျုပ်လုပ်တာကိုင်တာကို ဂျပန်တွေကလာကြည့်ပြီး "ဖော်မြူလာ ဘယ်လိုစပ်သလဲ၊ အင်္ဂလိပ်လိုတတ်သလား" လို့မေးတယ်။ ကျုပ်က "မတတ်ဘူး၊ ခုလိုဖြစ်လာအောင် ပျက်သွားတဲ့ အပျက်ကိုကြည့်ပြီး ကောင်းအောင် လုပ်လိုက်တာပဲ" လို့ပြောလိုက်တော့ ဂျပန်တစ်ယောက်က ကုုပ်လက်ကိုဆွဲပြီး "ဒီလက်ကပြဖ်တာပေါ့နော်" လို့ ပြောသွားတယ်။ ကျုပ်သားတွေကိုလည်း ဂျပန်ကိုပညာသင်လွှတ်ဖို့ တိုက်တွန်းသွားတယ်။ သြစတြေးလျက သောမတ်ဆိုတဲ့မိတ်ဆွေကလည်း ကျုပ်ကိုသဘောကျလို့ သူ့ဦးထုပ် လက်ဆောင် ပေးသွားတယ်။ ဩစတြေလျကိုလာမယ်ဆိုရင် ကြိုဆိုလျက်ပါတဲ့။ လာတဲ့အခါ ဒီဦးထုပ်သာဆောင်းလာခဲ့ပါ။ သူတို့ ကုမ္ပဏီကလူတွေက သိတယ်တဲ့။

ကျုပ်အထူးပြောချင်တာက လမ်းကြိတ်စက်ကြီးတွေလို့ တန်မိုးကို ခုံစမ်းကြည့်လိုက်တော့ ကျပ်သိန်း ၆၀ တဲ့၊ ကုုပ်လောင်းရင် ငါးသိန်း လောက်ပဲကုန်မယ်။ နိုင်ငံခြားငွေတွေ နမြောလိုက်တာဗျာ။ ကျုပ်လုပ်ပြ ချင်ပါတယ်။ တစ်ခုတော့ရှိတာပေါ့လေ။ သံရည်ကျိုတဲ့နေရာမှာ မရှိမဖြစ်တဲ့ ရေနံမီးသွေးကို သက်ဆိုင်ရာက အပြည့်အဝရရင်၊ သူများတွေဆီက ဈေးကြီးပေးပြီး တစ်ဆင့်ဝယ်မသုံးရတော့ဘူးဆိုရင် "သံသေတစ်ပြည်ဝ" ဆိုတဲ့အတိုင်း အလုပ်လုပ်ရမှာကို ကျုပ်မကြောက်ဘူး။ လုပ်ပြစမ်းချင်ပါ တယ်။

စက်မှုလက်မှုလုပ်ငန်း၏ အခြေခံ သံရည်ကျိုအတတ်ပညာကို ရှေ့မီ နောက်မီ တတ်မြောက်လုပ်ကိုင်ဆောင်ရွက်နေသော ဦးဝင်း၏ တက်ကြွ သည့် စိတ်ဓာတ်၊ အားမာန်များနှင့် နိုင်ငံတော်အပေါ်ထားသည့် စေတနာကို လေးစားအားရ ဂုဏ်ယူမိပါသည်။

➤➤➤➤➤

## စက်မှုလက်မှုပခင်ကြီး ဦးရန်အောင်

မြန်မာ့စက်မှုလက်မှုပြပွဲ ၉၆ သို့ စာရေးသူသွားရောက် ကြည့်ရှု လေ့လာခဲ့စဉ်က သံဆူးကြိုးထုတ်လုပ်သည့် စက်များနှင့် သံဆန်ခါထုတ်လုပ် သည့်စက်များဖြင့် ကုန်ထုတ်လုပ်ပြသည့်ပြခန်းကို များစွာ စိတ်ဝင်စား မိခဲ့သည်။ ခြံစည်းရိုးကာရာတွင်လိုအပ်သည့် သံဆူးကြိုးကြိုးများ၊ အိုးအိမ် အဆောက်အအုံများတွင် အသုံးပြုကြသည့် သံဆန်ခါအမျိုးမျိုးကို ယခင်က နိုင်ငံခြားမှ တင်သွင်းခဲ့ရသည်ဟု သိထားခဲ့ရပြီး ယခု ပြည်တွင်းဖြစ် စက်များဖြင့် ထုတ်လုပ်ပြသနေသည့် "လူသစ်စက်မှုလက်မှု" ပြခန်း ပြကွက်ကို တွေ့မြင်ရသောအခါ စိတ်မဝင်စားဘဲ မနေနိုင်အောင် ဖြစ်ရသည်။

ထိုစက်များနှင့် ထုတ်လုပ်မှုအခြေအနေအရပ်ရပ်ကို သေချာစွာစူးစမ်း လေ့လာရန် အချိန်နည်းနေသဖြင့် စက်ရုံသို့နောက်မှ လာရောက်လေ့လာ ပါမည်ဟု ပြောပြီး လိပ်စာကတ်ပြားကလေးကို တောင်းထားလိုက်သည်။ ယခုတော့ လူသစ်စက်မှုလက်မှုလုပ်ငန်းတည်ရှိရာ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ကျိုက်ဝိုင်းဘုရားအနီး သန့်ဇင်လမ်း၊ ခြံအမှတ်–၂၄ သို့ ခြေဦး လှည့်ခဲ့ရပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်နှစ်မိုးတွင်း၌ ရန်ကုန်မြို့တွင် မိုးရွာသည့်ရက်ထက် နေသာသည့်ရက်က များနေသည်။ ယခုလည်း ဝါခေါင်လကုန်၍ တော်သလင်းလဆန်းခါစပဲ ရှိသေးသည်။ နေကကျဲကျဲတောက်ပူနေသည်။ သန့်ဇင်လမ်းထဲ ချိုးဝင်လိုက်ပြီး မကြာမီမှာပင် လူသစ်စက်မှုလက်မှုလုပ်ငန်း စက်ရုံဝင်းသို့ ရောက်ရှိသည်။ စက်ရုံဝင်းတံခါးကြီး ပိတ်ထား၍ အတွင်းမှလူတစ်ယောက်ကို လှမ်းခေါ်လိုက်ရာ တံခါးလာဖွင့်ပေးသည်။ အတွင်း၌လည်း စက်ရုံအဆောက်အအုံတံခါးမကြီး ပိတ်ထား၍ "ဒီနေ့ အလုပ်ပိတ်ထားတာလား" ဟု မေးလိုက်ရာ ထိုသူက "မဟုတ်ပါဘူး၊ အလုပ်သမားတွေ ထမင်းစားချိန် ခဏပိတ်ထားတာပါ"ဟု ဖြေသည်။

"စက်ရုံပိုင်ရှင် ဦးရန်အောင်နဲ့ တွေ့ချင်လို့ပါ"ဟု ပြောရာ ထိုသူက "ခဏစောင့်ပါဦး"ဟု ပြောပြောဆိုဆိုနှင့် စက်ရုံတံခါးကြီးဖွင့်ပေးသဖြင့် စက်ရုံရုံးခန်းရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ဝင်ထိုင်လိုက်သည်။ ခဏအကြာတွင် စာရေးမလေး ရောက်လာပြီး ဦးရန်အောင်အိမ်သို့ သွား၍ အကြောင်းကြားပေးသည်။ ဦးရန်အောင်အိမ်က စက်ရုံတည်ရှိရာဝင်းကြီးအတွင်း စက်ရုံနောက်ဘက်၌ ရှိသည်။

ခဏအကြာတွင် ဦးရန်အောင်ရောက်ရှိလာသည်။ သူသည် အသက် ၇၂ နှစ် ရှိပြီဖြစ်သော်လည်း သွက်လက်ဖြတ်လတ်ဆဲရှိသည်။ သူသည် ပန်းတနော်ဇာတိဖြစ်ပြီး (အဘ) ဦးစစ်ရီး၊ (အမိ) ဒေါ်ကျင်ညွန့်တို့မှ မွေးဖွားခဲ့သည်။ ၁၀ တန်းအထိ ပညာသင်ကြားခဲ့သည်။ စက်မှုလက်မှုလောကတွင် ရေ့မီနောက်မီ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ပေသည်။ ကျွန်တော့်အား ရင်းနှီးဖော်ရွေစွာ နှုတ်ဆက်ပြီး ကျွန်တော်သိလိုသမျှ၊ မေးသမျှ သူ့အကြောင်း၊ သူ၏လုပ်ငန်းအကြောင်းနှင့် အတွေ့အကြုံများ ကို ကရားရေလွှတ် တတွတ်တွတ် ပြောပြတော့သည်။

ဦးရန်အောင်သည် တိုင်းပြည်လွတ်လပ်ရေး မရခင်ကတည်းက စက်မှုလက်မှုလုပ်ငန်းများကို အခြေချလုပ်ကိုင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ခေါင်းလောင်းတံဆိပ် ခေါက်ဆွဲခြောက် လုပ်ငန်း၊ လက်မထောင် တံဆိပ်



ဘီစကွတ်လုပ်ငန်း၊ လက်မထောင်တံဆိပ် အဝတ်လျှော်ဆပ်ပြာ၊ KK အမှတ်တံဆိပ် အဝတ်လျှော်ရောင်စုံဆပ်ပြာနှင့် မှန်ညင်းရွက်တံဆိပ် ပဲငံပြာရည် လုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ ၁၉၅၇ ခုနှစ်က Industrial Development Corporation အစီအစဉ်ဖြင့် ဝန်ကောက်၊ ဟောင်ကောင်နှင့် တရုတ်နိုင်ငံများသို့ ဘီစကွတ်မုန့်လုပ်စက် ဝယ်ယူရန် သွားရောက်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် စင်ကာပူသို့ သွားရောက် ခဲ့သည်။ ၁၉၆၁ ခုနှစ်ကလည်း အစိုးရ၏ စက်မှုလက်မှုလေ့လာရေး အဖွဲ့ဝင်တစ်ဦးအဖြစ် နိုင်ငံခြားခရီးများ သွားရောက်ခဲ့သည်။

"ကျုပ် ဟောင်ကောင်ကို ရောက်ခဲ့တုန်းကလည်း လမ်းပေါ်တံတွေး ထွေးတဲ့လူကို ဒေါ်လာ ၅၀ ဒဏ်ရိုက်တာ တွေ့ခဲ့ဖူးတယ်။ အဲဒီလူကို ရဲက လမ်းပေါ်တံတွေးထွေးလို့ ဖမ်းပြီးအရေးယူရတဲ့အကြောင်း ပြောတော့ သူကနောက်ထပ် ကိုးခါထပ်ထွေးပြီး ဒေါ်လာ ၅၀၀ ဆောင်သွားတယ်။ သူတို့ဆီမှာက ထပ်ထွေးချင်ထွေးပြီး ကျသလောက်ဆောင်တော့လည်း ရတယ်။ တိုင်းပြည်အတွက် ပိုက်ဆံရဖို့အရေးကြီးတယ်လေ။ စင်ကာပူ ရောက်တော့လည်း ဆေးလိပ် သောက်ရင် ဒေါ်လာ ၅၀၀ ဆောင်တာ တွေ့ရတယ်။ ရဲတွေက အရပ်ဝတ်နဲ့ လူတွေကြားထဲ လျှောက်သွားပြီး လျှပ်တစ်ပြက်ဖမ်းတာ၊ လူတွေဟာ ဥပဒေနဲ့ဒဏ်ငွေကို ကြောက်ပြီး စည်းကမ်းထိန်းသိမ်း ဆင်ခြင်လာကြတော့ မြို့ကသန့်ရှင်းနေတာပဲ။ ခြင်တို့၊ ယင်တို့မရှိဘူး၊ နောက် စင်ကာပူမှာ ရုံးတက်ချိန် ကိုယ်ပိုင်ကားလေးတွေနဲ့သွားကြတယ်။ မြို့ဝင်ကြေးက ကားတစ်စီး သုံးဒေါ်လာ ပေးဆောင်ရတယ်။ ဒါပေမယ့် လူလေးယောက်စီးရမယ့်ကားကို သုံးယောက်ထဲ စီးသွားလို့ ရဲကမှတ်သွားတာနဲ့ ရုံးမှာသွားပြီး ဒေါ်လာ ၄၀ ဆောင်ရတယ်။ ဘာကြောင့်လဲဆိုတော့ ဒီခရီးကို ကားတစ်စီး ဓာတ်ဆီကုန်တာခြင်းအတူတူ လေးယောက်သွားလို့ရတဲ့ခရီးကို သုံးယောက်ထည်း စီးသွားတော့ လူတစ်ယောက်စာဓာတ်ဆီ ပိုဖြုန်းတဲ့အတွက် ဒဏ်ရိုက်ခြင်းပါပဲ။ ဓာတ်ဆီလည်း အလကား မကုန်အောင်၊ ယာဉ်ပိတ်ဆို့မှုလည်း မဖြစ်အောင် ရုံးသွားဆောင်

www.burmeseclassic.com



စိတ်ဝင်စားဖွယ် ပြောပြ
နေသော ဦးရန်အောင်



နိုင်းတာပါပဲ။ အဲဒီတော့ လူလေးယောက်မပြည့်ရင်ပြည့်အောင် ကြုံတဲ့လူကို ခေါ်တင်သွားကြတယ်။ အဲဒီလိုခေါ်တင်လို့ ကားကြုံလိုက်စီးသူကို ခေါ်တင်သူကတောင် ကျေးဇူးတင်ကြရတယ်။ ကားရပ်တာ သတ်မှတ်ချိန်ကျော် ရင်လဲ ဒေါ်လာ ၄၀ သွားဆောင်ရတယ်။ သူတို့ဆီမှာ အဲဒီဒဏ်ကြေး ဝင်ငွေရတာနဲ့ ဝန်ထမ်းတွေစရိတ် ကျေပါတယ်။ ဒါဟာနည်းယူစရာပါပဲ။ သူတို့ဆီမှာ လျှပ်စစ်ဓာတ်အားကိုလည်း ချွေတာသုံးကြတယ်။ စက်ရုံ အလုပ်ရုံတွေကို ဦးစားပေးပြီးအသုံးပြုစေတယ်။ ဓာတ်အားများများသုံးလေ အဲဒီစက်ရုံဆီက ဓာတ်အားခ ပိုလျှော့ယူလေပဲဗျ။ စက်မှုလက်မှုထွန်းကားအောင် တွန်းအားပေးမှု တစ်ရပ်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၁၉၅၈ ခုနှစ်လောက်က စက်မှုလက်မှုတိုးတက်မှုဟာ အရှေ့တောင်အာရှမှာ ထိပ်ဆုံးမှာရှိခဲ့ပါတယ်။ စီးကရက်စက်ရုံ၊ နိုင်လွန်စက်ရုံတွေ အများကြီးရှိခဲ့တယ်။ အဲဒီအချိန်က အိမ်နီးချင်းနိုင်ငံတွေမှာ အဲဒီလို အခြေအနေမျိုး မရှိခဲ့သေးဘူး။ အဲဒီတုန်းက ခေါက်ဆွဲတို့၊ ဘီစကွတ်တို့ နိုင်ငံခြားက အများကြီးသွင်းလာလို့ ကျွန်တော်ပြောခဲ့ရသေးတယ်။ ပြောတော့သက်ဆိုင် ရာက ပိတ်ပေးပါတယ်။ အဲဒီလိုနဲ့ ပြည်တွင်းမှာ ဘီစကွတ်စက်ရုံတွေ၊ ခေါက်ဆွဲခြောက်ထုတ်လုပ်တဲ့ စက်ရုံတွေ အများကြီး ပေါ်ပေါက်ခဲ့ပါတယ်" ဟူ၍ ဦးရန်အောင်က သူ့အတွေ့အကြုံများနှင့် ယှဉ်ပြီးပြောပြသည်။

ပြည်တွင်း၌လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံများကို စာရေးသူက ဆက်လက်မေးမြန်းရာ "၁၉၅၈ ခုနှစ်က စင်ကာပူနိုင်ငံကို ထပ်မံရောက်ရှိတော့ အဲဒီမှာ သံဆန်ခါလုပ်တဲ့စက်တွေတွေ့လို့ ကျွန်တော်သဘောကျတယ်။ အဲဒါနဲ့ အဲဒီစက်တွေဝယ်ယူတင်သွင်းခွင့် လျှောက်ထားခဲ့ပြီး သံဆန်ခါအတွန့်လေးတွေနဲ့ လေးထောင့်သံဆန်ခါ ထုတ်လုပ်တဲ့ စက်နှစ်လုံး ဝယ်ယူတင်သွင်းခွင့် ရရှိခဲ့တယ်။ ဒါပေမယ့် ဝယ်ယူတင်သွင်း ခွင့်လိုင်စင်ရတဲ့အချိန်မှာ လေးထောင့်သံဆန်ခါစက်ဟာ မူလဈေးထက် များစွာတက်သွားလို့ မဝယ်ဖြစ်ခဲ့ဘူး။ အဲဒီစက်တွေရဲ့ တည်ဆောက်ပုံတွေကိုတော့ ကျွန်တော် သေသေချာချာ လေ့လာခဲ့ပါတယ်။

www.burmeseclassic.com





သံဆူးကြိုး ထုတ်လုပ်သည့်
စက်နှင့် သံဆန်ခါထုတ်
လုပ်သည့်စက်



၁၉၅၈ ခုနှစ် ကုန်ခါနီးမှာတော့ Crimp Netting Square Mesh လို့ခေါ်တဲ့ အတွန့်နဲ့ လေးထောင့်သံဆန်ခါကွက် ပြုလုပ်တဲ့စက်ကို ပြည်တွင်းမှာပဲ ကျွန်တော် အောင်မြင်စွာ တီထွင်ထုတ်လုပ်နိုင်ခဲ့တယ်။ ၁၉၅၉ ခုနှစ်မှာတော့ ဂျပန်နိုင်ငံက ဆနွင်းမကင်းကွက် ခြံခတ် သံဆန်ခါလုပ်တဲ့စက် ( Chain-Link Fencing Machine ) နဲ့ သံဆူးကြိုး ထုတ်တဲ့စက် ( Barbed Wire Machine ) တွေကို မှာယူတင်သွင်းခဲ့တယ်။ အဲဒီစက်တွေနဲ့ အတွန့်၊ လေးထောင့်သံဆန်ခါ၊ ဂဟေဆက်သံဆန်ခါ၊ ခြံခတ်သံဆန်ခါနဲ့ သံဆူးကြိုးခွေတွေကို ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်နဲ့ ထုတ်လုပ်ပေးလာခဲ့တဲ့အတွက် သံဆူးကြိုး၊ သံဆန်ခါနဲ့ ပတ်သက်လို့ လူသိများလာခဲ့တာ ဖြစ်ပါတယ်။

လူသစ်စက်မှုလက်မှုလုပ်ငန်းအနေနဲ့ ၁၉၉၃ ခုနှစ် ကစပြီး သံဆန်ခါလုပ်တဲ့စက်တွေကို ထုတ်လုပ်ဆောင်ရွက်ခဲ့ပါတယ်။ လူသစ်ဆိုတဲ့အမည်က "လူသစ်စိတ်သစ်" ဆိုတဲ့စကားလုံးကို ကျွန်တော်ကြိုက်နှစ်သက်တဲ့အတွက် ကြောင့်သုံးခဲ့တာပါ။ စက်တွေတည်ဆောက်ထုတ်လုပ်ရတာ ကုန်ကျစရိတ်ကြီးမားလှပါတယ်။ ဒါပေမယ့် ပြည်တွင်းမှာ အမှန်တကယ်လိုအပ်နေတဲ့ ဒီလိုစက်မျိုးတွေကို နိုင်ငံခြားက တင်သွင်းမယ်ဆိုရင် နိုင်ငံခြားငွေ အမြောက်အမြားကုန်ကျမှာဖြစ်လို့ ပြည်တွင်းမှာဖြစ်အောင် ကြိုးစားထုတ်လုပ်နေခြင်း ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင် ဦးစီးပြီးတော့ ထုတ်လုပ်နေတဲ့ စက်တွေကတော့ ခြံခတ်သံဆန်ခါ ထုတ်လုပ်တဲ့စက်(ဆနွင်းမကင်းကွက်)၊ သံဆူးကြိုး ထုတ်လုပ်တဲ့စက်၊ သံဂဟေဆက်လေးထောင့်သံဆန်ခါ ထုတ်လုပ်တဲ့စက်နဲ့ အတွန့်လေးထောင့်သံဆန်ခါ ထုတ်လုပ်တဲ့စက်တွေဖြစ်ပါတယ်။ ဒီစက်တွေကို မော်တာ V belt ကောင်တာဂိတ် (Counter Guage ) ကလွဲလို့ ပြည်တွင်းဖြစ် ပစ္စည်းတွေနဲ့ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ စက်တွေက နိုင်ငံခြားစံချိန်မီတဲ့ အတွက် မလေးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားစတဲ့ နိုင်ငံတွေက ကျွန်တော့်စက်တွေကို ဝယ်ယူဖို့ ကမ်းလှမ်းထားကြပါတယ်။" ဟူ၍ ဦးရန်အောင်က ဝမ်းသာအားရ ပြောပြနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(မှတ်ချက်။ ဦးရန်အောင်၏လှသစ်စက်မှုလက်မှုစက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံကထုတ်လုပ်သော သွပ်ဆူးကြိုးစက်များ အင်ဒိုနီးရှားနိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့ရောင်းချခြင်းအခမ်းအနားကို ၂၅-၁၂-၉၉ ရက်နေ့က ကျင်းပခဲ့သည်။ စက်နှစ်လုံးတင်ပို့ခြင်းဖြစ်ပြီး နောက်ထပ်စက်ရှစ်လုံးကို အင်ဒိုနီးရှားနိုင်ငံက ထပ်မံမှာယူထားကြောင်း သိရသည်။)

ဆက်လက်၍ ကျွန်တော်က စက်ရုံ၏လုပ်သားအင်အားနှင့် ထုတ်လုပ်နိုင်မှုစွမ်းအားကို မေးမြန်းရာ “လှသစ်စက်မှုလက်မှုလုပ်ငန်းစက်ရုံမှာ ပုံမှန်လုပ်သားအင်အား ၁၅ ယောက်ရှိပါတယ်။ ထုတ်လုပ်နေတဲ့စက်တွေရဲ့စွမ်းအားကိုပြောရမယ်ဆိုရင် သံဆူးကြိုးစက်က အလုပ်ချိန်ရှစ်နာရီမှာ ၈၅၅ ပေါင်မှ ၁၂၁၉၅ ပေါင်အထိ ထုတ်လုပ်နိုင်ပါတယ်။ ခြံခတ်သံဆန်ခါစက်ဆိုရင် (ဆန္ဒင်းမကင်းပုံ)အလုပ်ချိန်ရှစ်နာရီမှာ စတုရန်းပေ ၁၀၀၀ မှ ၂၅၀၀ အထိထွက်ပါတယ်။ စက်တွေရဲ့ ဈေးနှုန်းက သံဆူးကြိုးစက် ကျပ် ၁၀ သိန်းခန့်၊ ခြံခတ်သံဆန်ခါစက်က ကျပ် သုံးသိန်းခွဲခန့်ရှိပါတယ်။ လက်ရှိစက်ရုံသုံးဖို့လျှပ်စစ်ဓာတ်အား 10 H.P သုံးခွင့်ပေးထားပါတယ်။ ဒီဝပ်အားဟာ သံဆန်ခါစက်တွေထုတ်တဲ့တွင်ခုံ၊ ဖောက်ခုံတွေအပိုင်းလောက်ပဲ လုံလောက်ပါတယ်။ လုပ်ငန်းတစ်ခုလုံး လည်ပတ်နိုင်ဖို့ 30 KVA ဒီဇယ်မီးစက်တစ်လုံး ဝယ်ယူတပ်ဆင် အသုံးပြုနေရလို့ ကုန်ကျစရိတ်ကြီးနေပါတယ်။ တကယ်လို့ နောက်ထပ် 30 H.P ထပ်ရမယ်ဆိုရင် လုပ်ငန်းအဆင်ပြေသွားမှာဖြစ်ပါတယ်” ဟု ပြောပြသည်။

ဆက်လက်၍ ဦးရန်အောင်က “နိုင်ငံတော်က စက်မှုဇုန်တွေစလုပ် တော့ တစ်ဧကကျပ် ၄၅ သိန်းနဲ့ ကျွန်တော့်ကိုလည်းပေးပါတယ်။ အနည်းဆုံး တစ်ဧကယူမှရမှာ၊ နောက်တစ်ခါ လုပ်ငန်းသုံးဖို့ဓာတ်အား မြင်းကောင်ရေ ၅၀၀ အတွက် ကျပ်သိန်း ၄၀ လောက်ထပ်ကုန်ဦးမယ်။ ဒါကြောင့် ကျွန်တော်မတတ်နိုင်သေးလို့ မယူသေးဘဲ နေခဲ့တယ်။ အဲဒီအတွက်လည်း ငွေစုခဲ့ပါတယ်။ ခုပြီးဝယ်မလို့ပြန်တင်တော့ မြေကွက်တစ်ဧက သိန်း ၉၀ ဖြစ်နေပြီ”ဟူ၍ ရယ်မောပြောပြနေသည်။





လုပ်ဖော်ကိုင်ဖက် အခြားလုပ်ငန်းရှင်ပုဂ္ဂိုလ်များ ဘယ်သူတွေရှိကြသေးသလဲဟု မေးမြန်းကြည့်ရာ “ကျုပ်နဲ့လုပ်ဖော်ကိုင်ဖက်တွေက အများစုကွယ်လွန်ကုန်ကြပြီ။ ပန်းကန်စက် ဦးသော်၊ သဆော်ကျင်းတွင်ခုံ ဦးပွကြီး၊ လူထု စီးကရက် ဦးချို၊ ငါးပိငံပြာရည် ဦးပွင့်ကောင်း၊ ခြင်သေ့မင်းအထည်စက် ဦးဘိုးညွန့်၊ ပဒေသာဘီစကွတ် ဦးချစ်ထွန်း၊ မြန်မာဘီစကွတ် ဦးလှ၊ ကော်စက်ဦးကျော်သောင်း၊ စွပ်ကျယ်စက် ဦးစိန်၊ သခင်မြသိန်း(အလှကုန်လုပ်ငန်း)၊ မော်တော်ကားအလုပ်ရုံ ဦးရွှေလှ၊ မီးခြစ်စက် ဦးထွန်းရွှေ စတဲ့ ပုဂ္ဂိုလ်တွေအများကြီးပဲ။ အခုသက်ရှိထင်ရှားကျန်နေတာက သခင်မြသိန်း (မိလျံဒေါ်လာ)ပဲ မှတ်မိတော့တယ်” ဟုပြောပြသည်။

ဦးရန်အောင်၏ စက်မှုလက်မှုလုပ်ငန်း အတွေ့အကြုံသည် ၁၉၄၅ ခုနှစ် (ယွတ်လပ်ရေးမရမီ ကာလ)ကတည်းက စတင်လုပ်ကိုင်လာသဖြင့် နှစ်ပေါင်း ၅၃ နှစ်ရှိလာပြီဖြစ်ရာ မြန်မာနိုင်ငံတွင် စက်မှုလက်မှုဖခင်ကြီးဟု ဆိုလောက်သည်။ ယခု အသက် ၇၂ နှစ်အထိ လုငယ်များ နှင့်ယှဉ်၍ လှုပ်ရှားလုပ်ကိုင်နေဆဲ၊ သွင်းကုန်အစားထိုး စက်မှုလက်မှု တီထွင်ထုတ်လုပ်နေဆဲဖြစ်၍ တိုင်းပြည်အတွက်အားရစရာ၊ အားကျစရာ၊ ဂုဏ်ယူစရာ ကောင်းလှပေသည်။

▶▶▶▶▶

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံခြားဖြစ်ကို အနိုင်တိုက်ထုတ်ပြီး အောင်ပန်းဆင်နေတဲ့ ဦးသိန်းကြည် (နိုပန်းတီဗီအင်တင်နာ)

စာရေးသူ၏အိမ်တွင် တီဗီကို နိုပန်းအင်တင်နာတပ် ဆင်ထားရာ မြန်မာ့ရုပ်မြင်သံကြားရော၊ မြဝတီရုပ်သံအစီအစဉ်များပါ ကြည်၍ ကြည်လင်ပြတ်သားသဖြင့် စိတ်ချမ်းမြေ့ရ၏။ နိုပန်းတီဗီအင်တင်နာနှင့် ဗဟိုမီးအားမြှင့် စက် တီဗီကြော်ငြာကို မင်းသမီးချော နန္ဒာလှိုင်နှင့်လည်း ကောင်း၊ ကိုမေတ္တာ၊ ငွမ်းပုံ၊ ဒေါ်နွဲ့နွဲ့ခန်းတို့ဖြင့် လည်း ကောင်း၊ ယခုနောက်ထပ် ကြည်လဲ့လဲ့ဦး၊ ပိုင်ဖေရဲထွန်း တို့နှင့်လည်းကောင်း ရိုက်ကူးထုတ်လွှင့်ပြသရာ ပရိသတ် ကြိုက်နှစ်သက်ကြ၏။ သို့ဖြစ်၍ နိုပန်းတီဗီအင် တင်နာများနှင့် ဗဟိုမီးအားမြှင့်စက်များနှင့် ပတ်သက်၍ လေ့လာရန် ထိုပစ္စည်းများထုတ်လုပ်သော ရွှေဗဟိုစက်မှုလက်မှုလုပ်ငန်း တည်ရှိရာ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ် ၁၀၅ သို့ ဆက်သွယ်ပြီး ယင်းမှတစ်ဆင့် စက်ရုံများတည်ရှိရာ သက်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာလမ်းခြံအမှတ် ၁၀၃၈၊ ၁၀၃၉၊ ၁၀၄၀ သို့ခြေဦးလှည့်ခဲ့သည်။



စက်ရုံအဝင်ဝတွင် အထွေထွေမန်နေဂျာ ဦးအောင်သိန်းက ခရီးဦးကြို ပြု၍ စက်ရုံရုံးခန်းသို့ခေါ်သွားပြီး စာရေးသူ မေးသမျှကို ဖြေကြားပေးသည်။ ထိုသို့ ပြောဆိုနေစဉ်အတွင်းမှာပင် လုပ်ငန်းအကြီးအကဲဖြစ်သူ ဦးသိန်းကြည် ရောက်ရှိလာ၍ ဦးအောင်သိန်းက ဦးသိန်းကြည်နှင့် မိတ်ဆက်ပေးသည်။ ဦးအောင်သိန်းသည် ဦးသိန်းကြည်၏ သားဖြစ်ပြီး အသက် ၂၈ နှစ်သာရှိ သေးသည်။ ဆရာဝန် ဘွဲ့ရထားသူတစ်ဦးဖြစ်သည်။ ၁၀ တန်းအောင်ပြီး ကတည်းက ဖခင်၏လုပ်ငန်းကို ကူညီတွဲဖက်လုပ်ကိုင်လာခဲ့ရာမှ ဝါသနာ ပါလာပြီး လုပ်ငန်းကျယ်ပြန့်လာသည်နှင့်အမျှ လုပ်ငန်းကျွမ်းကျင်လာကာ ဖခင်၏ အထူးအားထားမျက်နှာလွှဲရသည့် အခြေအနေအထိ ဖြစ်ပေါ်လာ သည်။ ပညာတတ်လူငယ်တစ်ဦးပီပီ နိုးကြားတက်ကြွမှု အပြည့်ဖြင့် လုပ်ငန်းကိုကျွမ်းကျွမ်းကျင်ကျင် အကွက်စေ့စေ့ စနစ်တကျ အာရုံစိုက်၍ ဦးဆောင်ကြီးကြပ်လျက် လုပ်ကိုင်နေသည်ကို တွေ့ရသည်။ စာရေးသူအား ရှင်းပြ ပြောဆိုနေစဉ်မှာပင် လုပ်ငန်းလစ်ဟင်းမှု မရှိစေရန် သူ့လူများကို လိုအပ်သည့်ညွှန်ကြားမှုများ အဆက်မပြတ် လှမ်း၍ပေးနေသည်။

ရွှေဗဟို စက်မှုလက်မှုလုပ်ငန်း၏စက်ရုံ နှစ်ရုံရှိပြီး စက်ရုံများမှာ သန့်ရှင်းသပ်ရပ်ကျယ်ဝန်းသည်။ လုပ်သား ၁၅၀ ခန့်ရှိသည်။ အပေါ် ထပ်ရော အောက်ထပ်၌ပါ ကုန်ကြမ်းမှ ကုန်ချောအထိ ကုန်ထုတ်လုပ်ငန်းအ ဆင့်ဆင့်ကို သူ့နေရာနှင့်သူ စနစ်တကျဖွဲ့စည်း တာဝန်ခွဲဝေ ဆောင်ရွက် လျက်ရှိသည်။ စက်ရုံများမှထုတ်လုပ် နေသောပစ္စည်းများမှာ ဗဟိုမီးအား မြှင့်စက်များ၊ ဗဟိုဘက်ထရီအားသွင်းစက်များ၊ နိုပန်းတီဗီအင်တင်နာများ၊ နိုပန်းတီဗီအီလက်ထရောနစ် ဆေ့ပ်ဂတ်၊ ဗဟိုဘက်ထရီမီးချောင်း စသည့် ပစ္စည်းများဖြစ်သည်။

ဤလုပ်ငန်းကို စတင်တည်ထောင်ခဲ့သူ ဦးသိန်းကြည် သည် ...ဝယ် ဘတီဖြစ်ပြီး အသက် ၅၈ နှစ်ရှိပြီဖြစ်သည်။ ၁၇ နှစ်သားတွင် ရန်ကုန် ရောက်ခဲ့ပြီး ကျောင်းပညာထက် စက်မှုလက်မှုလုပ်ငန်းနှင့်အီလက်ထရွန်းနစ် ပညာများကို စောက်ချဆည်းပူးခဲ့ရာ လန်ဒန်အင်စတီကျူမှ လျှပ်စစ်ကျွမ်း

www.burmeseclassic.com



ကျွင်မှုလက်မှတ် ရခဲ့သည်။ မီးလုံးရေဒီယိုများကို စနစ်တကျ လေ့လာခဲ့သည်။ သူသည် ရေဒီယို ပြင်ဆရာ၊ နာရီပြင်ဆရာအဖြစ်နှင့် ဘဝကိုစတင် ခဲ့သည်။ လျှပ်စစ်ဓာတ်အားဖြင့်ဖွင့်ရသည့် ရေဒီယိုများအပြင် ၁၉၇၂ ခုနှစ်ခန့်တွင် မြန်မာနိုင်ငံ၌ ကြံ့ခိုင်ရေး၊ NEC ၊ REW ၊ နေရှင်နယ်၊ ဆိုနီ စသည့် ဓာတ်ခဲရေဒီယိုများ ခေတ်စားလာသည်။ ဓာတ်ခဲရေဒီယိုများမှာ ဓာတ်ခဲလေးတောင့်ထိုး၊ ခြောက်တောင့်ထိုး စသည်ဖြင့်ရှိသည်။ ဓာတ်ခဲရေဒီယိုများကို အိမ်သုံးလျှပ်စစ်မီးနှင့် ဖြောင်းဖွင့်နိုင်လျှင် ကုန်ကျစရိတ် သက်သာမည်။ မည်သို့တီထွင် ဆောင်ရွက်လျှင် ရနိုင်မည်နည်း ဟူသည်ကို ဦးသိန်းကြည် စဉ်းစားမိခဲ့သည်။ ထိုစဉ်က ဓာတ်ခဲတစ်လုံးလျှင် တစ်ကျပ်ခွဲဖြစ်ရာ ဓာတ်ခဲခြောက်လုံးသုံးရသည့် ရေဒီယိုတစ်လုံးသည် တစ်လကိုးကျပ် ကုန်ကျသည်။ ဦးသိန်းကြည်က ရေဒီယိုကို လျှပ်စစ်ဓာတ်အားဖြင့် ပြောင်းသုံးနိုင်ရန် အဒက်ပ်တာ(ခြောက်ဗို့၊ ကိုးဗို့)များကို တီထွင် ထုတ်လုပ်ဖြန့်ချိ နိုင်ခဲ့သောကြောင့် ရေဒီယိုတစ်လလုံးသုံးမှ တစ်ယူနစ်မကုန်သဖြင့် ပြား ၂၀ သာ ကုန်ကျတော့သည်။ ထို့ပြင် ရန်ကုန်အပါအဝင် မြို့ကြီးများတွင် လျှပ်စစ်ဓာတ်အားရရှိသော်လည်း လျှပ်စစ်ဓာတ်အား မရရှိသည့် ကျေးလက်တောရွာများတွင် ဘက်ထရီအားဖြင့် မီးသုံးနိုင်ရန် ဘက်ထရီအိုးသုံး မီးချောင်းများကို ၁၉၇၅ ခုတွင် ဆက်လက် တီထွင်ထုတ်လုပ်ခဲ့ပြီး အမြောက်အများ ဖြန့်ဖြူးခဲ့သည်။ ဘက်ထရီမီးချောင်းကို မြန်မာပြည်တွင် ပထမဦးဆုံး တီထွင် ထုတ်လုပ်ခဲ့သူမှာ ဦးသိန်းကြည်ဖြစ်ပြီး နောက်ပိုင်းတွင် အလားတူလုပ်ငန်း အများအပြား ပေါ်ပေါက်လာခဲ့သည်။

ဦးသိန်းကြည် ဘက်ထရီမီးချောင်းချုပ် ( High Frequency Converter ) များကို တီထွင်ထုတ်လုပ်ခဲ့ရာတွင် တစ်ချောင်းထွန်း အိမ်သုံးအမျိုးအစားနှင့် မီးချောင်းငါးချောင်းမှ ၁၀ ချောင်းအထိ ထွန်းနိုင်သည့် လုပ်ငန်းသုံးအမျိုးအစားဟူ၍ နှစ်မျိုးတီထွင် ထုတ်လုပ်ခဲ့သည်။ ဘက်ထရီစွမ်းအင်သုံး မီးချောင်းချုပ်များကို တွင်ကျယ်စွာ သုံးစွဲလာသည် နှင့်အမျှ ဘက်ထရီ အားသွင်းစက်များလည်း လိုအပ်လာသည်။ ထို့ကြောင့်



ဗဟိုဘက်ထရီ အားသွင်းစက်များကို ထုတ်လုပ်ပေးခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် PAHO အမှတ်တံဆိပ်ဖြင့် မီးအားမြှင့်စက်များ ထပ်မံ ထုတ်လုပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ၁၉၈၀-၈၁ ခုနှစ်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်ကို ထုတ်လွှင့်ပေးခဲ့သည်။ ထိုအချိန်တွင် ဂျပန်နိုင်ငံမှ တီဗီအဟောင်းများ ဝင်လာသည်။ ထိုစက်များမှာ အဝင်လျှပ်စစ်ဗို့အား ၁၁၀၊ သို့မဟုတ် ၁၂၀ ဖြင့် သာအသုံးပြုနိုင်၍ ၂၂၀ ဗို့မှ ၁၁၀-၁၂၀ ဗို့သို့ပြောင်းလဲ ပေးနိုင်သော ထရန်စဖော်မာကို ဦးသိန်းကြည်က တီထွင်ထုတ်လုတ် ဖြန့်ဖြူးပေးခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ရုပ်မြင်သံကြားအစီအစဉ်များကို တိုးချဲ့ထုတ်လွှင့်နိုင်ခဲ့သလို တစ်ဖက်မှလည်း ပြည်ပမှတီဗီများ ပိုမိုဝင်ရောက်လာသည်။ ထိုအခြေအနေတွင် မြန်မာပြည်၏ တီဗီဈေးကွက်ကို စတင်ခဲ့သော ၂၇ လမ်းရှိ တီဗီအရောင်းဆိုင်ပိုင်ရှင် ဦးစိန်တင်က လုပ်ငန်းစွမ်းဆောင်ရည်ရှိသော ဦးသိန်းကြည်အား တီဗီအင်တင်နာများ ထုတ်လုပ်သင့်ကြောင်း အကြံပြုတိုက်တွန်းခဲ့သည်။ ယင်းတိုက်တွန်းမှုကြောင့် ဦးသိန်းကြည်၏ ရွှေဗဟိုစက်မှုလက်မှုလုပ်ငန်းက အခက်အခဲ အမျိုးမျိုးကြားမှ နိပွန်းတီဗီအင်တင်နာများကို တီထွင်ကြံဆပြီး ထုတ်လုပ်ခဲ့ရာ ရှစ်လအကြာတွင် ဈေးကွက်သို့ ပို့ဆောင်နိုင်ခဲ့သည်။

အင်တင်နာပြုလုပ်ရာတွင် လိုအပ်သည့်ဖိစက်၊ ဖောက် စက်၊ ဖြတ်စက်၊ ပုံသွင်းစက်၊ နန်းဆွဲစက် စသည်တို့ကို ကြက်တန်းမှ သံတိုသံစများနှင့် ပစ္စည်းများ အခြေပြု၍ ဦးသိန်းကြည်ကိုယ်တိုင် တီထွင်တပ်ဆင်ခဲ့သည်။

ထိုအချိန်တွင် ဂျပန်နိုင်ငံလုပ် တီဗီအင်တင်နာများ ဝင်ရောက်လျက် ရှိသည်။ သုံးစွဲသူတို့က နိုင်ငံခြားဖြစ်ကိုမှ အထင်ကြီးနေချိန်တွင် နိပွန်း တီဗီအင်တင်နာများကို နိုင်ငံခြားစံချိန်မီအောင် ထုတ်လုပ်ခဲ့ရသည့်အပြင် ရောင်းဈေးကိုလည်း နိုင်ငံခြားဖြစ်ထက် သုံးဆခန့်လျှော့ရောင်းခဲ့ရသည်။ ဈေးနှုန်းအပေါ် စိတ်ဝင်စားမှုဖြစ်ကာ စမ်းသပ် ဝယ်ယူသုံးစွဲခဲ့ကြရာမှ လက်ခံလာကြသဖြင့် နိပွန်း တီဗီအင်တင်နာဈေးကွက်လည်း တစ်စတစ်စ

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းကြည်က
လုပ်ငန်းများအား
ရှင်းပြစဉ်



ကျယ်ပြန့်လာခဲ့သည်။ ဂျပန်ဖြစ် တီဗီအင်တင်နာများ ဝင်ရောက်မှုသည်လည်း သိသိသာသာ ကျဆင်းသွားသည်။ ထိုအချိန်တွင် ထိုင်းနှင့် တရုတ်ပြည်တို့မှ ထုတ်လုပ်သော တီဗီအင်တင်နာများ ဝင်ရောက်လာကြသော်လည်း ပြည်တွင်းဖြစ်ထက်ဈေးမြင့်ပြီး အရည်အသွေးတွင်လည်း ပြည်တွင်းဖြစ် ကိုမမီသောကြောင့် မြန်မာဈေးကွက်၌ မတိုးနိုင်ချေ။

နိပန်းတီဗီအင်တင်နာကို တီဗီအမျိုးအစားနှင့် အရွယ်အစားအားလုံးအတွက် အသုံးပြုနိုင်သည်။ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီအစီအစဉ် များကို ကြည်လင်ပြတ်သားစွာ ဖမ်းယူကြည့်နိုင်သည့် ပုပ္ပါးနှင့်ပဲခူး ထပ်ဆင့်လွှင့်စက်ရုံတို့မှထုတ်လုပ်သော UHF ရုပ်သံလှိုင်းများကို ဖမ်းယူနိုင်ရန် မြန်မာ့ရုပ်မြင်သံကြားမှ အင်ဂျင်နီယာနှင့်အတူ ဈေးဟိုစက်မှုလက်မှုလုပ်ငန်းတာဝန်ရှိသူများ သွားရောက်စမ်းသပ်ခဲ့ပြီးနောက် UHF အမျိုးအစား တီဗီအင်တင်နာများကို အထူးသေသပ်နိုင်ခဲ့အောင်တီထွင်၍ အကောင်းဆုံးကုန်ကြမ်းပစ္စည်းများဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိသည်။ ထို့ပြင် အိမ်များတွင် လျှပ်စစ်ဓာတ်အားနည်းလျှင်သော် လည်းကောင်း၊ များလျှင်သော်လည်းကောင်း၊ လျှပ်စစ်ဓာတ်အားပြတ်၍ ရုတ်တရက်ပြန်လာလျှင်သော်လည်းကောင်း အသုံးပြုထားသောလျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန်အတွက် ကြားခံပစ္စည်းဖြစ်သော နိပန်းအိလက်ထရောနစ် ဆေ့ဖ်ဂတ် ( Safeguard ) ခေါ် Protector စက်များကိုလည်း တီထွင်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

ယခုအခါတွင် မြန်မာပြည်ဈေးကွက်၌ နိုင်ငံခြားတီဗီအင်တင်နာများ ပျောက်သလောက်ရှိသွားပြီး နိပန်းတီဗီအင်တင်နာများက တစ်ပြည်လုံးဈေးကွက်တွင် လွှမ်းမိုးထားနိုင်ပြီဖြစ်သည်။ နိပန်းတီဗီအင်တင်နာကို ပြည်တွင်းဈေးကွက်၌သာမက ကမ္ဘောဒီးယား၊ လာအို၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ် စသည် နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန် ကြိုးပမ်းနေကြောင်း ဦးသိန်းကြည်နှင့် ဦးအောင်သိန်းတို့က ပြောပြကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းကြည်၊ ဦးအောင်သိန်းတို့နှင့်တွဲဖက်၍ ရွှေဝဟိုစက်မှုလက်မှုလုပ်ငန်းစက်ရုံတွင် ပညာရှင်များ၊ လုပ်သားများက သူ့နေရာနှင့်သူ လုပ်ငန်းကိုယ်စီကို အာရုံစိုက် လုပ်ကိုင်နေကြသည်။ လုပ်ငန်းသန့်ရှင်း သပ်ရပ်စွာဖြင့် နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ရန် ယင်းတို့ကျင့်သုံးလျက်ရှိသည့် 5 S (ဂျပန်နည်းစနစ်) လမ်းညွှန်ကို နံရံတွင်မြင်သာအောင် ရေးသား ချိတ်ဆွဲထားသည်။ ယင်းတို့မှာ–

၁။ စနစ်တကျခွန့်ပစ် (SEIRI)

၂။ သပ်ရပ်မှုရှိရန် (SEITON)

၃။ သန့်ရှင်းမှုရှိရန် (SEISO)

၄။ စနစ်တကျထားရှိရန် (SEIRETSU)

၅။ စည်းကမ်းထိန်းသိမ်းရန် (EITSUKE) တို့ဖြစ်သည်။

ရွှေဝဟို စက်မှုလက်မှုလုပ်ငန်းသည် အတတ်ပညာ၊ နည်းပညာများ ဖလှယ်ရန်နှင့် ဈေးကွက်ပိုမိုကျယ်ပြန့် လာစေရန်အတွက် ပြပွဲကြီး များတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် ကိုယ်တိုင်သီးသန့်ပြပွဲ ( Demonstration) လုပ်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ မြန်မာ့စက်မှုလက်မှုပြပွဲ ၁၉၉၆ Malaysian Products Exhibition '96 (တပ်မတော်ခန်းမ)တွင် ပါဝင်ပြသခဲ့သည်။ နိပန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ ကြီးမှူး၍ လျှပ်စစ်သံဖြတ်စက်နှင့် ဂဟေဆော်စက်များ လက်တွေ့စမ်းသပ်ပြသပွဲနှင့် အလှူငွေပေးအပ်ပွဲကို ၂၄ ၁၀ ၉၆ နေ့က မန္တလေးစက်မှုဇုန်တွင် ကျင်းပခဲ့သည်။ ထို့ပြင် Seminar and Demonstration ကို ၈–၁၁–၉၆ နေ့က ယုဇနဂါးဒင်းဟိုတယ်တွင် ကျင်းပခဲ့သည်။ ထိုနေ့တွင်ပင် ဆင်မလိုက်သင်္ဘောကျင်းတွင် လက်တွေ့စမ်းသပ်ပြပွဲ ကျင်းပခဲ့သည်။ ၉–၁၂–၉၆ နေ့ကလည်း လျှပ်စစ်သံဖြတ်စက်နှင့် ဂဟေဆော်စက်များ လက်တွေ့စမ်းသပ်ပြပွဲကို စက်မှုလယ်ယာ ဦးစီးဌာနတွင် ပြုလုပ်ခဲ့သည်။ ထို့ပြင် Malaysian Products Exhibition ကို ၁–၅–၉၇ နေ့မှ ၄–၅–၉၇ နေ့အထိ တပ်မတော်ခန်းမ၌ ကျင်းပပြသခဲ့သည်။ ရွှေဝဟို စက်မှုလက်မှု



လုပ်ငန်းသည် Welding Industries Malaysia ၏ တစ်ဦးတည်း ဖြန့်ချိသည့် မြန်မာပြည်ကိုယ်စားလှယ် ဖြစ်သည်။

Welding Industries Malaysia မှ ထုတ်လုပ်သော အဆင့်မြင့် လျှပ်စစ်သံဖြတ်စက်နှင့် ဂဟေဆော်စက်များကို အသုံးပြု၍ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကိုသာမက ကုန်ထုတ်စွမ်းအားကိုပါ မြင့်တင်နိုင်မည်။ ထို့ပြင် ထိုခေတ်မီစက်များ၏ အသုံးဝင်ပုံနှင့် ဈေးကွက်လိုအပ်ချက်တို့ကို လေ့လာပြီး မိမိတို့၏ကိုယ်ပိုင်တီထွင်ဉာဏ်ဖြင့် ပေါင်းစပ်ကာ ကုန်ပစ္စည်းအမည်သစ်များကို သွင်းကုန်အစားထိုးထုတ်လုပ် လာနိုင်မည်။ ထိုမှတစ်ဆင့် တက်လှမ်း၍ ပို့ကုန်အလားအလာရှိသော ပစ္စည်းကို ထုတ်လုပ်လာနိုင်မည်၊ ထိုသို့သော စိတ်ကူးစိတ်သန်းအကြံဉာဏ်တို့ကို လက်တွေ့ အကောင်အထည်ဖော်လိုသူများအနေဖြင့် ထိုပစ္စည်းများကို လွယ်လင့်တကူ အမြဲတစေ ဝယ်ယူနိုင်ရန်အတွက် ရည်ရွယ်လျက် ၁၂ ၂–၉၈ ရက်နေ့က မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း မြန်မာကာဗွန်နစ်စက်ရုံဖွင့်ပွဲတွင် စက်စမ်းသပ်ပြပွဲ ပြုလုပ်ခဲ့သည်။ ထို့နောက် ၄–၃–၉၈ ရက်နေ့က ဒဂုံမြို့သစ်တောင်ပိုင်း၊ စက်မှုဇုန်(၁) (စီးပွားရေး ဖွံ့ဖြိုးမှုဇုန် )၊ ရတနာသိင်္ဂီလမ်း၊ အမှတ်–၃(အေ) "GREAT STAR ENTERPRISE HARDWARE CENTRE" တွင် "အဆင့်မြင့်လျှပ်စစ်သံဖြတ်စက်နှင့် ဂဟေဆော်စက်များ အရောင်းပြခန်း ဖွင့်ပွဲနှင့် လက်တွေ့စမ်းသပ်ပြသပွဲ ကျင်းပခဲ့ပြီးနောက် အရောင်းပြခန်းကို ဖွင့်လှစ်ထားရှိပေးထားသည်။

အရောင်းပြခန်းတွင် ရောင်းချပေးလျက်ရှိသည့် Welding Industries Malaysia မှ ခေတ်မီစက်တစ်မျိုးစီ၏ စွမ်းအားကို ဦးအောင်သိန်းက ယခုလို ရှင်းပြလေသည်။

"လျှပ်စစ်သံဖြတ်စက်က အောက်ဆီဂျင်နဲ့အက်ဆီတလင်းဓာတ်ငွေ့ တို့ကို အသုံးပြုဖို့မလိုဘဲ လေထုထဲမှလေကို လေကျစ်စက်( Air Compressor) နဲ့ 60-70 PSI အထိကျစ်ပြီး လျှပ်စစ်ဓာတ်အားနဲ့ပေါင်းစပ်ကာ သတ္တုခြောက်မျိုးကို ဖြတ်နိုင်ပါတယ်။ အဲဒီသတ္တုခြောက်မျိုးက Mild steel,

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာအောင်သိန်းရှင်းပြစဉ် (အပေါ်)နှင့်
လုပ်ငန်းခွင်မြင်ကွင်းတစ်ရပ် (အောက်)



Stainless steel, Zinc coated steel. Brass, Coper နဲ့ အလူမီနီယမ်တို့ ဖြစ်ပါတယ်။

MIG/ MAG welding Machine – ခေါ် ဝါယာပို့ဂဟေဆော်စက်က သာမန်ဂဟေစက်တွေလို ဂဟေချောင်း ခေါ် ဝယ်ဒိန်ချောင်းကို အသုံးမပြုဘဲ ဝါယာခွေကို ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့နဲ့ တွဲဖက်ကာ 0.3 mm ( 30G ) အထိပါးတဲ့သံပြားများကို ဂဟေဆော်နိုင်ပါတယ်။ အစိကပါးလွှာတဲ့သံပြားတွေ ဂဟေဆော်ရာမှာ အားသာချက်ရှိပါတယ်။ ဂဟေဆော်တာ ညီညာလှပတယ်။ အဆက်မပြတ် ဆက်တိုက်ဆော်နိုင်တယ်။ ဆိ/ရေ ယိုစိမ့်ခြင်းမရှိဘူး။ အောက်ခံသံပြား ပေါက်မသွားဘူး။ သံပြားအထူ၊ အပါးအလိုက် အမ်ပီယာ အနည်းအများ ချိန်နိုင်တယ်။ အချိန်အတိုင်း အလိုအလျောက်သွားတယ်၊ ချော်ပြန်ခေါက်ဖို့မလိုဘူး၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို တွဲသုံးထားခြင်းကြောင့် ဂဟေဆော်တဲ့နေရာမှာ လေထုထဲမှ အောက်ဆီဂျင်ဓာတ်ငွေ့ ဝင်ရောက်ဓာတ်မပြုနိုင်လို့ သံချေးမတက်ဘူး။ သာမန် ဂဟေချောင်းသုံးစက်များထက် အလုပ်လေးဆပိုမြန်တယ်။ ဂဟေကောက်ကို တော့ပြီးခလုတ်နှိပ်လိုက်ရုံနဲ့ ဆောင်ရွက်လို့ရတယ်။ ဂဟေဆော်ပြီးတာနဲ့ ဆေးတန်းမှုတ်နိုင်တယ်။ အများကြီးလွယ်ကူပြီး အလုပ်သက်သာပါတယ်။ အခု အဲဒီစက်တွေကို မြန်မာပြည်မှာ စက်မှုလယ်ယာမှ စပါးခြွေလှေ့စက်များ ထုတ်လုပ်တဲ့စက်ရုံများ၊ အရက်ချက်စက်ရုံ တည်ဆောက်တဲ့လုပ်ငန်းများ၊ စတီးပရိဘောဂများ၊ စတီးထိုင်ခုံများ ပြုလုပ်တဲ့စက်ရုံများ၊ သံပိုက်နဲ့ပြုလုပ်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးငြမ်းများ ထုတ်လုပ်တဲ့စက်ရုံများမှာ သုံးနေပါတယ် မလေးရှားနိုင်ငံမှာ ဆိုင်ကယ် အိပ်ဇောပိုက်တွေကို ဒီစက်နဲ့ ဂဟေဆော်နေပါတယ်။

အဲဒီစက်တွေအပြင် တန်စတင်နဲ့ အာဂွန်ဓာတ်ငွေ့တို့ကို တွဲဖက်အသုံးပြုပြီး Brass, Copper နဲ့ အလူမီနီယမ်တို့ကို အနုစိတ်လှပသေသပ်စွာ ဂဟေဟဆော်နိုင်တဲ့ အာဂွန်ဓာတ်ငွေ့သုံး ဂဟေဆော်စက်၊ Stainless Steel အထူအပါးအမျိုးမျိုးကို အပိုအလိုမရှိ အကျအနာ ဂဟေဆော်

www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်တဲ့ စပေါ့တွဲဆက်ပေးတဲ့ ဂဟေဆော်စက် (Spot welding machine)၊ ဂဟေချောင်းသုံး သံဂဟေဆော်စက် (ARC welding Machine)တွေလည်း ပြသရောင်းချပေးနေပါတယ်။"

ယင်းမှာ ခေတ်မီစက် ကိရိယာတွေကို ပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်စေရန်နှင့် ခေတ်မီ နည်းပညာများ တိုးတက်ရရှိလာပြီး ထုတ်ကုန်ပစ္စည်းများ အရည်အသွေးနှင့် အရေအတွက် မြှင့်တင်လာနိုင်ရန် ရွှေဗဟိုစက်မှုလက်မှုလုပ်ငန်း၏ ရည်မှန်းအကောင်အထည်ဖော်နေသည့် လုပ်ငန်းအစိတ်အပိုင်း တစ်ရပ်ဖြစ်ပေသည်။

ရွှေဗဟိုစက်မှုလက်မှုလုပ်ငန်းမှ ထုတ်လုပ်နေသည့်နိပန်းတီဗီအင်တင်နာ၊ ဗဟိုမီးအားမြှင့်စက် စသည့်ပစ္စည်းများကို အရည်အသွေး ပြည့်မီစေရန်အဆင့်ဆင့်စစ်ဆေးမှုများ ဂရုတစိုက်ပြုလုပ်နေသည်။ "Quality control အနေနဲ့ ထုတ်လုပ်မှုအပိုင်း 'က' ကနေ အပိုင်း 'ခ' ကို ဖြတ်သန်းမယ်ဆိုရင် 'က' မှာစစ်ဆေးမှုပြည့်စုံပြီး အရည်အသွေးမီနေမှ 'ခ' ကိုသွားရပါမယ် အဲဒီလိုပဲ အဆင့်ဆင့် စစ်ဆေးရပါတယ်။ ချို့ယွင်းမှုရှိရင် ချက်ချင်းပြုပြင်ရပါတယ်။ နောက်ဆုံးဖိုင်နယ်ရောက်ရင်လည်း အထပ်ထပ်အခါခါ စစ်ဆေးမှုတွေ ရှိပါတယ်၊ နောက်ဆုံးအဆင့် Quality ကိုစစ်ဆေး ရပါတယ်။ ပြီးမှ ကုန်ချောကို ဂိုဒေါင်မှာ သိမ်းဆည်းပါတယ်။ ဂိုဒေါင်မှာ ထိန်းသိမ်းမှု ချို့ယွင်းရင်လည်း Quality ပြောင်းသွားနိုင်တယ်။ အမှာစာရရင် ပစ္စည်းကိုဒေါင်ထဲကထုတ်ပြီး ဒီအတိုင်း မျက်စိမှိတ် ပို့ပစ်လိုက်လို့ မရပါဘူး၊ မပို့ခင် ထပ်မံစစ်ဆေးရပါတယ်။ ကုန်ပစ္စည်း အရည်အသွေး စစ်ဆေးရေးကို ကျွန်တော်တို့ အဓိကအလေးပေး ဆောင်ရွက်နေပါတယ်" ဟု ဦးအောင်သိန်းက ပြောပြလိုက်လေသည်။

ပြည်ပမှ တင်သွင်းလာသည့် သွင်းကုန်အစားထိုး ကုန်ပစ္စည်းများကို ပြည်တွင်း၌ အောင်မြင်စွာ တီထွင်ထုတ်လုပ်နိုင်ရုံသာမက ပြည်တွင်းဈေးကွက်၌ နိုင်ငံခြားပစ္စည်းကို တိုက်ထုတ်အနိုင်ယူ လွှမ်းမိုးထားနိုင်သည် အထိ အောင်မြင်နေသော နိုင်ငံတကာ ခေတ်မီနည်းပညာရပ်များ ပြည်တွင်း



စက်မှုလက်မှုလောက၌ ပြန့်ပွားလာကာ ထုတ်ကုန်အရည်အသွေးနှင့် ထုတ်ကုန်စွမ်းရည် တိုးတက် မြင့်မားလာအောင် ကြိုးစားနေသော ရွှေဗဟို စက်မှုလက်မှုလုပ်ငန်းမှ ဦးသိန်းကြည်နှင့် ဦးအောင်သိန်းတို့အား လေးစားချီးကျူး ဂုဏ်ပြုမိပါသည်။

➤➤➤➤➤



နိုင်ငံတကာအဆင့်မီရွှေဗဟိုစက်မှုလုပ်ငန်း၊ လုပ်ငန်းခွင်တစ်နေရာ။

www.burmeseclassic.com

www.burmeseclassic.com

# အေးချမ်းတည်ငြိမ်တဲ့ ပုသိမ်သား ဦးခင်စိန်

"ကျွန်တော့်နာမည် ခင်စိန်။ ဇာတိကပုသိမ်။ ကျွန်တော် မိဘတွေက ဦးပင့်ရင်း၊ ဒေါ်မိမိအေး၊ ပုသိမ်ခရိုင် ငပုတော အလယ်တန်းကျောင်းမှာ မူလတန်းကစနေခဲ့ပြီး ပုသိမ်မြို့ အစိုးရအထက်တန်းကျောင်းမှာ ၁၀ တန်းအထိပညာ သင်ကြားခဲ့ပါတယ်။ မိဘနှစ်ပါးစလုံးစစ်ဖြစ်ခါစမှာ ကွယ်လွန်သွားတော့ ကျွန်တော့်အသက် ၁၆ နှစ်ပဲရှိသေးတယ်။ ဒီအချိန်မှာ ညီအစ်ကိုသုံးယောက် ကျန်ခဲ့တာ ကျွန်တော်က အကြီးဆုံးဆိုတော့ အိမ်ထောင်စုကို ဦးစီးပြီး အိမ်မှာရှိတဲ့ပစ္စည်းလေးတွေ ထုခွဲရောင်းချ စားသောက်ခဲ့ကြရတယ်။ ၁၉၄၅ ခုနှစ်မှာ အင်္ဂလိပ်စစ်တပ်ဝင်လာတော့ ကျွန်တော်ကျောင်းကထွက်ပြီး အင်္ဂလိပ်စစ်တပ်မှာ ဝင်ရောက်တာဝန် ထမ်းခဲ့တယ်။ သုံးရစ်နဲ့ဆာဂျင်လေ။ လစာ ရင်း ၅၀ ကျပ်၊ ရှားပါးစရိတ် ၁၅ ကျပ်၊ စုစုပေါင်း ၆၅ ကျပ်ရခဲ့တယ်။ ရာရှင်လည်းရတယ်။ ၁၉၄၇ ခုနှစ်မှာ အဲဒီအလုပ်ကထွက်ပြီး ရန်ကုန်ကိုထွက်လာခဲ့တယ်။ ရန်ကုန်မှာ အခြေစိုက်ဖို့ သဘော်လှိုင့်လာတာပါ။ ရန်ကုန်ကိုလာတဲ့အခါ ကျွန်တော့်



လက်ထဲမှာ အရင်းအနှီးငွေ ၃၅ ကျပ်ပဲရှိတယ်" ဟူ၍အစချီကာ ရန်ကုန်-အင်းစိန်လမ်းမ၊ လှိုင်အားကစားရုံရှေ့တွင် အခြေစိုက်သော စိန်မိသားစု လေမှုတ်စက် လုပ်ငန်းပိုင်ရှင်ဦးခင်စိန်က ပြောပြလေသည်။

ဦးခင်စိန်သည် အသက် ၇၆ နှစ်ရှိပြီဖြစ်သော်လည်း ဆံပင်တစ်ခေါင်းလုံးဖြူဆွတ်သည်မှလွဲ၍ နုပျိုရှင်သန်ဆဲ၊ သွက်လက်ဖျတ်လတ်ဆဲဖြစ်သည်။ ၇၆ နှစ်ဆိုသော်လည်း အသက် ၆၀ ခန့်ဟုထင်ရသည်။ စကားပြောရာတွင် ဖော်ရွေပွင့်လင်း၍ ရည်မွန်သလောက် သူ့မျက်နှာမှာ အစဉ်ပြုံးရွှင်ကြည်လင်၍ သူ့မျက်လုံးများမှာ တောက်ပကာ ပင်ကိုပကတိ ရိုးသားမှုကို ပြဆိုနေသည်။

သူ့စက်ရုံတွင် လေမှုတ်စက်လာဝယ်သူတစ်ယောက်က သင်ပုန်းကြီးတွင် ရေးသားဖော်ပြထားသော ဈေးနှုန်းများကို ကြည့်၍ဖြစ်စေ၊ အချို့က တယ်လီဖုန်းဖြင့်ဖြစ်စေ "ဈေးနှုန်းများထပ်လျှော့ပါဦး" ဟုဆိုလျှင်-

"ဒီမှာမိတ်ဆွေ၊ ဒီဈေးနှုန်းဟာ အမှန်တကယ်ပဲ၊ ဈေးသက်သာချင်ရင် အလွယ်ကလေး၊ ပစ္စည်းကအင်(အမှန်အကန်မဟုတ်)နဲ့ လုပ်ပေးလို့ ရတယ်။ ကျွန်တော်တို့က ဒီလိုမျိုး အကြံအဖန်လုပ်ပြီး နာမည်ပျက် မခံနိုင်ဘူး။ ကျွန်တော့်ပစ္စည်းက အမှန်အကန်ဖြစ်လို့ ဈေးကဒီလောက် တော့ရှိတယ်။ ဝယ်သုံးကြည့် စိတ်တိုင်းမကျဘူး၊ အသုံးမခံဘူး၊ တစ်ခုခု အဆင်မပြေဖြစ်တယ်ဆိုရင် ကြိုက်သလိုပြော၊ လုံးဝတာဝန်ယူတယ်" ဟူ၍ ရဲရဲကြီး အာမခံပြောသည်။

အချို့ပစ္စည်း ဝယ်သွားပြီးမှ သုံးစွဲပုံနည်းလမ်း မမှန်ကန်၍ အဆင်မပြေဖြစ်ပြီး လာပြောလျှင်လည်း စိတ်ရှည်ရှည်ဖြင့် နားထောင်ကာ တပ်ဆင်အသုံးပြုပုံ မှန်ကန်စေရန် နည်းလမ်းအကြံဉာဏ်များ ပေးသည်။ လိုအပ်လျှင် တပည့်များလွှတ်ပြီး အခမဲ့ဆောင်ရွက်ပေးသည်။ ထို့ကြောင့်လည်း ဝယ်ယူအသုံးပြုသူများက စိတ်အေးချမ်းသာကြရပြီး သူ့ကို ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူတစ်ဦး အနေဖြင့်သာမက ဦးလေးလို၊ အစ်ကိုကြီးလို၊ မိသားစုလို ခင်မင်သွားတတ်ကြသည်။ သူသည် ဘာသာရေးကိုင်းရှိုင်းပြီး စိတ်ကို အစဉ်

www.burmeseclassic.com



စိတ်အေးချမ်းတည်ငြိမ်သည့် ဦးခင်စိန်



အမြဲအေးချမ်းတည်ငြိမ်အောင် ဆောက်တည် နေထိုင်တတ်သည်။ စိတ်မချမ်းသာစရာများ ကို မစဉ်းစား၊ စိတ်ချမ်းသာ အောင် စိတ်ကောင်းမွေးမြူ နေထိုင်တတ်သည်။ ရယ်စရာမောစရာ၊ ပျော်ရွှင်စရာစကားများကို ပြောတတ်သဖြင့် သူနှင့်စကားပြောရသူပင် စိတ်ချမ်းမြေ့ ကြည်နူးမှုရသည်။ သူသည် အလုပ်တွေဘယ်လောက်များများ စိတ်ငိုသည်၊ စိတ်ညစ်သည်ဟူ၍ မရှိသလောက်ပင်။ စကားပြောရာတွင် ဒေါသမဖက်ဘဲ အမြဲ ချေချေငံငံ ပြေပြေပြစ်ပြစ် ပြော လေ့ရှိသည်။

ဦးခင်စိန်သည် လူပုံကအသားမြူပြီး တရုတ်ကြီးလို ဖြစ်နေသော်လည်း တရုတ်စကား လုံးဝမတတ်၊ ကုလားစကားတော့ မှတ်နေသည်။ "ဒါနဲ့ ပြောရဦးမယ်၊ ကျုပ်အရင်ကုမ္ပဏီမှာလုပ်တုန်းကကျုပ်ဆီကို လူတစ်ယောက်ဖုန်းဆက်တယ်။ ကုမ္ပဏီကို ပေးစရာရှိတဲ့ငွေတွေ လာယူပါပေါ့။ ဒီလူ့အသံကိုကြားကတည်းက ဖေယျဝတီဘက်က ကုလားမှန်းကျုပ်သိလိုက်တယ်။ တကယ်သွားယူတဲ့အခါကျတော့ ကုလားက ကျုပ်ကိုကြည့်ပြီး မယုံဘူး၊ သူနဲ့ စကားပြောတုန်းက ကုလား၊ အခုလာတော့ တရုတ်ဖြစ်နေလို့ မပေးနိုင်ဘူးပြောတာနဲ့ ကျုပ်က ခုနငါပြောတဲ့စကားကို ပြန်ပြောရမလား ဆိုပြီး ကုလားလိုပြန်ပြောလိုက်တော့မှ သူမျက်လုံးပြူးသွားတယ်။ ယုံသွားတယ်လေ" ဟု သူကပြောပြသည်။ စာရေးသူကမေး၍ သူ့အကြောင်းကို ယခုလိုပြောပြသည်။

"ရန်ကုန်ရောက်တော့လား၊ အလုပ်ရှာရင်း အင်္ဂလိပ်ကုမ္ပဏီတစ်ခုမှာ အလုပ်ရတယ်။ စာရေးပေါ့။ အဲဒီကာလ က စာရေးလခက ၁၂၅ ကျပ်။ ဒါပေမယ့် ကုမ္ပဏီက ကျွန်တော့်လုပ်ရည်ကိုင်ရည်ကို ကြိုက်သွားလို့ ၁၃၄ ကျပ်ကစပေးတယ်။ အဲဒီမှာ ခြောက်နှစ်လုပ်ကိုင်ပြီး အလုပ်ထွက်လိုက်တယ်။ နောက်အင်္ဂလိပ်ဘုရင်မကြီးရဲ့ အနွယ်ဝင်တွေ တည်ထောင်ထားတဲ့ Gillanders Arbuthnot Co.Ltd မှာကုန်ရောင်းသူ (Salesman) ဝင်လုပ်တယ်။ အဲဒီမှာလည်း ခြောက်နှစ်လောက်ကြာတော့ ထွက်စာတင်လိုက်တယ်။ ထွက်စာတင်တယ်ဆိုတာ မိမိကိုယ်မိမိမြှင့်တင်ချင်တဲ့ သဘော

www.burmeseclassic.com

www.burmeseclassic.com



ရထားစက်ခေါင်းတွင် ဘရိတ်ဖမ်းရာ၌ စိန်လေမှုတ်စက်ကို အသုံးပြုနေသည်။



ပါ။ ရှင်းအောင်ပြောရရင်တော့ အဲဒီလုပ်ငန်းမှာက အထက်က တစ်နေရာ လစ်လပ်သွားလို့ ကိုယ်ကရာထူးတက်ရတာမျိုး အချောင်ရတာ မရှိဘူး၊ ရာထူးတက်ချင်ရင် ထွက်စာတင်မှ၊ ဒါကြောင့် ကျွန်တော် ထွက်စာတင်လိုက်တယ်။ ကုမ္ပဏီက ထွက်စာကိုလက်မခံဘဲ ကျွန်တော့်ကို ရာထူးတိုးပေးလိုက်တယ်။ လက်ထောက်မန်နေဂျာ၊ အဲဒီကနေပြီး နောက်တစ်ဆင့်တိုးပေးတော့ ဒုတိယမန်နေဂျာ ဖြစ်လာတယ်။ လခက ၂၂၀၀ ကျပ်ပါ။ ဒုတိယမန်နေဂျာအဖြစ် လေးနှစ်လုပ်ပြီးတဲ့ အချိန်မှာ ကုမ္ပဏီက ပြည်သူပိုင်ဖြစ်လာတယ်။ ကျွန်တော်က လူလျှော့တဲ့အထဲ ပါသွားတယ်။ အဲဒီမှာ မဖြဲတဲ့သဘောတရားကို သံဝေဂရပြီး ပထမဆုံး ရဟန်းဝတ်လိုက်သေးတယ်။

ရဟန်းအဖြစ်ကနေ လူထွက်ပြီးတဲ့အခါမှာ ခုနပြောတဲ့ ကုမ္ပဏီရဲ့ နိုင်ငံခြားပင်ရင်း ကုမ္ပဏီကြီးက ကျွန်တော့်ကို မြန်မာပြည်ရဲ့ ကိုယ်စားလှယ်အနေနဲ့ ခန့်ထားခဲ့တယ်။ ကုမ္ပဏီကိုယ်စားလှယ်အနေနဲ့ ခုနစ်နှစ်၊ ရှစ်နှစ် လုပ်ခဲ့တယ်။ ၁၉၆၂ ခုနှစ်က ၁၉၇၁ ခုနှစ်လောက်အထိပေါ့။ အဲဒီအချိန်မှာ တစ်ချိန်တည်းမှာ ဖေယျဝတီသင်္ကြားစက် စာရင်းရှင်းလင်းရေး တာဝန်ခံအဖြစ် လုပ်ခဲ့ရတယ်။ အဲဒီတာဝန်က ဒီကနေ့ထက်ထိ ဆောင်ရွက်ပေးရတုန်းပါပဲ။ ၁၉၇၁ ခုနှစ်နောက်ပိုင်းမှာ အလုပ်လုပ်စရာမရှိတော့ မူလကတည်းက ဝါသနာပါ စိတ်ဝင်စားခဲ့တဲ့ Workshop ကလေးတစ်ခု ထောင်ခဲ့တယ်။ အရင်းအနှီး အခြေအနေ ပေါ်မူတည်ပြီး တွင်ခုံတစ်လုံးနဲ့ စတည်ထောင်ကာ အထွေထွေစက်မှုလက်မှုလုပ်ငန်း စလုပ်ခဲ့တာပါ။

အဲဒီအချိန်မှာ မြန်မာပြည်မှာလိုအပ်နေတဲ့ လေမှုတ်စက် Air Compressor တွေကို နိုင်ငံခြားကမှာယူ တင်သွင်းနေရတယ်။ ဒီပစ္စည်း ဒီမှာ လုပ်လို့မရဘူးလား စဉ်းစားပြီး စတင်တီထွင်လုပ်ခဲ့ရာက လေမှုတ်စက် တစ်ခုတည်း အောက်ချထုတ်လုပ်တဲ့ လုပ်ငန်းဖြစ်လာတယ်။ မူလတော့ လေမှုတ်စက်လုပ်တာ နိုင်ငံခြားကလာတဲ့ အင်ဂျင်အသေးစားလေးတွေကို လိုအပ်တဲ့အတိုင်း ပြုပြင်ထုတ်လုပ်ခဲ့တာက စခဲ့တာ၊ တဖြည်းဖြည်း ပြည်တွင်းဖြစ်ပစ္စည်းနဲ့ အစားထိုးဆောင်ရွက် လာနိုင်ခဲ့တယ်။ အဲဒီလို

www.burmeseclassic.com

www.burmeseclassic.com



လုပ်လာခဲ့တာ အခုဆိုရင် ဆောဘယ်ရင် တစ်ခုကလွဲရင် အားလုံး ပြည်တွင်းဖြစ်တွေနဲ့ချည်းပဲ လုပ်နိုင်ပြီ။ တစ်ခုတော့ရှိတာပေါ့ဗျာ။ နိုင်ငံခြားပို့ကုန် (Export Quality) အဆင့်အထိတော့ ကျွန်တော့် ပစ္စည်းတွေက မျက်စိပသာဒ မဖြစ်နိုင်သေးဘူး။ နိုင်ငံခြားတင်ပို့နိုင်တဲ့အထိ ချောမောလှပ ရှုချင့်စဖွယ်ဖြစ်အောင် လုပ်လို့လဲရပါတယ်။ အရင်းအနှီးက အများကြီးကုန်မယ်လေ။ မတတ်နိုင်သေးဘူး။ လက်ရှိအခြေအနေနဲ့ ဒီလောက်ပဲ အကောင်းဆုံးလုပ်နိုင်မယ်။ ကျွန်တော်ထုတ်လုပ်တဲ့ ပစ္စည်းတွေက ရုပ်မလှပေမယ့် အလုပ်က နိုင်ငံခြားစံချိန်မီ လေပေါင် (Per-square inch -PSI) အထိ ထုတ်လို့ရတယ်။

အခုဆိုရင် လယ်ယာစိုက်ပျိုးရေး နိုင်ငံဖြစ်တဲ့ ကျွန်တော်တို့ နိုင်ငံမှာ ရေရရှိရေးအတွက် လိုအပ်နေတဲ့ အဝီစိတွင်းများ၊ စက်ရုံကြီးများနဲ့ ဆေးရုံကြီးများမှာ အသုံး ပြုနေရတဲ့ ၅' နှစ်လုံးထိုး လေမှုတ်စက်ကြီးတွေ၊ အိမ်သုံး၊ ရပ်ကွက်သုံး လေမှုတ်စက် အသေးစားတွေ ထုတ်လုပ်ဖြန့်ဖြူးပေးနေတာ မြန်မာပြည်မှာ အရေအတွက် အများဆုံး ထုတ်လုပ်ဖြန့်ဖြူးပေးနေရတဲ့ အခြေအနေအထိ ရောက်နေပါပြီ။ ဒါ့အပြင် မီးရထားစက်ခေါင်းတွေမှာ အသုံးပြုတဲ့ လေဘရိတ်ကိရိယာမှာ စိန်လေမှုတ်စက် တပ်ဆင်အသုံးပြုနေတာ တစ်နှစ်ရှိပါပြီ။ ဆက်လက်ပြီးတော့လည်း လေဘရိတ်ကိရိယာတွေ ပြုလုပ်ပေးသွင်းသွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ကားလေထိုးစက်တွေမှာလည်း လေဖိအား (Pressure) များများထိုးပေးနိုင်တဲ့အတွက် စိန်လေမှုတ်စက်တွေကို အမြောက်အမြားသုံးနေကြပါပြီ။

ကျွန်တော့်ရဲ့ စိန်လေမှုတ်စက် ထုတ်လုပ်ရေးလုပ်ငန်းမှာ လွန်ခဲ့တဲ့ ၂၆ နှစ်က တွင်ခုံတစ်လုံး၊ အလုပ်သမား တစ်ယောက်နှစ်ယောက်နဲ့ စလုပ်ခဲ့ရာက အခုဆိုရင် တွင်ခုံအလုံး ၄၀ နဲ့ အလုပ်သမား ၁၇၀ အထိခန့်ထားဆောင်ရွက်နေရပါပြီ။ နောက်ထပ် အင်ဂျင် ၇၅ ကောင်အား တပ်ဆင်ပြီး



အင်ဂျင်အားနဲ့လည်တဲ့ တွင်ခုံ ၂၀ ရှိမယ့် စက်ရုံကြီးတစ်ရုံ တိုးချဲ့တည်ဆောက် လည်ပတ်လုပ်ကိုင်သွားဖို့လည်း စီစဉ်နေပါတယ်။ နိုင်ငံတော်က စက်မှုလက်မှုလုပ်ငန်းရှင်၊ အတတ်ပညာရှင်တွေနဲ့ စက်မှုဇုန်တွေ ဖွဲ့စည်းပေးခဲ့တာ ကျွန်တော်က ရွှေပြည်သာ စက်မှုဇုန်မှာ ဥက္ကဋ္ဌ တာဝန်ယူနေပါတယ်။ စက်မှုလက်မှုနဲ့ ပတ်သက်တဲ့ တိုင်း၊ ခရိုင်အဖွဲ့အစည်းတွေမှာလည်း ပါဝင် ဆောင်ရွက်နေပါတယ်။ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စက်မှုလက်မှုကုန်ထုတ်လုပ်သူများအသင်းတွေမှာလည်း အမှုဆောင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်က စေလွှတ်လို့ နိုင်ငံခြားလေ့လာရေး ခရီးစဉ်နှစ်ခု သွားခဲ့ပြီးပါပြီ။ အိန္ဒိယနိုင်ငံ ကာလကတ္တားခရီးနဲ့ တရုတ်ပြည်ခရီးပါ။ ၁၉၉၇ ခုနှစ်က ပဲခူးမှာပြုလုပ်ခဲ့တဲ့ အောက်မြန်မာပြည် စက်မှုလက်မှုပြပွဲတုန်းက စက်မှုတီထွင်ထူးချွန်ဆု (ပထမ) ရရှိခဲ့ပါတယ်။ ရန်ကုန်တိုင်းအနေနဲ့ ချီးမြှင့်တဲ့ဆုလည်း ရရှိခဲ့ပါတယ်။

အရင်းအနှီးကလေး မဖြစ်စလောက် တွင်ခုံလေးတစ်လုံးနှင့် အလုပ်စလုပ်ခဲ့သော ဦးခင်စိန်၏ မဆုတ်မနစ်သောဇွဲ၊ မလျှော့သော လုံ့လ ဝီရိယနှင့် ပင်ကိုစိတ်ကောင်း စေတနာတို့ကို အရင်းခံ၍ မိမိအကျိုးသာမက အများအကျိုး၊ နိုင်ငံတော်အကျိုးအတွက်ပါ မျှော်မှန်းဆောင်ရွက်ခဲ့သည့် မှန်မြတ်မှန်ကန်သည့် ဦးတည်ချက်များကြောင့် ၂၆ နှစ်တာကာလတွင် မြန်မာနိုင်ငံ၌ သွင်းကုန်အစားထိုး အောင်မြင်နေသည့် စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများစာရင်းတွင် ထိပ်တန်းမှ ပါဝင်လျက်ရှိပေပြီ။ ဦးခင်စိန်သည် ဇနီး၊ သားတစ်ယောက်၊ သမီးတစ်ယောက်၊ မြေးလေးယောက်နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ရင်း နိုင်ငံတော်စီးပွားရေး တိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် သူ၏စိန်လေမှုတ်စက် ထုတ်လုပ်ဖြန့်ဖြူးရေးကို ဆက်လက် တိုးချဲ့မြှင့်တင် နေဦးမည်သာ။

➤➤➤➤➤

www.burmeseclassic.com

www.burmeseclassic.com

## ရည်ရွယ်ချက်ကြီးမားတဲ့ ရွှေနဂါး

သူသည်လမ်းသွားလျှင် လျှင်မြန်သလောက် စက်မှုလက်မှုနယ်ပယ်၌ တီထွင်ရာတွင် ခြေလှမ်းသွက်သွက်ဖြင့် ခေတ်ရှေ့ပြေးသူ တီထွင်ပညာရှင် တစ်ဦးအဖြစ် အများက အသိအမှတ်ပြုထားရသူ ဖြစ်သည်။

သူ့တီထွင်အောင်မြင်မှုတစ်ခုကို တွေ့မြင်ထားပြီးနောက် ကာလအတန် ကြာမှ သူနှင့်ပြန်တွေ့လျှင် နောက်ထပ်တစ်မျိုး တီထွင်အောင်မြင် ထားသည်ကို တွေ့မြင်ရပြန်သည်။ စက်ကိရိယာပစ္စည်း အသစ်အဆန်း တစ်ခုကို တီထွင်ကြိုးပမ်း ဆောင်ရွက်ရာတွင် ထမင်းမေ့ဟင်းမေ့ လုပ်ငန်းထဲတွင် အချိန်ကုန်၍ကုန်သွားမှန်းမသိအောင် နစ်မြုပ်အာရုံ စူးစိုက် ကာမပြစ်မနေ ကျားကုတ်ကျားခဲ လုပ်ကိုင်တတ်သော သူ့ဝါသနာစိတ်၊ ဓလေ့ကို ကျွန်တော် သတိပြုမိနေသည်မှာ ကြာပါပြီ။

သူနှင့်ကျွန်တော် စတင်သိကျွမ်းခဲ့သည်မှာ ၁၉၇၅ ခုနှစ်ခန့်ဟု ထင်ပါသည်။ ထိုစဉ်ကသူသည် မြောက်ဥက္ကလာပ၊ ဆ ရပ်ကွက်၊ မေတ္တာစီ လမ်းတွင် နေထိုင်ခဲ့သည်၊ သူ၏ ပထမဆုံး တီထွင်အောင်မြင်ထားသော



စွန့်ပစ္စည်း သံတိုသံစများကို အခြေခံ၍ တီထွင် ထုတ်လုပ်ထားသော ပြည်တွင်း ဖြစ်လယ်ထွန်စက်ကို သတင်းစာဆရာများအား ဖိတ်ကြားပြသပြီး ရှင်းလင်းတင်ပြကာ သူ့လယ်ထွန်စက်ကို သူ့အိမ်ဘေးအနီးရှိ ကွင်း၌ လက်တွေ့မောင်းနှင်ထွန်ယက်ပြသခဲ့ရာ သတင်းစာဆရာများ အံ့ဩချီးမွမ်း ခဲ့ကြရသည်။ သတင်းစာဂျာနယ်များတွင် ထိုလယ်ထွန်စက်တီထွင်သည့် သတင်း ဆောင်းပါးများကို အသားပေးဖော်ပြခဲ့ကြသည်။ နောက်ပိုင်းတွင် သတင်းစာဆရာများက သူ့နာမည်ဖော်ပြီး သူ့အကြောင်း ပြောလျှင် သူ့နာမည် ကိုတင်ဝင်းရှေ့မှ လယ်ထွန်စက်ထည့်၍ လယ်ထွန်စက် ကိုတင်ဝင်းဟု ခေါ်စမှတ်ပြုခဲ့ကြသည်။

လယ်ထွန်စက်သာမက မွန်ပြည်နယ်နှင့် ပဲခူးတိုင်းရွှေကျင်မြို့နယ်ရှိ ရော်ဘာခြံများမှထွက်သော ရော်ဘာများကိုကြိတ်သည့် ရော်ဘာကြိတ်စက် အမြောက်အမြားကိုလည်း တီထွင်ထုတ်လုပ်ပေးခဲ့ရာ ရော်ဘာကြိတ်စက် များကို နိုင်ငံခြားမှ မှာယူတင်သွင်းစရာ မလိုတော့ဘဲ ကိုတင်ဝင်း၏စက် များက လုံ၀အစားထိုးနေရာယူနိုင်ခဲ့လေသည်။ ထို့ပြင် ကိုတင်ဝင်းသည် ပြည်တွင်းဖြစ် စပါးခြွေလှေ့စက်ကိုလည်း ပထမဆုံး တီထွင်ပေးခဲ့သူဖြစ် သည်။

ကိုတင်ဝင်း၏ ဇာတိမှာ နတ္တလင်းမြို့ဖြစ်သည်။ သူ့ဖခင်မှာ ဦးကျော်ဝင်း (မော်ကွန်း၀င်ပထမဆင့်)၊ မိခင်မှာ ဒေါ်မြတင် (အလယ်တန်းပြဆရာမ- ငြိမ်း) ဖြစ်သည်။ န၀မတန်းအထိ ပညာသင်ကြားခဲ့ပြီး စက်မှုလက်မှုကို ဝါသနာကြီးလွန်းသဖြင့် ကျောင်းမှထွက်ပြီး နတ်မောက် စက်မှုလက်မှု အထက်တန်းကျောင်းသို့ တက်ရောက်ခဲ့သည်။ ထို့နောက် ၁၉၆၂ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ စက်မှုလယ်ယာဦးစီးဌာနမှဖွင့်လှစ်သော ထွန်စက်ပြင် သင်တန်း နှစ်နှစ်တက်ရောက်ကာ ၁၉၆၇ ခုနှစ်အထိ စက်မှုလယ်ယာဦးစီး ဌာနတွင် ထွန်စက်ပြင်ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ သူသည် တီထွင်မှုကို ဝါသနာထုံလွန်းသဖြင့် မိမိဘာသာမိမိ လုပ်ကိုင်ချင်သည်တို့ကို လွတ်လပ်စွာတီထွင်လုပ်ကိုင်နိုင်ရန် ၁၉၇၄ ခုနှစ်တွင် အလုပ်မှနုတ်ထွက်

www.burmeseclassic.com

www.burmeseclassic.com

ဦးတင်ဝင်း(ယာမှဒုတိယ)၏လုပ်ငန်းခွင်သို့နိုင်ငံခြားပညာရှင်များ
လာရောက်လေ့လာစဉ် (အပေါ်)နှင့် ဦးတင်ဝင်းတီထွင်သောရေစုပ်စက်
အားလယ်သမားများစိတ်ဝင်စားစွာကြည့်ရှုစဉ်(အောက်)



ပြီး ရှိသမျှအရင်းအနှီးကလေးဖြင့် တွင်ခုံတစ်လုံးစတင်တည်ထောင်ကာ မြောက်ဥက္ကလာပမြို့၊ ဆ ရပ်ကွက်၊ မေဓာဝီလမ်းရှိနေအိမ်တွင် ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်းကို စတင်တည်ထောင်ဆောင်ရွက်ခဲ့သည်။

သူ့လုပ်ငန်းကို "အထွေထွေစက်မှုလုပ်ငန်း" ဟု အမည်ပေးထားပြီး နိုင်ငံခြားစက်ပစ္စည်းကိရိယာများကို ကတ်တလောက်များနှင့်တကွလေ့လာပြီး ပြည်တွင်း၌လုပ်၍ရနိုင်သမျှကို တီထွင်လုပ်ကိုင်တော့သည်။ ဤသို့အားဖြင့် ပြည်တွင်းဖြစ်လယ်ထွန်စက်၊ ရော်ဘာကြိတ်စက်များ၊ စပါးခြွေလှေ့စက်များ ပေါ်ထွက်လာရလေသည်။

သူ့လုပ်ငန်းသို့ ကျွန်တော်ရောက်ရှိသွားလျှင် တစ်ခါရောက်ပြီး နောက်တစ်ခါရောက်လျှင် ပစ္စည်းအသစ်အဆန်း တစ်မျိုးမဟုတ်တစ်မျိုး တီထွင်ထုတ်လုပ်နေသည်ကို တွေ့ရစမြဲ။ တစ်ခါတစ်ရံ E. 2000 အမိုးဖွင့်ကားနောက်၌ ဂြိုဟ်တုလိုလို၊ ခုံးဖျံလိုလို ဘာကြီးမှန်းအမည်မဖော်တတ်သည့်ပစ္စည်းကြီးတင်ပြီး သူကိုယ်တိုင်မောင်းသွားသည်ကို လမ်းပေါ်တွင်ရုတ်တရက်လှမ်းမြင်လိုက်ရ၍ သူ့အကြောင်းသိသူအချို့က "ဒီလူကတော့ မြန်မာပြည်မှာ ဂြိုဟ်တုစလုပ်မယ့်သူနဲ့တူတယ်ဗျ" ဟုပင် သုံးသပ်ပြောဆိုကြသည်။

နောက်ပိုင်းတွင် သူနှင့်ကျွန်တော် သိပ်မတွေ့ဖြစ်တော့။ သူဗဟန်းတွင် လုပ်ငန်း အခြေစိုက်ဆောင်ရွက်နေကြောင်းသာ ကြားရသည်။ ၁၉၉၂ ခုနှစ်အတွင်း သူ့လုပ်ငန်းတည်ရှိရာ ဗဟန်းအလယ်ရွှေဂုံတိုင်ရပ်ကွက် ရွှေဂုံတိုင်လမ်းအိမ်သို့ရောက်ရှိသွားရာ သူ့အလုပ်ရုံတွင် လက်တွန်းထွန်စက်အမြောက်အမြားနှင့် စပါးခြွေလှေ့စက်များ တွေ့ရသည်။နောက်ပိုင်း၌ သူနှင့်သူ့မိသားစုသည် စန်းစန်းစက်မှုလက်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက်ကို ဖွဲ့စည်းကာ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ပုံထောင်စက်လှေပန်ကာကို ပြောင်းပြန်တပ်ပြီး တီထွင်ပြုလုပ်ထားသည့် စွမ်းအားကောင်းသည့် ပြည်တွင်းဖြစ် ရေတင်ရေစုပ်စက်များ၊ ပေါင်းခွမ်းဗိုများ စသည်တို့ကို အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန ( International

www.burmeseclassic.com

www.burmeseclassic.com



မီးသင့်ပြီးသော ရေနံမီးသွေးခဲကို ဦးတင်ဝင်း ပြသနေစဉ်။



Rice Research Institute - IRRI ) ၏နည်းပညာများ ရယူ၍ အဆက်မပြတ် တီထွင်ထုတ်လုပ်ခဲ့သည်။ သူတီထွင် ထုတ်လုပ်ထားသော ရေတင်စက်ကြီးတစ်လုံး မှသိမ်တွင်စမ်းသပ်အသုံးပြုစဉ် စာရေးသူလိုက်လံ ကြည့်ရှုခဲ့ဖူးသည်။ ဧရာဝတီမြစ်ရေကို ထိုစက်ကြီးဖြင့်စုပ်တင်၍ စိုက်ခင်းများသို့ရေပေးပို့ရာ ထိရောက်တွင်ကျယ်လှသဖြင့် လူကြိုက်များသည်ကို တွေ့မြင်ခဲ့ရသည်။ ထို့အတူ တွံတေးမြို့နယ်၌ ငါးမွေးမြူရေးကန်များသို့ ချောင်းတွင်းမှရေစုပ်တင်ရာတွင်လည်း စန်းစန်း စက်မှုလက်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ရေတင်စက်ကြီးများ၏အစွမ်းကို စာရေးသူ တွေ့မြင်ခဲ့ရဖူးသည်။ အဆိုပါရေစုပ်စက် ရေတင်စက်များနှင့် စပါးခွံမီးဖိုများ ထုတ်လုပ်သည့် နည်းပညာသင်တန်းကို စန်းစန်းစက်မှု လက်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက်က အလုပ်သမားဝန်ကြီး ဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သေးသည်။

ကိုတင်ဝင်းသည် လယ်ယာသုံးစက်ကိရိယာများသာမက သစ်တော ပြုန်းတီးမှု ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းတစ်ရပ်အဖြစ် ထင်းအစားထိုး စပါးခွံမီးဖိုများကို သူဥက္ကဋ္ဌအဖြစ်ပါဝင်သည့် စန်းစန်းစက်မှုလက်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက်က တွင်တွင်ကျယ်ကျယ်ထုတ်လုပ်ခဲ့ရာ သူ၏ လုပ်ငန်းခွင်သို့ ကုလသမဂ္ဂအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနမှ ပုဂ္ဂိုလ်များအပါအဝင် နိုင်ငံတကာမှတာဝန် ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များက လာရောက်လေ့လာအားရှုံ့စိုက်ရသည့် အခြေအနေအထိ ဖြစ်ပေါ်လာခဲ့သည်။ ကိုတင်ဝင်းသည် နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်လာစေရန်နှင့် သစ်တော ပြုန်းတီးမှု ကာကွယ်ထိန်းသိမ်းလာရေးကို အထောက်အကူပြုလာစေရန် ရည်ရွယ်၍ သူတီထွင်ထုတ်လုပ်ခဲ့သော စက်ကိရိယာများကိုအများသိရှိ အသုံးပြုနိုင်ရေး၊ စက်ကိရိယာထုတ်လုပ်မှုနည်းပညာပြန့်ပွားရေးတို့ကို စိတ်အားထက်သန်သည်က တစ်ကြောင်း၊ စာရေးခြင်းကို ဝါသနာပါ သည်ကတစ်ကြောင်း သူပြောပြချင်သည်များကို "ရွှေနဂါးတင်ဝင်း"

www.burmeseclassic.com



ကလောင်အမည်ဖြင့် စာနယ်ဇင်းများတွင် ရေးသားတင်ပြလာခဲ့ရာမှ ရွှေနဂါး တင်ဝင်းဟူ၍ လူသိများလာခဲ့သည်။

တစ်ဖက်မှလည်း စပါးခွံမီးဖိုများသာမက စပါးခွံကိုမီးသွေးတောင့် (လောင်စာတောင့်) အဖြစ် တီထွင်ထုတ်လုပ်လာရာတွင်ပေည်း အောင်မြင်လာပြန်သည်။ ထို့ပြင် စပါးခွံမှဓာတ်ငွေ့ထုတ်ယူပြီး ယင်းဓာတ်ငွေ့ဖြင့် လောင်စာပြုလုပ်သုံးစွဲခြင်း၊ ထိုမှတစ်ဆင့် စပါးခွံဓာတ်ငွေ့ဖြင့် အင်ဂျင်လည်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်အသုံးပြုခြင်းအထိ စက်ကိရိယာများ တီထွင်ထုတ်လုပ်အောင်မြင်ခဲ့ပြန်သည်။ ယင်းတီထွင်ထုတ်လုပ်ထားသော စပါးခွံဓာတ်ငွေ့ဖြင့် အင်ဂျင်လည်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စက်ကို မြန်မာ့စက်မှုလက်မှုပြပွဲ ၉၆ ပြခန်းတွင် တွေ့မြင်ခဲ့ရသည်။

ကိုတင်ဝင်းကို အထက်ပါပြခန်းတွင်တွေ့မြင်ခဲ့ရပြီး ကာလအတန်ကြာ၍ ယခုပြန်တွေ့ရသောအခါ မှော်ဘီမြို့နယ် (ရွှေပြည်သာမြို့နယ်အလွန်) သုခြံကျယ်ကြီးထဲတွင် အုတ်ခဲပုံသဏ္ဍာန် (အပေါက်များနှင့်) လောင်စာတောင့်များထုတ်လုပ်နေသည်ကို တွေ့ရပြန်သည်။ ရေနံမီးသွေးကို နွားချေး၊ ရွှံ့တို့ဖြင့်ရောစပ်၍ အုတ်နီခဲပုံသဏ္ဍာန် ထုတ်လုပ်ထားသော လောင်စာတောင့်များမှာ စက်မှုလုပ်ငန်းသုံးအတွက် အလွန်သင့်လျော်အသုံးဝင်သည်။ စွမ်းအားကောင်းသည်။ ကုန်ကျစရိတ်သက်သာသည်။ မီးသင့်ပြီးသော အဆိုပါလောင်စာတောင့်များမှာ အုတ်နီခဲနှင့် ခွဲမရအောင် အရောင်အသွေးပါတူသည်။ သို့သော် ကိုင်ကြည့်၍ပေါ့ပါးမှုပင် မီးသင့်လောင်စာမှန်းသိရသည်။ ယင်းမီးသင့်လောင်စာတောင့်မှာ ကျိုးလွယ်၊ ကျေလွယ်၍လမ်းခင်းရာတွင် အသုံးပြုနိုင်သည်။

ရွှေနဂါးတင်ဝင်းသည် စက်မှုလက်မှုတီထွင်မှုကို မပြစ်မနေလုပ်တတ်သလို သူလေ့လာသိရှိထားသောပညာရပ်နှင့် တီထွင်အောင်မြင်မှုများကို အများသိစေရန် စာပေဖြင့်ရေးသားတင်ပြမှုကိုလည်း ဇွဲနဘဲဖြင့်ကြိုးစားရေးသားခဲ့ရာ အောင်မြင်မှုများရရှိနေသည်။ "ထင်းအစားထိုးစွမ်းအင်" စာမူဖြင့် ပနက္ကူဦးအုံးဖေစာပေဆု(ပထမဆု)၊ "ဇီဝဒြပ်ထုစွမ်းအင်ဖွံ့ဖြိုးရေး" စာမူဖြင့်



ပနက္ကူဦးအုံးဖေစာပေဆု(ဒုတိယဆု)၊ "ရွှေရောင်လွှမ်းမည့်ခြေလှမ်းသစ်" စာမူဖြင့် စာပေဗိမာန်စာမူဆု(အသုံးချသိပ္ပံ)တတိယဆုရရှိထားသည်။ ဆက်လက်၍လည်း စက်မှုလက်မှုတီထွင်မှုများကို စဉ်းစားတွေးတောကာ လုပ်ကိုင်နေရင်း အခြားတစ်ဖက်မှလည်း မိမိ၏တီထွင်မှု သုတေသနပြုရာမှရရှိလာသောအတွေ့အကြုံများကိုအခြေပြု၍ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့သစ်တောများကို ထိန်းသိမ်းကာကွယ်ရေး၊ မြန်မာ့စိုက်ပျိုးရေး တစ်ခေတ်ပြောင်း တိုးတက်လာစေရေးတို့အတွက် အချိန်ရှိသမျှ ကြိုးပမ်းအားထုတ်လျက်ရှိသည်ကို တွေ့မြင်နေရပေသည်။ သူလိုလူသားမျိုးတွေ နိုင်ငံတော်တွင် အများကြီးလိုပါသည်။

➤➤➤➤➤

www.burmeseclassic.com

www.burmeseclassic.com

# နေလှန်းဆား စခဲ့တဲ့ ဦးစန်းမြင့်နောင်

ဆင်များထဲတွင် ဟိုင်းဆင်သည် ခွန်အားကြီးမားသန်စွမ်းလှသည်။ ဟိုင်းဆင်၏အမှတ်အသားကိုယူ၍ ဟိုင်းဆင်တို့၏အထွတ်အထိပ်ဖြစ်သော "ဟိုင်းမင်း" ဟူသော အားကောင်းမောင်းသန် ဆင်ရုပ်ကြီးနှင့်တကွ လုပ်ငန်း၏အမည်သည် အားမာန်နှင့်ပြည့်စုံနေသည်။

တောင်ဥက္ကလာပ ၉ ရပ်ကွက် သစ္စာလမ်းနှင့် သုရလမ်းထောင့် အဆောက်အအုံကြီး၏ မျက်နှာစာ၌ အားမာန်ပါသော ဟိုင်းဆင်ရုပ်ကြီးကို လှမ်းမြင်ရသည်။ ၎င်းအောက်တွင် ဟိုင်းမင်းစက်မှုလက်မှုလုပ်ငန်းစက်ရုံလည်ပတ်နေသည်။ လုပ်ငန်းကို ပိုင်ရှင်ဦးစန်းမြင့်နောင်နှင့် သားဖြစ်သူကိုအေးနောင်တို့ ဦးစီးလုပ်ကိုင်နေသည်။

ဦးစန်းမြင့်နောင်သည် မျက်နှာတည်ကြည်ပြီး အလုပ်လုပ်ရာတွင် တိကျသလောက် လူမှုဆက်ဆံရေးတွင် သိမ်မွေ့ဖော်ရွေသည်။ မြင်းခြံခရိုင် နွားထိုးကြီးမြို့ ဇာတိဖြစ်ပြီး မိဘများမှာ ဦးအေးမောင်၊ ဒေါ်ခင်ညွန့်တို့ဖြစ်ကြသည်။ ၁၉၆၇ ခုနှစ်ခန့်ကစ၍ စက်မှုလက်မှုလောကထဲ ဝင်ရောက်ခဲ့သည်။



၁၉၇၀ ပတ်ဝန်းကျင်က နိုင်ငံတော်တွင် ချက်ဆားထုတ်လုပ်ဖြန့်ချိနေမှုအစား နေလှန်းဆားကိုထုတ်လုပ်အသုံးပြုရန် စီမံကိန်းပေါ်ပေါက်လာသည်။ ချက်ဆားသည်ထင်းဖြင့်ချက်ရ၍ ထင်းများစွာကုန်ပြီး အနီးပတ်ဝန်းကျင်မှ သစ်တောများပြုန်းတီးစပြုလာသည်။ ကြာလျှင်ခက်ချေမည်။သို့ဖြစ်၍ သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ရန် နေလှန်းဆားဖြင့် အစားထိုးသုံးစွဲမှုဖြစ်မည်။

နေလှန်းဆားသည် အတုံးအခဲများဖြစ်နေသဖြင့် မှုန့်ညက်နေအောင် ပြုလုပ်ရန်လိုအပ်သည်။ ထို့ကြောင့် ထိုစဉ်က ဆားလုပ်ငန်းကော်ပိုရေးရှင်းက ဌာနအကြီးအကဲ ဗိုလ်မှူးကေဘသောင်း၊ ဆားလုပ်ငန်းသုတေသနအရာရှိ ဦးကိုကိုလေးတို့က ဟိုင်းမင်းစက်မှုလက်မှုလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လာသည်။

ရှေးဦးစွာ နေလှန်းဆားကွင်းများ ဖော်ထုတ်ရသည်။ ထို့နောက် နေလှန်းဆားကွင်းများတွင် အများပြည်သူလုပ်တတ်ကိုင်တတ်အောင် နည်းပညာများပေးကြရသည်။ ဆားလုပ်ငန်းကော်ပိုရေးရှင်းကိုယ်တိုင်ကလည်း ရှေ့ဆောင်လုပ်ကိုင်ပြရသည်။ ဆားကိုအမှုန့်ကြိတ်ရန်အတွက် စက်ပိုင်းဆိုင်ရာတီထွင်ရန် ဟိုင်းမင်းစက်မှုလက်မှုလုပ်ငန်းက တာဝန်ယူ ဆောင်ရွက်ရသည်။ ဦးစန်းမြင့်နောင်သည် မြန်မာပြည်အနှံ့လိုက်၍ ဆားစက်ရုံများတည်ပေးသည့်အပြင် လုပ်ကိုင်ရမည့်နည်းလမ်းများကိုလည်း ပေးခဲ့သည်။

ဦးစန်းမြင့်နောင် ပြည်တွင်းရှိပစ္စည်းများအခြေခံ၍ တီထွင်ထုတ်လုပ်ပေးသောစက်ကလေးများဖြင့် စားပွဲတင်ဆား၊ ငရုပ်ကောင်းဆား၊ ဂျင်းဆားများကြိတ်ထုတ်ရာတွင်အောင်မြင်ခဲ့သဖြင့် တစ်ပြည်လုံး၌ အသုံးပြုနိုင်ရန် အမှုန့်ကြိတ်စက်ကြီးကြီးများကိုပါ အမြောက်အမြား ဆက်လက်ထုတ်လုပ်ပေးခဲ့သည်။ တစ်နေ့အလုပ်ချိန်ရှစ်နာရီတွင် ပိဿာတစ်သောင်းမှ နှစ်သောင်းအထိကျသည့် ဆားစက်များကိုပင် ထုတ်လုပ်ပေးနိုင်ခဲ့သည်။

ယခုအခါ အမှုန့်ကြိတ်စက်ကို ပြည်ပမှ လုံးဝမှာယူတင်သွင်းစရာမလိုတော့ဘဲ ဟိုင်းမင်းစက်မှုလက်မှုလုပ်ငန်းက ထုတ်လုပ်ပေးသောစက်

www.burmeseclassic.com

www.burmeseclassic.com

ဦးစန်းမြင့်နောင် (အလယ်တည့်တည့်မှ ပုဂ္ဂိုလ်)အား ဧည့်ခံပွဲ တစ်ခု၌မြင်ရစဉ်။



များကို တစ်နိုင်ငံလုံးရှိ ပုဂ္ဂလိက၊ သမဝါယမအဖွဲ့အစည်းများ၊ တပ်မတော်နှင့် ဌာနဆိုင်ရာများသာမက ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်များရှိ ဆားတောင်သူများနှင့် ဆားကြိတ်စက်ရုံပိုင်ရှင်များက ဝယ်ယူအသုံးပြုလျက်ရှိနေကြပြီဖြစ်သည်။

နိုင်ငံတကာ၌ ဆားချက်ခြင်းကို လုံးဝခွင့်မပြုတော့ဘဲ တားမြစ်သည့် ဥပဒေ၊ အမိန့်များ ထုတ်ပြန်ပြဋ္ဌာန်း ဆောင်ရွက်လျက်ရှိသည်နည်းတူ မြန်မာနိုင်ငံ၌လည်း ချက်ဆားလုံးဝပပျောက်သွားပြီး နေလှမ်းဆားကိုပင် အသုံးပြုနေကြပြီဖြစ်သည်။

ဟိုင်းမင်းစက်မှုလက်မှုလုပ်ငန်းက ဆားကြိတ်စက် (အမှုန့်ကြိတ်စက်) များသာမက ကြက်စာကြိတ်စက်၊ ဂေါ်တန်လဲ့ချေးကျောက်မာတိမ်မြေဩဇာကြိတ်စက်၊ အရိုးကြိတ်စက်၊ ဆေးရိုးစင်းစက်၊ ဆေးရွက်ကြီးချေသည့်စက်၊ ပလတ်စတစ်များအကြမ်းခွဲသည့်စက်၊ ဖွဲကြိတ်စက်၊ အစာမွှေစက်၊ အစာတောင့်စက်(ပုဇွန်အတွက်) စသည်ဖြင့် စားသောက်ကုန်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အထွေထွေစက်မှုလက်မှုလုပ်ငန်းများအတွက် မရှိမဖြစ်သည့် စက်အမြောက်အမြားကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

“ဒီစက်တွေကို ကျွန်တော်တို့ တီထွင်ထုတ်လုပ်လာနိုင်ခဲ့တဲ့အတွက် သွင်းကုန်အစားထိုးနိုင်လို့ နိုင်ငံခြားငွေသက်သာပါတယ်။ ပြီးတော့ပြည်တွင်းဈေးကွက်မှာ ဈေးနှုန်းမှန်ကန်သက်သာစွာနဲ့ ဖြန့်ဖြူးပေးနိုင်လို့ ဝယ်ယူသူတွေလည်းအဆင်ပြေပါတယ်။ ကျွန်တော်တို့ အမှုန့်ကြိတ်စက်တွေဟာ နိုင်ငံတကာစံချိန်မီပါတယ်။ တချို့စက်တွေဆို နိုင်ငံခြားကလာတဲ့စက်ထက် မြင်းကောင်ရေအားလျှော့သုံးရပြီး ထွက်နှုန်းကျတော့ပိုတဲ့အတွက် အသုံးပြုသူတွေ အထူးကျေနပ်နှစ်သက်ကြပါတယ်။ သားဟိုင်းမင်းသည် အမိမြန်မာကို ပီတိလွှမ်းစေရမည်ဆိုတဲ့ ကျွန်တော်တို့ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ပိုမိုအကျိုးပြုနိုင်အောင် ကျွန်တော်တို့ ဆက်ကြိုးစားသွားပါမယ်”

www.burmeseclassic.com





ဆားခါစက်၊ ဆားကြိတ်စက်နှင့် အမှုန့်ကြိတ်စက်များ



လက်မောင်းကို ဆန့်တန်း၍ အားရပါးရပြောပြနေသော ဦးစန်းမြင့်နောင်၏နိုင်မာသည့်စိတ်ဓာတ်နှင့်စကားများက ဟိုင်းမင်းတည်းဟူသော ဆင်ပြောင်ကြီး၏ ခြေလှမ်းကဲ့သို့ တကယ်အားမာန်အပြည့်ရှိလှပေသည်။

▶▶▶▶▶

www.burmeseclassic.com

www.burmeseclassic.com

## ဇယ်စက်သလိုအလုပ်လုပ်သည့် ကိုစိန်ထွန်း

စက်မှုလက်မှုလောကတွင် မရပ်မနားကြိုးစားလုပ်ကိုင်ရင်း တစ်ဟုန်ထိုး နာမည်ကြီးလာသူတစ်ဦးမှာ ကိုစိန်ထွန်းဖြစ်သည်။ ရန်ကုန်ဇာတိဖြစ်ပြီး မိဘများမှာ ဦးသိန်းမောင်၊ ဒေါ်သန်းမြင့်တို့ဖြစ်ကြသည်။ သူ့စက်ရုံမှာ တောင်ဥက္ကလာပမြို့၊ ၉ ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၃၃၇ တွင်တည်ရှိပြီး လုပ်ငန်းအမည်မှာ "စိန်ဝင်းလှိုင်စက်နှင့် စက်ကိရိယာပစ္စည်းလုပ်ငန်း" ဖြစ်သည်။

စိန်ဝင်းလှိုင်လို့ ဘာဖြစ်လို့ အမည်ပေးရသလဲဆိုတော့ ကျွန်တော့်ဖေဖေက ဒီစက်ရုံကို စတည်ထောင်လုပ်ကိုင်ခဲ့တာပါ။ သားသုံးယောက် စိန်ထွန်း၊ စိုးဝင်း၊ စိုးလှိုင်တို့ အမည်ကိုယူပြီး စိန်ဝင်းလှိုင်ဖြစ်လာတာပါ။ ဖေဖေက ပထမတုန်းက သစ်ကုန်သည်ပါ။ သစ်ဆိုင်တွေကို ပြည်သူပိုင်သိမ်းတော့ အဲဒီလုပ်ငန်းကို စွန့်လွှတ်ပြီး ပန်းဘဲဖို စထောင်ခဲ့တယ်။ ညီအစ်ကိုသုံးယောက်စလုံး ဖေဖေနဲ့အတူ လုပ်ကိုင်ရင်းသင်ရင်း လုပ်တတ်လာတယ်။ ကျွန်တော် အထက(၂) ရန်ကင်းမှာ ၁၀ တန်းအထိတက်ခဲ့ပြီးမှ ကျောင်းမတက်တော့ဘဲ

BURMESE CLASSIC .com



အလုပ်ထဲဝင်လုပ်နေခဲ့တယ်။ အလုပ်ထဲမှာ ငါးနှစ်လုပ်ပြီးမှ ၁၉၇၅–၇၆ မှာ ၁၀ တန်းဖြေတာအောင်လို့ အလုပ်လုပ်ရင်း စာပေးစာယူတက်ခဲ့တယ်။ စတုတ္ထနှစ်အထိတက်ခဲ့ပြီးမှ အလုပ်ထဲနစ်မြုပ်နေတာနဲ့ ဆက်မဖြေဖြစ်လိုက်ဘူး။ ဆက်ဖြေရင်လည်းအောင်မယ်၊ ဘွဲ့ရမယ်ဆိုတာ ကိုယ့်ကိုကိုယ်သိပါတယ်။ ဒါပေမယ့် အလုပ်ကိုဦးစားပေးလိုက်လို့ မဖြေဖြစ်တော့ဘူး။ အခု ကျွန်တော့်အသက် ၄၃ နှစ်ရှိပါပြီ။

၁၉၇၆ ကနေ ၁၉၇၈ လောက်အထိ အပ်ချုပ်စက်အပိုပစ္စည်းတွေ ထုတ်လုပ်ခဲ့တယ်။ အဲဒီနောက် ၁၉၈၅ လောက်အထိ ပြည်တွင်းဖြစ်တွင်ခုံတွေဆင်ပြီး ရောင်းခဲ့တယ်။ ပြီးတော့ ကားပစ္စည်း၊ စက်အပိုပစ္စည်းနဲ့ အပ်ထည်အားလုံးလုပ်ကိုင်ပေးခဲ့တာ ယနေ့အထိပဲ ဆိုပါတော့။ ၁၉၈၈–၈၉ နောက်ပိုင်းမှာ တွင်ခုံတွေပြန်လုပ်ခဲ့တယ်။ တွင်ခုံတွေဆိုတာ ဂီယာအုံ (၆' မှ ၁၀' အထိ) ရောင်းလည်းရောင်း၊ သုံးလည်းသုံးတယ်။

ညီဖြစ်သူနဲ့ ယောက်ဖဖြစ်သူတို့က နိုင်ငံခြားမှာ အလုပ်သွားလုပ်ကြသေးတယ်။ နိုင်ငံခြားကပြန်လာတော့ ကျွန်တော်နဲ့ပဲ အတူပူးပေါင်းလုပ်ကိုင်နေကြပါတယ်။ နိုင်ငံခြားစက်အချို့ဝယ်သုံးတယ်။ ဂျပန်ကစက်တွေပေါ့။ အဲဒီနောက် လယ်ယာသုံးစက်ကိရိယာတွေပါ ထုတ်လုပ်ခဲ့တယ်။ အများဆုံး ထုတ်လုပ်တဲ့ပစ္စည်းတွေကတော့ ရေဖြန်းစက်တွေ၊ ပိုက်ဆက်တဲ့ဘားတွေ၊ အခြောက်ခံစက်တွေ၊ စပါးခြွေလှေ့စက်တွေ ဖြစ်ပါတယ်။ အဲဒါတွေအပြင် လက်တွန်းထွန်စက်တွေ၊ ထွန်စက်ထယ်ကိုင်း အပိုပစ္စည်းတွေ၊ ဂီယာနဲ့ ပတ်သက်တဲ့ အပိုပစ္စည်းတွေ တီထွင်ထုတ်လုပ်ခဲ့တယ်။

လက်တွန်းထွန်စက်လား၊ ၁၀ စီးပဲထုတ်ခဲ့ပါသေးတယ်။ အခု ဌာနဆိုင်ရာကရော တောင်သူလယ်သမားများကပါ အပ်နှံလာသမျှ ထွန်စက်အပိုပစ္စည်းတွေကို ထုတ်လုပ်ပေးနေပါတယ်။ ဒါ့အပြင် နိုင်ငံခြားက တင်သွင်းအသုံးပြုနေရတဲ့ စပါးရိတ်သိမ်းခြွေလှေ့စက်မျိုး ကျွန်တော်လုပ်နေပါပြီ။ ပြီးတော့မယ်။ နိုင်ငံခြားကသွင်းနေရတဲ့ စက်ကိရိယာပစ္စည်းတွေ ပြည်တွင်းဖြစ်နဲ့ အစားထိုးနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားရမှာပဲ။ ကျွန်တော်မလုပ်နိုင်တာ

www.burmeseclassic.com

www.burmeseclassic.com

အလုပ်နှင့်လက် ပြတ်သည်မရှိသော ကိုစိန်ထွန်း



မလုပ်တတ်တာ ဘာမှမရှိပါဘူး။ ပစ္စည်းတစ်ခုကို ဒီဇိုင်းပုံစံကြည့်လိုက်တာနဲ့ လိုအပ်တဲ့မိုပုံစံထုတ်လုပ်ပြီး လုပ်လို့ရတာပဲ။

ပြောရဦးမယ်။ ကျွန်တော်က အလုပ်ကိုအစုံလုပ်ခဲ့တာ။ ၁၉၅၅ ခုနှစ်လောက်က ရန်ကုန်မြစ်ထဲ သန်လျင်အနီးမှာ သဲသော်ဆယ်တဲ့လုပ်ငန်းလုပ်ခဲ့တယ်။ အဲဒီအလုပ်ကလည်း မဆိုးပါဘူး။ နောက်သန်လျင်မှာဆန်စက်တည်ခဲ့တယ်။ အခုစက်မှုလက်မှုလုပ်ငန်းက စီးပွားတော့သိပ်မဖြစ်ပါဘူး။ ဝါသနာပါတာနဲ့ ကိုယ်တတ်ထားတဲ့ပညာနဲ့ ထမင်းလည်းစားရ၊ တိုင်းပြည်အတွက်လည်း အထောက်အကူဖြစ်တဲ့လုပ်ငန်းဖြစ်လို့ ဇွဲနဘဲနဲ့လုပ်နေတာပါ။

ဒီလုပ်ငန်းစတည်ထောင်စဉ်က ကျွန်တော့်ဖေဖေက ၁၉၉၆ ခုနှစ်ကုန်ခါနီးမှာထင်ပါတယ်။ ဂျပန်တွင်ခုံလေးတစ်လုံး ၁၆၃၀၀ ကျပ်နဲ့ဝယ်ပြီးတော့ ကပစက ထွက်လာသူတစ်ဦးကို ဆရာထားပြီး သင်ခဲ့တယ်။ အဲဒီဆရာက ဆရာဦးသန်းဆောင်ပါ။ အခု ရဟန်းဝတ်နေတယ်။ အဲဒီဆရာနဲ့ အလုပ်လုပ်ရင်း တော်တော်လေး လုပ်နိုင်ကိုင်နိုင်ရှိလာတော့ ကျွမ်းကျင်သူတွေခေါ်ပြီးတွဲလုပ်ခဲ့တယ်။ အဲဒီအချိန်က စက်မှုလက်မှုလုပ်ကိုင်သူနည်းသေးတော့ ပညာရှင် လွယ်လွယ်ကူကူခေါ်လို့ရသေးတယ်။ အဲဒီလိုလုပ်ရင်းနဲ့ လိုအပ်တဲ့ စက်ကိရိယာတွေလည်း အားဖြည့်ခဲ့တယ်။ ရစ်ပေတွင်ခုံတို့၊ ဖောက်စက်တို့ စသည်ဖြင့် တွင်ခုံအကြီး အသေးတွေ တိုးချဲ့ခဲ့တယ်။ ပြီးတော့ အုန်းဆီစက်တို့၊ ဆီစက်အပိုပစ္စည်းနဲ့ ပဲခွဲစက်တွေထုတ်လုပ်ခဲ့တယ်။ အဲဒီနောက်မှ ခုနပြောသလို ကားပစ္စည်း၊ ဂီယာဘောက်တွင်ထိုင်၊ ကရောင်းတွင်ထိုင်၊ ကားဆင်တဲ့အလုပ်တွေ လုပ်ခဲ့ပြီးတော့ လယ်ယာသုံးစက်ကိရိယာပစ္စည်းတွေ ထုတ်လုပ်လာခဲ့တာပါ။ လယ်ယာသုံးစက်ကိရိယာတွေကို စက်မှုလယ်ယာဦးစီးဌာနနဲ့ ပူးတွဲလုပ်ခဲ့ပါတယ်။

စက်မှုလက်မှုလုပ်ငန်းမှာ ကျွန်တော့်ရဲ့လက်ဦးဆရာတွေကတော့ ဖေဖေရယ်၊ ဆရာဦးသန်းဆောင်၊ ဦးအောင်သန်း၊ ဦးတင်အေးတို့ပါပဲ။ ကျန်ဆရာတွေကတော့ သွားရင်းလာရင်းသင်ပေးတာ။ ဒီအပေါ်ကိုကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်လာတာ အဲဒီဆရာတွေသင်ပေးတာအပြင် ကျွန်တော်

www.burmeseclassic.com

ပထမဆုံးတီထွင်ခဲ့သော ထွန်စက်ကို
ရေဆင်းအနီး သစ်လေးလုံးရွာ၌ စမ်းသပ်စဉ်။



သင်္ဘောကျောက်ဆူး ချရာနှင့် သစ်လုံးများ ဆွဲတင်ရာစက်များ
တီထွင်ထုတ်လုပ် ထားစဉ်။



ကိုယ်တိုင်လည်း အလုပ်လုပ်ရင်းလေ့လာခဲ့တာပါ။ တစ်ခုရှိတာက ၁၉၇၅ ခုနှစ်တုန်းက ကျွန်တော် ဂျီတီအိုင်ဝင်ခွင့်ဖြေခဲ့ဖူးသေးတယ်။ အဲဒီလိုဖြေဆိုမှုအတွက် စာအုပ်တွေလေ့လာခွင့်ရခဲ့တာ ကျွန်တော့်အတွက် အများကြီးအကျိုးရှိခဲ့ပါတယ်။

လက်ရှိကျွန်တော့်စက်ရုံမှာ ၁၀ ပေတွင်ခုံတစ်လုံး၊ ၆ ပေတွင်ခုံနှစ်လုံး၊ ၄ ပေတွင်ခုံနှစ်လုံး၊ ဖောက်စက်ကြီးတစ်လုံး၊ အလတ်တစ်လုံး၊ အသေးနှစ်လုံး၊ သံဂဟေဆော်စက်ငါးလုံး စတဲ့ ဖောက်စက်၊ ဖြတ်စက်၊ ခေါက်စက်မျိုးစုံရှိပါတယ်။ ဒိုင်နမို၊ သံပြားဖြတ်ဖိုတွေ၊ ပလတ်စတစ်မိုတွေလည်းရှိပါတယ်။ ပလတ်စတစ်စက်မျိုးစုံ၊ ဂါလန်ပုံးစက်၊ ရေသန့်ပုလင်းစက်နဲ့ ပုံစံခွက်ဒိုင်း အမျိုးမျိုးထုတ်လုပ်တဲ့ အပ်လာတဲ့စက်မှန်သမျှ ထုတ်လုပ်ပေးခဲ့ပါတယ်။ သံတွေကို အလုံးလုပ်မလား၊ အပြားဖြစ်အောင်လုပ်မလား လိုသလိုလုပ်လို့ရတဲ့စက်တွေရှိတယ်။ အဲဒီစက်တွေဟာ ဒီမှာတီထွင်ထုတ်လုပ်ထားတဲ့ ပြည်တွင်းဖြစ်စက်တွေပါပဲ။ နိုင်ငံခြားဒီဇိုင်းတွေကိုကြည့်ပြီး မိုပုံစံထုတ်ဆင်ထားတာပါ။ အခု ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အပ်ထားတဲ့ မြစ်ရေတင်ပိုက်တွေ ထုတ်လုပ်ပေးနေပါတယ်။ ကျွန်တော့်အနေနဲ့ လာအပ်သမျှလုပ်ငန်းတွေကို ဖြစ်နိုင်တယ်လို့ယူဆတာအားလုံး လက်ခံလုပ်ပေးနေပါတယ်။

အသားညိုညို၊ နှုတ်ခမ်းမွေးနှင့် လူလတ်ပိုင်းသာရှိသေးသော ကိုစိန်ထွန်းသည် ကျွန်တော့်အားပြောပြရင်း စက်ရုံထဲရှိ သူ့လူများအား တစ်ချက် တစ်ချက်လှမ်း၍ လုပ်ငန်းမှာစရာရှိသည်တို့ကို အော်ပြောမှာကြားနေသည်။ တစ်ချိန်တည်းတွင် လူတစ်ယောက်ကလာအပ်သော စက်ပစ္စည်းအပ်ထည်တစ်ခုကို ပုံစံယူကြည့်၍ ပြောသင့်သည်ကိုပြောနေသည်။ အလုပ်သုံးခုကို တစ်ပြိုင်တည်းလုပ်ကိုင်နိုင်အောင် လူကကျန်းမာသန်စွမ်းတုန်း။ အရွယ်ကလည်းရှိသေးတော့ တက်ကြွဖြတ်လတ်စွာဖြင့် ဖယ်စက်သလို လုပ်နိုင်ကိုင်နိုင်သေးသည်။ အစည်းအဝေးတစ်ခု သွားရန်လည်း ရှိနေသည်ဆိုသဖြင့် စာရေးသူသည် သူ့အချိန်ကို မထိနိုက်အောင်

www.burmeseclassic.com



မေးစရာမြန်းစရာကို မြန်မြန်မေး၊ ဓါတ်ပုံမြန်မြန်ရိုက်ပြီး နှုတ်ဆက်ကာပြန်ခဲ့လေသည်။ စိတ်ထဲတွင်မူ ကိုစိန်ထွန်းလိုလူတွေ တိုင်းပြည်မှာများများရှိလျှင် ကောင်းမည်ဟု တွေးတောနေမိပေသတည်း။

➤➤➤➤➤



BURMESE CLASSIC .com

## ထူးလည်းထူးသည့် ဦးခင်မောင်သွင်ဦး

မြန်မာမီးရထား အထွေထွေမန်နေဂျာ ဦးခင်မောင်သွင်ဦးသည် ကျွန်တော် တယ်လီဖုန်းဆက်၍ ချိန်းထားသည့်အတိုင်း ပုဇွန်တောင်ကားရထားစက်ရုံ ရုံးခန်း၌ ပက်လက်ကုလားထိုင်ပေါ်ထိုင်ပြီး ကျွန်တော့်ကိုစောင့်နေသည်။ ရာသီဥတု ပူပြင်းသဖြင့် သူသည် ခွပ်ကျယ်လက်ပြတ်ကလေးကိုသာ ဝတ်ထားသည်။ ဟန်ကြီးပန်ကြီးလုံးဝမရှိဘဲ ရိုးသားဖော်ရွေမှု၊ စကားပြောရာတွင် ပွင့်လင်းမှုတို့မှာ သူ၏ပင်ကိုစရိုက်ဖြစ်ကြောင်း ကျွန်တော်သိထားသည်။ သူသည် အလွန်စိတ်ဝင်စားစရာကောင်းသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

သူ့ကိုမြင်လိုက်တိုင်း ကျွန်တော့်ဘဝနှင့်နှိုင်းယှဉ်ကြည့်မိကာ ကျွန်တော့်ဘဝကို ကျွန်တော်ပြန်သတိရမိသည်။ သူနှင့်ကျွန်တော်သည် ဘဝဖြစ်စဉ်ချင်း တူသလိုရှိသော်လည်း ဘဝအကျိုးပေးပုံချင်းကတော့ မတူချေ။ ငယ်စဉ်ဘဝ အခက်အခဲအမျိုးမျိုးကြောင့် ကျွန်တော်သည် တက္ကသိုလ်ပညာကို ဆုံးခန်းတိုင် မသင်ခဲ့ရသလို ဦးခင်မောင်သွင်ဦးသည် လည်း ၁၀ တန်းအထိသာ

www.burmeseclassic.com

www.burmeseclassic.com



ပညာသင်ကြားခဲ့ရပြီး နတ်မောက်စက်မှုလက်မှု ကျောင်းတွင် လျှပ်စစ်သင်တန်းနှစ်နှစ် တက်ရောက်သင်ကြားခဲ့ရသည့် အထိသာ သင်ခဲ့ရသည်။ ၁၀ တန်းမအောင်သော်လည်း အထွေထွေ မန်နေဂျာကြီးဖြစ်လာခဲ့သောသူလိုလူသည် မြန်မာပြည်တွင် ရှာမှရှားလှသည်။ သူသည် ကျောင်းမှထွက်ပြီး ပုဂ္ဂလိကစီးပွားရေးလောကတွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် ၁၉၇၁ ခုနှစ်မှစ၍ စက်မှုလယ်ယာ၊ ဆင်မလိုက် သင်္ဘောကျင်း၊ အကြီးစားစက်မှုလုပ်ငန်းနှင့် မြန်မာ့မီးရထားတို့တွင် သာမန်ကျွမ်းကျင်ဝန်ထမ်းအဖြစ်မှ အဆင့်ဆင့်တက်ကာ ယခု အထွေထွေမန်နေဂျာအဆင့်အထိ ရောက်ရှိလာခြင်းဖြစ်သည်။

မှတ်မိသေးသည်။ ကျွန်တော်တစ်ချိန်က ဂျာနယ်ကြီးတစ်စောင်တွင် အယ်ဒီတာအဖွဲ့ဝင်တစ်ဦးအဖြစ် ထမ်းဆောင်ခဲ့ဖူးသည်။ အယ်ဒီတာအဖွဲ့ဝင်ဆိုသော်လည်း ဂျာနယ်၏ခေါင်းကြီးပိုင်းများရေးခြင်း၊ အခြားလိုအပ်သည့်ဆောင်းပါးများလည်းရေးခြင်း၊ စာမူများတည်းဖြတ်ခြင်း၊ စာစီခြင်းမှ ဂျာနယ်ထွက်ရှိသည်အထိ စာမျက်နှာဖွဲ့၊ ဒီဇိုင်းပြုလုပ်၊ ဒမ်မီပြုလုပ်၊ ဖလင်ရိုက်၊ ဖလင်ဖောင်များစစ်ဆေး စသည့်လုပ်ငန်းအဆင့်ဆင့်တွင် အဓိကနေရာမှ ပါဝင်စီစဉ်ဆောင်ရွက်ခဲ့ရသည်။ ထိုလုပ်ငန်းတာဝန်များသည် စာရေးတာတစ်ခုသက်သက် သို့မဟုတ် သာမန်အယ်ဒီတာလုပ်ငန်းတစ်ခု သို့မဟုတ် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း နားလည်ရုံသက်သက်ဖြင့် လုပ်၍မရပါ။ မလုပ်တတ်ပါ။ အတွေ့အကြုံရှိပြီး ကျွမ်းကျင်သည့် အယ်ဒီတာများသာလုပ်နိုင်သည်ကို စာပေပညာရှင်တိုင်း သိကြပါသည်။ ထိုလုပ်ငန်းတာဝန်များကို အဆက်မပြတ် ထမ်းဆောင်နေရသော ကျွန်တော်သည် အထက်အဆင့်ရာထူးသို့ တိုးမြှင့်ခန့်ထားရန် ဂျာနယ်သက်တမ်းတစ်လျှောက်လုံး ၁၈ နှစ်ကြာသည့်တိုင် လုံးဝ စဉ်းစားသည်အထဲ မပါခဲ့ချေ။ "လုပ်ငန်းဘယ်လောက်ကျွမ်းကျင်ပါစေ၊ ဘွဲ့မရလို့" ဟူသောအချက်ဖြင့် ကျွန်တော်ခံခဲ့ရသည်။ လုပ်ငန်းဌာနအချို့တွင် တာဝန်ထမ်းဆောင်သူများ၏ အရည်အချင်းကို ဘွဲ့ရခြင်း၊ မရခြင်းနှင့်အဓိက တိုင်းတာလေ့ရှိသော လွဲမှားသည့် ပေါကြောင်ကြောင် အယူအဆများကြောင့် လုပ်ငန်းများအောင်မြင်သင့်သလောက် အောင်မြင်မှုမရရှိသည့်



အခြေအနေများကို စာဖတ်သူများ တွေ့ဖူး၊ ကြုံဖူးကြပါလိမ့်မည်။

ဦးခင်မောင်သွင်ဦးကား ထိုသို့မဟုတ်၊ စိတ်ဓာတ်ခိုင်မာစွာ ကြိုးစားသည်။ လေ့လာသည်။ တီထွင်သည်။ လုပ်ငန်းကျွမ်းကျင်တတ်မြောက်လာသည်။ သူ၏လုပ်ငန်းအတတ်ပညာကိုလည်း အထက်တာဝန်ရှိသူများက နားလည်သဘောပေါက်သည်။ နားလည်သဘောပေါက်၍လည်း ထိုက်ထိုက်တန်တန် အဆင့်တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

ဦးခင်မောင်သွင်ဦးက ရုံးခန်းထဲတွင် လျှပ်စစ်မီးမလာသဖြင့် အနည်းငယ်မှောင်နေသောကြောင့် "လာဗျာ ကိုမြင့်သူရ–အလင်းရောင်လည်းရ၊ လေလည်းရတဲ့ အပြင်ထွက်ထိုင်ပြောကြတာကောင်းပါတယ်"ဟု ပြောပြောဆိုဆိုနှင့် ဆက်တိကုလားထိုင်နှစ်လုံး ရုံးခန်းရှေ့သို့မထုတ်လာသဖြင့် နှစ်ယောက်သားထိုင်ကြသည်။ သူသည် ကျွန်တော်သိချင်သော အချက်များ၊ ကျွန်တော်မေးသောအချက်များကို စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြနေလေသည်။

"ကျွန်တော်က မိဘရဲ့အမွေအနှစ် ဆန်စက်တွေဘာတွေ ရောင်းချပြီး ပန်းကန်စက်ဖြစ်မြောက်အောင်ထောင်လာတဲ့ ပန်းကန်စက်ဦးသော်တို့၊ ငံပြာရည်ကို လှည်းနဲ့တွန်းရောင်းတဲ့ဘဝကတက်လာတဲ့ ဦးပွင့်ကောင်း စတဲ့ပုဂ္ဂိုလ်ကြီးတွေကို မီလိုက်တော့ သူတို့လုပ်တာကိုင်တာ ပြောဆိုတာတွေ မြင်ရ၊ ကြားရပြီး ပညာရလိုက်တယ်။ ခုခေတ်လူငယ်တချို့ လွယ်လွယ်နဲ့ငွေရတဲ့နည်းတွေကို လိုက်လုပ်နေကြတာကြည့်ပြီး တိုင်းပြည်အတွက်ရင်လေးမိတယ်ဗျာ။ စက်မှုနဲ့ပတ်သက်လို့ ဥရောပမှာဆို ဘယ်ပစ္စည်း၊ ဘယ်လောက်စတဲ့ စံချိန်သတ်မှတ်ချက် Standard တွေရှိတယ်။ အခု နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ "စက်မှုဇွမ်းအား ခေတ်ကျော်လွှား" ဆိုတာဖြစ်ဖို့အတွက် လုပ်ချင်တဲ့သူတွေ မွေးရမယ်။ Technique ရှိရမယ်။ စွမ်းအင်၊ ကုန်ကြမ်းနဲ့ ခေတ်မီစက်ပစ္စည်းတွေ ရှိရပါမယ်။ အဲဒီလိုလုပ်နိုင်မှ ထုတ်ကုန်အဆင့်မီပြီး Export လုပ်နိုင်မယ်။ ဥပမာ ပန်းကန်။ ပေါ်စလင်မလုပ်နိုင်သေးတော့ တရုတ်ပစ္စည်းကို မမီဘူး။ သန်လျင် ဖန်ချက်စက်ရုံကထုတ်တဲ့ ဖန်ထည်ပစ္စည်းတွေ ဖန်သားထူတယ်။ အပျက်အစီးများပြီး ဈေးမရဘူး။ ဖန်ရဲ့သဘော

www.burmeseclassic.com

ဘဝကိုအခြေခံမှစခဲ့သောဦးခင်မောင်သွင်ဦး



က ဖန်ပါးလေ အကွဲသက်သာလေပဲ၊ ခေတ်မီစက်လိုတာပါ။ တချို့နိုင်ငံတွေကိုကြည့်၊ ဂျမေကာကင့်ပျော၊ ချီလီကကော်ဖီ၊ ကျူးဘားက သကြားနဲ့ လက်မထောင်နိုင်တယ်။ ကျွန်တော်တို့နိုင်ငံလည်း အဓိက ထွက်ကုန်တစ်ခုခုနဲ့ လက်မထောင်နိုင်အောင် ကြိုးစားဖို့ လိုနေပါပြီ။

ဦးခင်မောင်သွင်ဦးသည် ကျွန်တော့်အားပြောပြနေရာမှ စကားခေတ္တဖြတ်ပြီး သူ့လူတွေကို လုပ်ငန်းညွှန်ကြားစရာရှိသည်များကို ညွှန်ကြားနေသည်။

သူသည်မော်လမြိုင်ဇာတိ၊ (အဘ)ဦးမောင်မြင့်၊ (အမိ)ဒေါ်ခင်စိန်တို့၏ သားလေးယောက်အနက် အကြီးဆုံးသားဖြစ်သည်။ ဘီလူးကျွန်း ချောင်းဆုံမြို့တွင် မူလတန်းပညာကိုသင်ကြားခဲ့ပြီး မော်လမြိုင်အ-ထ-က (၁)တွင် ၁၀ တန်းအထိ တက်ရောက်ခဲ့သည်။ ကျောင်းမှထွက်ပြီးနောက် ရန်ကုန်မြို့သို့ ထွက်ခွါလာခဲ့ပြီး တိုင်းမင်းကြီး ဦးခင်မောင်ရင်၊ ပန်းကန်စက်ဦးသော်၊ ဟသ်ာတ ဦးမြ၊ သီရိပျံချီဦးလှအောင်၊ သိပ္ပံမှူးတင်၊ ဗိုလ်မှူးကြီးတင်နီ၊ စသည့်ပုဂ္ဂိုလ်များ၏ ညွှန်သင်မှုကိုခံယူကာ စက္ကူစက်၊ ရေနံဆီမီးဖိုများ ထုတ်လုပ်သည့် လုပ်ငန်း၊ ရော်ဘာပစ္စည်းအမျိုးမျိုးထုတ်လုပ်သည့် လုပ်ငန်း၊ ကြေးဘယ်ယာရင် ထုတ်လုပ်သည့်စက်ရုံများကို ထူထောင်ဆောင်ရွက်ခဲ့ပြီးမှ နိုင်ငံပိုင် စက်ရုံလုပ်ငန်းဌာနများသို့ ရောက်ရှိလာခြင်းဖြစ်သည်။ သူသည်နယ်မှ ရန်ကုန်ရောက်ရှိလာပုံနှင့် ဘဝကိုမည်သို့စတင်ခဲ့ရပုံကို သူ၏ပြောပြချက်များကလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။

"ကျွန်တော် ၁၉၅၈ ခုနှစ်က မော်လမြိုင်အိမ်ကနေပြီး အလုပ်ရှာဖို့ ရန်ကုန်ကိုထွက်လာခဲ့တယ်။ ရန်ကုန်ရောက်တဲ့အခါမှာ ကျွန်တော့်အိတ်ထဲမှာ ပိုက်ဆံငါးကျပ်ပဲရှိတော့တယ်။ ရထားစီးလာရင်း သိကျွမ်းခဲ့တဲ့ ဗဟန်းနန္ဒဝန်ကျောင်းက ဘုန်းတော်ကြီးတစ်ပါးရဲ့ သနားဂရုဏာသက်မှုကြောင့် ကျောင်းမှာ ကပ်ရပ်ပြီးနေထိုင်ခွင့်ရခဲ့ပြီး ထမင်းအတွက်လည်း ပူစရာမလိုတော့ဘူး။ ရေရှည်အတွက် ဘာလုပ်ရင်ကောင်းမလဲစဉ်းစားရင်း မော်လမြိုင်မှာတုန်းက မိတ်ဆွေအဘိုးကြီးတစ်ဦးဆီက ငှားဖတ်မှုးကို "The Arts of

www.burmeseclassic.com



စစ်တောင်းစက္ကူစက်အတွက် တီထွင်ထားသော အစိတ်အပိုင်း
တစ်ခုကို တီထွင်သူ ဦးခင်မောင်သွင်ဦး (ယာစွန်) စစ်ဆေးနေစဉ်။

ဦးခင်မောင်သွင်ဦး တီထွင်ထားသော ကားရထားတစ်စီး





Paper Making" တအုပ်ထဲက ကောက်ရိုးမှစက္ကူချပ်ပြား ပြုလုပ်နည်းကို သတိရလာတယ်။ ဒါနဲ့ ကျွန်တော့်ကိုခေါ်လာတဲ့ ဘုန်းတော်ကြီးဆီကငွေ ၂၅ ကျပ်တောင်းယူပြီး ကော့စတစ်ဆိုဒါ၊ အရောင်ချွတ်ဆေးမှုန့်၊ ဘဲဥသည်ဆီကကောက်ရိုး၊ စဥ့်အိုးတစ်လုံး၊ ကြေးဆန်ခါတစ်ချပ် ဝယ်ယူစုဆောင်းပြီး ကောက်ရိုးကို ကော့စတစ်ဆိုဒါနဲ့ ပြုတ်ပါတယ်။ အမျှင်ကလေးများသာကျန်တဲ့ကောက်ရိုးကို ကော့စတစ်ဆိုဒါများစင်ကြယ်တဲ့အထိ ရေနဲ့ အထပ်ထပ်ဆေးပါတယ်။ ပြီးတော့ အရောင်ချွတ်ဆေးမှုန့်နဲ့ အရောင်ချွတ်ပါတယ်။ ဖြူဖွေးလာတဲ့ကောက်ရိုးမျှင်ကလေးတွေကို ရေနဲ့တစ်ခါဆေးပြီး စည်ပိုင်းထဲကရေနဲ့ သမနေအောင်ပြုပြင်ပြီး ကြေးဆန်ခါနဲ့ဆယ်၊ ရေစစ်သစ်သားနဲ့ဖိ၊ နေလှန်း၊ အဲဒီနောက် ကမာရွတ်ဘူတာရုံလမ်းမှာရှိတဲ့ ဦးဘအိုအထပ်သားစက်သွားပြီး အပူပေးထားတဲ့ ဟိုက်ဒရောလစ်စက်နဲ့ ဖိလိုက်တဲ့အခါ ချောမောညီညာလှပတဲ့ စက္ကူချပ်ပြားရရှိပါတယ်။ အဲဒီအပေါ်မှာ ကျွန်တော့်အမည်၊ နေထိုင်ရာဘုန်းတော်ကြီးကျောင်းအမည်နဲ့ ဒီလိုကောက်ရိုးချပ်ပြားများလုပ်နိုင်ကြောင်း၊ စိတ်ဝင်စားသူ ကုမ္ပဏီများရှိက ကျွန်တော်နဲ့ဆက်သွယ်နိုင်ကြောင်း စာရေးပြီး ယခင် ပန်းဆိုးတန်းမှာရှိတဲ့ မြန်မာ့စက်မှုလုပ်ငန်းကောင်စီရုံးကဥက္ကဋ္ဌကို သွားပေးခဲ့ပါတယ်။ ဥက္ကဋ္ဌဖြစ်တဲ့ပန်းကန်စက်ဦးသော်ရဲ့ ဆက်သွယ်ပေးမှုကြောင့် တရုတ်သူဌေးနှစ်ဦး ရောက်လာပြီး အဲဒီအချိန်က ငွေကျပ်နှစ်သိန်း ကျွန်တော့်ကိုထုတ်ပေးပြီး စက္ကူချပ်ပြားငါးသောင်းထုတ်လုပ်ပေးဖို့ စာချုပ် ချုပ်ဆိုသွားကြပါတယ်။

ဒါဟာ ကျွန်တော့်ဘဝတိုးတက်ဖို့ အစပျိုးခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုတာက အတတ်ပညာရှိတဲ့လူက အဲဒီအတတ်ပညာကို လက်တွေ့အသုံးချနိုင်ဖို့အတွက် ပန်းကန်စက်ဦးသော်တို့ အဖွဲ့အစည်းလို ကြားခံ အဖွဲ့အစည်းတစ်ခု အမှန်တကယ် လိုအပ်တယ်ဆိုတဲ့ အချက်ပါပဲ။"

နိုင်ငံအတွင်း အေအိုးစီ အင်ဂျင်များ ခေတ်စား၍ မိန်းဘယ်ယာရင်များ၊ ကွန်နတင်းဘယ်ယာရင်များ အလွန်ရှားပါးနေသော ကာလတွင် ထိုဘယ်ယာရင်များမရရှိ၍ အခက်အခဲတွေရှိနေရသော ဘော်ပိုင်ရှင်များ

www.burmeseclassic.com



ပိုင်ရှင် အတော်တော်များများကို ဦးခင်မောင်သွင်ဦးတွေ့နေရသည်။ ထို့ကြောင့် သူသည် ရှိစုမဲ့စု အရင်းအနှီးကလေးဖြင့် မြောက်ဥက္ကလာပ၊ ညရပ်ကွက်၊ ဘုမ္မာ ၂၁ လမ်းတွင် ကိုယ်ပိုင်အလုပ်ရုံကလေး တည်ထောင်ပြီး ကြေးဘယ်ယာရင်များကို မဖြစ်ဖြစ်အောင် လေ့လာတီထွင် ထုတ်လုပ်ခဲ့သည်။ ဘယ်ယာရင်မျိုးစုံ အစုံပေါင်း ၆၀၀၀ ခန့်အထိ သွန်းလောင်းဖြန့်ဖြူးနိုင်ခဲ့သည်။

ဆင်မလိုက်သင်္ဘောကျင်းတွင် ကြေးဘယ်ယာရင်များမရှိ၍ ရပ်ထားရသော ယောင်ခုတ်သင်္ဘောတစ်စင်းအကြောင်း၊ မီးရထားဌာနတွင် ကြေးနှင့်ပတ်သက်သောပစ္စည်းများ မကြာခဏ အခိုးခံရ၍ ဘယ်ယာရင်မရှိသဖြင့် ရပ်ထားရသောတွဲများအကြောင်း ကြားသိရသောအခါ ဦးခင်မောင်သွင်ဦးသည် များစွာစိတ်မကောင်းဖြစ်ရသည်။ ပုဂ္ဂလိကလုပ်ငန်းအနေဖြင့် ရှားရှားပါးပါး ဝယ်ယူစုဆောင်း လုပ်ကိုင်နေမည့်အစား ငွေအား၊ လူအား၊ စက်ကိရိယာအား ပြည့်ပြည့်စုံစုံဖြင့် မိမိတွင်စမ်းသပ်လိုသည်တို့ကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်ရန်အတွက် နိုင်ငံပိုင်လုပ်ငန်းတွင် အလုပ်ဝင်ရောက် လုပ်ကိုင်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီး ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်းဖြင့် သူ၏ဘဝ ခြေလှမ်းသစ်ကို စတင်ခဲ့လေသည်။

သူသည် နေရောင်ခြည်စွမ်းအားဖြင့် အသုံးပြုနိုင်ရန်လည်း ကြိုးပမ်းတီထွင်ခဲ့သည်။ ဘီလပ်မြေနှင့်သဲကို သစ်သားဘောင်အတွင်း ထီးသဏ္ဌာန်အနည်းငယ်ခွက်နေအောင် ပြုလုပ်ပြီး စီးကရက်စက်ရုံများမှ ရောင်ပြန်ခဲများကပ်ကာ သုံးပေအချင်းရှိသော နေရောင်ခြည်ဖြင့် ဆန်လေးလုံးကို နာရီဝက်အတွင်းကျက်အောင်ချက်နိုင်သော နေရောင်ခြည်သုံးမီးဖိုအလုံး ၃၀ ခန့်ကိုလည်း တီထွင်ထုတ်လုပ်ဖြန့်ဖြူးခဲ့သည်။ သူ၏တီထွင်မှုများအနက် လူသိများသောတီထွင်မှုတစ်ရပ်မှာ မီးရထား ကွန်ပိုစစ်ဘရိတ်တုံးများဖြစ်သည်၊ သံကြွပ်ဘရိတ်တုံးများမှာ မကြာခဏအခိုးခံရ၍ အခက်တွေ့နေခဲ့ရာ ဦးခင်မောင်သွင်ဦးက သံကြွပ်ဘရိတ်တုံးများ တီထွင်ထုတ်လုပ်ပေးခဲ့သဖြင့် သူခိုးရန်ကိုလည်း စိုးရိမ်စရာမလိုတော့ဘဲ ၁၉၇၈ ခုနှစ်အတွင်း မြန်မာ့



မီးရထား၌ ငွေကျပ်သိန်း ၄၀ သက်သာသွားခဲ့သည်။

ဦးခင်မောင်သွင်ဦး၏ နာမည်အကြီးဆုံး တီထွင် အောင်မြင်မှုမှာ ကားရထားခေါ် သံလမ်းပြေးကားဖြစ်သည်။ အင်္ဂလန်၊ ဩစတြီးယား စသောနိုင်ငံများ၌ ကားကိုသံဘီးများတပ်၍ ပြေးဆွဲနေကြကြောင်း သူလေ့လာသိရှိထားသည်။ ၁၉၈၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ မီးရထားပညာတော်သင်အဖြစ်သွားရောက်စဉ်က ၈ လက်မဗြက်ရှိ သံလမ်းအဖြားပေါ်တွင် တာယာဘီးဖြင့်မောင်းနှင်သော မြေအောက်ရထားများကို ဦးခင်မောင်သွင်ဦး တွေ့မြင်စီးနင်းခဲ့ရသည်။ မြန်မာနိုင်ငံသို့ပြန်ရောက်သောအခါ အီး ၂၀၀၀ ကားတစ်စီးကို သံလမ်းပေါ်တင်၍ ရထားသံဘီးဖြင့်ထိန်းကာ ကားဘီး၏ယက်အားဖြင့် ရှေ့နောက်မောင်းနှင်ကြည့်ရာ အောင်မြင်သည်။ ယခုအခါတွင် သုံးမရတော့၍ စွန့်ပစ်ထားရသည့် နိုင်ငံပိုင်ကားပျက် ၁၅ စီးကိုပြုပြင်ပြီး သံလမ်းပြေးကားများအဖြစ် အသွင်ပြောင်း တီထွင်ထုတ်လုပ်ပေးခဲ့ပြီဖြစ်သည်။

ထို့ပြင် ဦးခင်မောင်သွင်ဦးသည် မြန်မာ့စက်မှုလက်မှုပွဲ့ဖြိုးတိုးတက်ရေးကော်မတီ၌ တာဝန်ယူရင်း ဒိုင်နမိုအသုံးပြုသည့် စက်ရုံများတွင် Card Board ကိုသုံးရာ၌ မိုးတွင်းတွင် Card Board ကရေစုပ်သည့်အတွက် ယင်းအစား ဖိုင်ဘာအစစ်အသုံးပြုရန် လိုက်လံပြသရသည်။ စက်မှုဇုန်များတွင်အသုံးပြုနေသည့် ပင်နယံများကို နိုင်ငံခြား၌ အသုံးပြုနေသည့် နည်းဖြစ်သော အမာတင် (ဆေးသားတင်)ခြင်းကို လိုက်လံပြသပေးသည်။ စက်စွမ်းအားပြည့် အဖွဲ့ဝင် တစ်ဦးအနေဖြင့် ချည်စက်များတွင် လိုအပ်နေသော စပရင်များအစား သားရေကြိုးဖြင့် အစားထိုးသုံးရန် လိုက်လံပြသသည်။ မြိုင်ကလေးဘိလပ်မြေ စက်ရုံတွင် ပြည်တွင်းဖြစ် စက်အရန်ပစ္စည်း ၂၀ ကို တီထွင်ထုတ်လုပ် အစား ထိုးပေးခဲ့သည်။ စက္ကူစက်များတွင် လိုအပ်သည့် ပျော့ဖတ်လုပ်ရာတွင် အရေးပါသည့် သံမဏိသွားများသာမက စက်အရန်ပစ္စည်းအမျိုး ၂၀ ကိုလည်း တီထွင်ထုတ်လုပ်ပေးခဲ့သည်။ မီးရထားလမ်းတံတားများ တည်ဆောက်ရာတွင် မြန်မြန်နှင့် အရှည်အသွေးမီမီ ပြီးစီးရေးကို ကြီးစွာအထောက်အကူပြုသည့် Steam Pushing Process ကို

www.burmeseclassic.com

www.burmeseclassic.com



ကိုထွင် ထုတ်လုပ်ပေးသဖြင့် အင်္ဂတေသွန်းလောင်းပြီး ပြုလုပ်ရသည့် ပစ္စည်းသည် ၂၁ ရက်ကြာမှ အသားကျခဲ့ရာမှ ယခုအခါ ရေမွှေးငွေ့ဖြင့် ၁၀ နာရီ အပူပေးလိုက် ရုံဖြင့် ပြီးစီးသွားပြီဖြစ်သည်။ ပုံတောင်ပုံညာကျောအသေ သဏ္ဍာန်တစ်မိုင်ကျော်ရှည် သည့် ရထားလမ်းဥမင်လိုဏ်ခေါင်းကြီး ဖောက်လုပ်ရာတွင် ဖော့နှင့်ကတ္တရာ ရောစပ်ပေးသည့် ကော်ပတ်အစား ရော်ဘာဖြင့် Expansion Join များ တီထွင်ပေးနိုင်ခဲ့သည်။

ယင်းတို့မှာ ဦးခင်မောင်သွင်ဦး၏ တီထွင်အောင်မြင်မှု အမြောက်အမြား အနက် အချို့သာလျှင်ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် စက်ဖြင့်ထိန်းချုပ်မောင်းနှင်ပျံသန်းရှုရသော လေယာဉ်ကို ပထမဆုံးတီထွင်အောင်မြင်သူများမှာ အမေရိကန်နိုင်ငံမှ စက်ဘီးပြင်စားသော ရိုက်ညီအစ်ကိုဖြစ်သည်။ တရုတ်ပြည်တွင် လေယာဉ်တည်ဆောက်ရေးစက်ရုံကြီးကို တည်ဆောက်ပြီး တရုတ်လေကြောင်းသမိုင်းကို စတင်ခဲ့သူမှာ အတန်းပညာ ၄ တန်းအထိသာသင်ခဲ့ဖူးသော တရုတ်လူငယ်တစ်ဦးသာဖြစ်သည်။ ဗြိတိန်တွင် ဂျက်လေယာဉ်စက်များကို ပထမဦးဆုံး တီထွင်သူမှာလည်း ထမင်းချက်သမား လူငယ်တစ်ဦးပင်ဖြစ်သည်။ ဂျပန်နိုင်ငံတွင် ဟွန်ဒါ မော်တော်ဆိုင်ကယ်ကို ပထမဆုံး တီထွင်ထုတ်လုပ်ခဲ့သူမှာ အတန်းပညာ ၈ တန်းသာတတ်သော လူငယ်ကလေး ဟွန်ဒါဖြစ်သည်။ အမေရိကန်တွင် လီယာဂျက်လေယာဉ်ကို တီထွင်ဦးစီးထုတ်လုပ်ခဲ့သူမှာလည်း ၈ တန်းအောင်သည့်ပုဂ္ဂိုလ်တစ်ဦးသာဖြစ်သည်။ ထို့ပြင် ကမ္ဘာပေါ်၌ ရေမွှေးငွေ့စက်များ၏ ဖခင်ကြီးအဖြစ် ထင်ရှားသော ဂျိမ်းဝပ်၊ ကြေးနန်းရိုက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးကို တီထွင်ခဲ့သူ သောမတ်အယ်ဘာအယ်ဒီဆင်၊ ဖို့ဒ်မော်တော်ကားကုမ္ပဏီ၏ ဖခင်ကြီး ဟင်နရီဖို့ဒ်၊ ဆင်းဂါးအပ်ချုပ်စက် တီထွင်ခဲ့သူ အိုင်လီရာဟိုး စသူတို့မှာလည်း ငယ်စဉ်က အတန်းပညာ ကောင်းစွာသင်ကြားခဲ့ရသူများ မဟုတ်ချေ။

ဆိုလိုသည်မှာ လူ့လောကအလှကို ဖန်ဆင်းခဲ့သည့် တီထွင်မှုစွမ်းအားရှင်များမှာ အများအားဖြင့် ဘွဲ့၊ ဒီဂရီ ရခဲ့ကြသူများမဟုတ်ကြချေ။ ဘွဲ့ဒီဂရီမရရှိ



သော်လည်း ကမ္ဘာကျော်သည်အထိ တီထွင်အောင်မြင်သည့် စွမ်းအားရှင်ကြီးတွေဖြစ်လာနိုင်သည်ဟူသောအချက်ကို မီးမောင်းထိုးပြလိုခြင်းဖြစ်သည်။ မြန်မာပြည်တွင်အတန်းပညာအားဖြင့် ၁၀ တန်းသာရှိသော ဦးခင်မောင်သွင်ဦးသည်လည်း အံ့မခန်းတီထွင်အောင်မြင်မှုများဖြင့် အထွေထွေ မန်နေဂျာအဆင့်အထိ ဖြစ်လာပြီး နိုင်ငံကျော်ဖြစ်လာသည်မှာ ဂုဏ်ယူဖွယ်ကောင်းလေစွ။

➤➤➤➤➤

ဦးခင်မောင်သွင်ဦး တီထွင်သောစက်ခေါင်းတပ်ဆင်မောင်းသည့် ကားရထားတစ်စီး ညောင်လေးပင်မြို့ဘူတာသို့ ဆိုက်ရောက်လာစဉ်

www.burmeseclassic.com

## နေအားလျှပ်စစ်ခေတ်ကို ရှေ့ဆောင်သည့် ဦးအောင်မြင့်

သူ့ကိုကြည့်လိုက်လျှင် အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်၊ မျက်နှာကြော ခပ်တင်းတင်း၊ တစ်ဘက်သားကို အဖက်မလုပ်ချင်သလိုလိုပုံစံမျိုး။ သို့သော် တကယ် ပေါင်းကြည့်သောအခါ သဘောထားရိုးဖြောင့်၍ စိတ်ကောင်းရှိသူမှန်း သိရသည်။ သူကား ကျောက်ဆည်ဇာတိ၊ လုဝင်မှုကြီးကြပ်ရေး လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ဦးသန့်စင်၊ ဒေါ်အုန်းစီတို့၏သား၊ အသက် ၄၉ နှစ်ရှိပြီဖြစ်သော ဦးအောင်မြင့်ဖြစ်သည်။ သူသည် သိပ္ပံဘွဲ့ (အဏ္ဏဝါရုက္ခဗေဒ)ရပြီးနောက် မဟာသိပ္ပံ(အဏ္ဏဝါဇီဝဗေဒ)ဘွဲ့ ရရှိခဲ့သည်။ ကုလသမဂ္ဂ ယူအင်ဒီပီ၊ ယူနက်စကို အစီအစဉ်များဖြင့် ပင်လယ်ကမ်းရိုးတန်းတို့တွင် ပေါက်ရောက်လျက်ရှိသော ဒီရေတောနှင့်ပတ်သက်သော ပညာရပ် (Mangrove Ecology) များကို ပြည်တွင်းမှာရော နိုင်ငံခြားမှာပါ သွားရောက်လေ့လာ သုတေသနပြုလုပ်ခဲ့သော ပညာရှင်တစ်ယောက်။ ထို့ပြင် Marine Science Strengthing Project ဖြင့် ပင်လယ်ရေမှော် ( Seaweed ) အထူးပြုသုတေသနများ ပြုလုပ်ခဲ့သူ။ မြန်မာနိုင်ငံ၏



တစ်ခုတည်းသော အဏ္ဏဝါသုတေသနစခန်းကို ယူအင်ဒီပီ အကူအညီဖြင့် ထူထောင်ရာတွင် ဦးဆောင်ပါဝင် အကောင်အထည်ဖော်ပေးခဲ့သူ။ မြန်မာနိုင်ငံ ရေလုပ်ငန်းပညာရှင်များအသင်းတွင် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်နေသူ။ ပူးတွဲဆက်နွယ် စိုက်ပျိုးမွေးမြူ ထုတ်လုပ်ရေးလုပ်ငန်း (Integrated Farming Enterprise) ထူထောင်ရာတွင်ပါဝင်ခဲ့သူ။ ရေလုပ်ငန်းပညာနှင့် ပတ်သက်၍ ရန်ကုန်တိုင်းသမဝါယမအသင်းစုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သူ။ စိမ်းပြာရေညှိတစ်မျိုးဖြစ်သော Spirulina မှ တန်ဖိုးရှိသောအာဟာရဆေးပြား ပရိုဗီမင်ထုတ်လုပ်မှုတွင် အခြေခံဓာတ်ခွဲခန်းမှစ၍ ထုတ်လုပ်မှု အဆင့်ဆင့်တွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်ခဲ့သူအဖြစ် ကျွန်တော် သိခဲ့သည်။

သူနှင့်စတွေ့သိကျွမ်းခဲ့စဉ်က သူသည် စက်မှုစိုက်ပျိုးရေးသမဝါယမ အသင်းလီမိတက်တွင် စပါးခြွေလှေ့စက်၊ ရေစုပ်စက် စသည့်အသေးစား လယ်ယာသုံးစက်ကိရိယာများ၊ ထုတ်လုပ်ရာ၌ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသည်။ နိုင်ငံတော်စီးပွားရေးတိုးတက်ရေးအတွက် အဓိကလိုအပ်သော လယ်ယာသုံး စက်ကိရိယာများ ထုတ်လုပ်ခြင်းသည် လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းတစ်ရပ်ဖြစ်သည် ဟူသောယုံကြည်ချက်ဖြင့် ထိုလုပ်ငန်းကို ပါဝင်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း သူပြောခဲ့ဖူးသည်။ ထိုအသင်းတွင် လယ်ယာသုံး စက်ကိရိယာများထုတ်လုပ်ဖြန့်ဖြူးမှုနှင့်အတူ နေရောင်ခြည်မှစွမ်းအင်ထုတ်လုပ်အသုံးချရေးကိုလည်း ပူးတွဲလုပ်ဆောင်နေသည်ကို ကျွန်တော်တွေ့ခဲ့ရသည်။ ထိုနောက်ပိုင်းတွင် သူနှင့်ကျွန်တော် မဆုံဖြစ်သည်မှာ ငါးနှစ်ခန့် ရှိပြီဖြစ်သည်။

တစ်နေ့ ကိစ္စတစ်ခုနှင့်လာရင်း ကျွန်တော်၏အလုပ်ခန်းသို့ လည်ပတ်လာသည်။ ကျွန်တော့်အား နေအားလျှပ်စစ်နှင့် ပတ်သက်၍ သူ၏ခရီးပေါက်နေမှု အခြေအနေကို လာရောက်လေ့လာကြည့်ပါရန် ဖိတ်ခေါ်သဖြင့် ငါးရက်ခန့် အကြာတွင် သူ့အားတယ်လီဖုန်းဖြင့် အဆက်အသွယ်ပြုပြီး သူ့နေအိမ်လည်းဖြစ်၊ သူ့ရုံးခန်းလည်းဖြစ်သော အလုံ၊ သစ်တောလမ်းအိမ်သို့ ရောက်ရှိ

www.burmeseclassic.com

လက်မှတ်ရေးထိုးပွဲ၌
ဦးအောင်မြင့် (မတ်တတ်
ရပ်နေသူ)အား တွေ့ရစဉ်။



သွားသည်။ သူက ကျွန်တော့်အား ဝမ်းသာအားရ ဆီးကြိုပြီး နံနက်စာ မုန့်ဟင်းခါး အတူသုံးဆောင်ကာ သူ၏ နေအားလျှပ်စစ်လုပ်ငန်းများနှင့် ပတ်သက်သော အခြေအနေများကို ကျွန်တော်မေးမြန်းသမျှ စိတ်ရှည် လက်ရှည် ရှင်းပြပြောဆိုနေတော့သည်။

"နေအားလျှပ်စစ် (Solar Electric System)ကို ၁၉၉၃ ခုနှစ်က ကျွန်တော်စလုပ်ခဲ့တာပါ။ စစ်ကိုင်းတိုင်းတွင်းတောင်မှာရှိတဲ့ စိမ်းပြာရေညှိကို သဘာဝ သမားရိုးကျ ထုတ်နေရာက ပိုကောင်းအောင် နည်းပညာနဲ့ လုပ်လို့ ရပါတယ်။ အဲဒါကို အမေရိကန်ပညာရှင် အဖွဲ့တစ်ဖွဲ့နဲ့ စက်မှု (၁) က တာဝန်ရှိသူတချို့ ပူးပေါင်းပြီး ကွင်းဆင်းလေ့လာခဲ့ရာက ပိုကောင်းအောင် Upgrade လုပ်လို့ရတာ တွေ့ခဲ့ရတယ်။ တွင်းကခပ်ယူတဲ့ရေညှိကို အဝတ်တွေနဲ့စစ်ပြီး ရရှိတဲ့အဖတ်တွေကို နေလှန်း၊ အမှုန့်ကြိတ်ပြီး အခြောက်တောင့်လေးများဖြစ်လာအောင် တစ်ရက်ခွဲ နှစ်ရက်လောက်ကြာတယ်။ ဒါဆို စက်မှု နည်းပညာတွေနဲ့ ပြောင်းလဲလုပ်ရင် တွင်းထဲကခပ်ယူတဲ့ စိမ်းပြာရေညှိကို နာရီဝက်အတွင်းမှာ အခြောက်မှုန့်ဖြစ်အောင်လုပ်လို့ရတယ်။ အဓိက ကတော့ နေအားလျှပ်စစ်စွမ်းအင် အသုံးပြုဆောင်ရွက်ခြင်းပါပဲ။

ကျွန်တော် ဘွဲ့ရရှိခဲ့တဲ့ဘာသာရပ်ရဲ့ အထူးပြုပညာရပ်ဖြစ်တဲ့ ဂေဟဗေဒ (Ecology) (ပတ်ဝန်းကျင်အခြေအနေ သုံးသပ်မှုပညာ)နဲ့ လျော်ညီတဲ့ အကျိုးပြုလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ဖို့ နေအားလျှပ်စစ်နည်းပညာနဲ့ ပစ္စည်းတချို့ကို အမေရိကန်ကုန်သည်တစ်ဦးဆီက စတင်ရရှိခဲ့ပြီးတဲ့နောက် လက်တွေ့လေ့လာ လုပ်ကိုင်ကြည့်ပြီးမှ အကောင်အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။

သဘာဝသယံဇာတကို ကောင်းကျိုးဖြစ်အောင် လုပ်တဲ့နေရာမှာ နေအား လျှပ်စစ်စွမ်းအင်စနစ်ဟာ တခြားဟာတွေထက် လွယ်ကူရှင်းလင်းပါတယ်။ နေရောင်ခြည်အလင်းစွမ်းအင် လောင်စာကိုသုံးတဲ့အတွက် လောင်စာပြဿနာ မရှိပါဘူး။ ဒါကြောင့် နောက်ဆက်တွဲ လောင်စာစရိတ် လုံးဝမရှိဘူး။ လျှပ်စစ် ထုတ်လုပ်မှုဖြစ်စဉ်မှာ လှုပ်ရှားတဲ့ အစိတ်အပိုင်း လုံးဝမပါတဲ့အတွက် အသ

၁၉၉၆ လှိုင်ကော် ကျောင်းသားပွဲတော်တွင် နေအားလျှပ်စစ် ပြခန်း မြင်ကွင်း

လုံးဝမထွက်တဲ့အပြင် ပျက်စီးလို့လဲလှယ်ရမယ့် အစိတ်အပိုင်းလဲ လုံးဝမရှိဘူး။ တခြားဘေးထွက်ပစ္စည်း မရှိတဲ့အတွက် အနံ့၊ အနိုးအငွေ့မရှိ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ထိခိုက်မှု လုံးဝမရှိ။ ပတ်ဝန်းကျင်ဆိုင်ရာ ဒုက္ခတွေ ချုပ်ငြိမ်းတဲ့အပြင် နေအားလျှပ်စစ် အသုံးပြုခြင်းဖြင့် ရေနံ၊ ဓာတ်သုံးဆီ၊ ဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ယူရေနီယံသတ္တု စတဲ့ တခြားလောင်စာစွမ်းအင် အရင်းအမြစ်တွေကို အများကြီးချွေတာ ထိန်းသိမ်းနိုင်ပါတယ်။

ယေဘုယျအားဖြင့် သိထားကြတာက လျှပ်စစ်ဓာတ်အားရဖို့ မီးလိုင်းရှိမှ၊ မီးစက်ထောင်နိုင်မှ၊ မီးလိုင်း၊ မီးစက်ရှိရုံနဲ့မပြီးသေးဘူး၊ ဗို့အားအမြဲပြည့်နေဖို့ အချိန်ပြည့်မီးရရှိဖို့နဲ့ လောင်စာဆီ မပြတ်ရှိနေဖို့ဆိုတဲ့ ကိစ္စတွေရှိနေပါတယ်။ ဖွံ့ဖြိုးပြီးတဲ့ နိုင်ငံကြီးတွေမှာတောင် လျှပ်စစ်မီးလိုင်း မရောက်နိုင်သေးတဲ့ ဒေသတွေရှိနေဆဲဖြစ်ပါတယ်။ ဒါ့အပြင် လောင်စာဆီချွေတာရတာတို့၊ လောင်စာဆီပို့ဖို့ အခက်အခဲတွေလဲ ရှိနေပါတယ်။ အဲဒီလို လျှပ်စစ်မီးမရသေးတဲ့ဒေသတွေ ဖွံ့ဖြိုးရေးအတွက် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားကို နေရောင်ခြည်က ရယူအသုံးပြုနေကြပြီဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ နေအားလျှပ်စစ်စွမ်းအင်ဟာ "စဉ်ဆက်မပြတ်ဖြည့်ဆည်းနိုင်တဲ့ မကုန်ဆုံးနိုင်တဲ့ အစားထိုးစွမ်းအင် အမျိုးအစား (Renewable Alternative Energy) ဖြစ်ပါတယ်။ နေအားလျှပ်စစ်စွမ်းအင်ကို ရရှိစေဖို့ အဓိကလိုအပ်တဲ့ နေအားလျှပ်စစ်ပြား (Solar Module) ပြုလုပ်တဲ့ ဆိုလာဆဲလ် (Solar Cell)တွေဟာလဲ ကမ္ဘာ့နေရာတိုင်းမှာ ပေါများလှတဲ့ သဲ (Silicon)နဲ့ ပြုလုပ်ရရှိတဲ့အတွက် ကုန်ကြမ်းလဲ ပူစရာမလိုဘူး။ ဒါကြောင့် ဒီနေ့ကမ္ဘာပေါ်မှာ နေအားလျှပ်စစ်စွမ်းအင် အသုံးပြုမှု အထူးတိုးတက် များပြားလာပါတယ်။ အထူးသဖြင့် ဂျာမနီ၊ အမေရိကန်နဲ့ ဂျပန်နိုင်ငံရှိ Siemens Solar Co. စက်ရုံတွေက နေအားလျှပ်စစ်ပစ္စည်းတွေ တွင်တွင်ကျယ်ကျယ် ထုတ်လုပ်ရောင်းချ နေကြပါတယ်။ လက်ရှိအသုံးပြုနေကြတဲ့ နေအားလျှပ်စစ်ပြား အမျိုးအစားတွေထဲမှာ မိုနိုခရစ်စတယ်လိုင်း (Monocrystaline)ဟာ အကောင်းဆုံးလို့ ဆိုရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နိုင်ငံမှာလဲ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဒီ နေအားလျှပ်စစ်စွမ်းအင်လုပ်ငန်းကို မဖြစ်မနေ လုပ်ကိုလုပ်သင့်တယ်ဆိုတဲ့ ခံယူချက်နဲ့ လောလောဆယ် အကျိုးအမြတ်မရှိသေးတဲ့တိုင် ဈေးကွက်ရအောင် သုံးနှစ်လောက်လုပ်ကြည့်မယ်ဆိုပြီး ကျွန်တော်စလုပ်ခဲ့တာ။ စလုပ်လုပ်ချင်း လျှပ်စစ်စွမ်းအင်ကို ကိုယ်တိုင်ထုတ်လုပ် ရောင်းချတာဆိုတော့ ဒီလိုလုပ်ခွင့် ရှိမရှိ ပထမဆုံး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းကို တင်ပြညှိနှိုင်းရသေးတယ်။ ပြဿနာမရှိပါဘူး။ လုပ်လို့ရတယ်ဆိုတော့မှ လုပ်ခဲ့ရတာ။ အဲဒီလိုစမ်းသပ်လုပ်ရင်း ၁၉၉၅ ခုနှစ်မှာ ထင်းအစားအခြားလောင်စာ တီထွင်ထုတ်လုပ်သုံးစွဲရေးကော်မတီ ပေါ်လာတော့ အဲဒီကော်မတီနဲ့ပူးပေါင်းပြီး နယ်လှည့်ဟောပြောသရုပ်ပြပွဲတွေ လုပ်ခဲ့တယ်။ နိုင်ငံတော်အတွင်း ကျင်းပခဲ့တဲ့ ဈေးပွဲတော်၊ ကျောင်းသားပွဲတော်၊ စက်မှုလက်မှုပြပွဲ၊ ပြည်နယ်နေ့ပြပွဲနဲ့ ပြည်ထောင်စုနေ့ပြပွဲတွေမှာ ပညာပေးအရောင်းပြခန်းတွေဖွင့်လှစ်ပြီး စိတ်ဝင်စားသူတွေကို အသေးစိတ်ရှင်းလင်းပြသ၊ အသိပညာဖြန့်ဝေပါတယ်။ ဒါ့အပြင် လုပ်ငန်းပိုမိုတွင်ကျယ်အောင် ကျွန်တော်ဦးစီးပြီး Sun Power Co.Ltd.ကို ထူထောင်လုပ်နေပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများရဲ့ အလင်းရောင်သမဝါယမအသင်းလီမိတက်နဲ့ ပူးပေါင်းပြီးတော့လဲ နေအားလျှပ်စစ်စွမ်းအင်ပစ္စည်းတွေ ဖြန့်ဖြူးရောင်းချပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ နေရောင်ခြည်သုံးပန့်တွေကို ပြုပြင်ထိန်းသိမ်း တပ်ဆင်ပေးမှုတွေလဲ ဆောင်ရွက်ပေးနေပါတယ်။ ကုလသမဂ္ဂအစီအစဉ်နဲ့ ရေအရင်းအမြစ်အသုံးချရေးဌာနက ၁၉၈၉ ခုနှစ်လောက်ကစပြီး တစ်ပြည်လုံးမှ စခန်းပေါင်း ၄၀ ဖွင့်လှစ်ပြီး နေအားလျှပ်စစ်စနစ် အသုံးပြုပြီး ရေပေးဝေနေပါတယ်။ အဲဒီစခန်းတွေက စက်တွေပုံမှန်လည်နိုင်အောင် နေအားလျှပ်စစ်စွမ်းအင် ပုံမှန်ရရှိဖို့ ကျွန်တော် လိုက်လံဆောင်ရွက် ပေးရပါတယ်။

လွန်ခဲ့တဲ့နှစ်လက ကုလသမဂ္ဂယူနက်စကို၊ ယူအင်ဒီပီနဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်းပြီး ရန်ကုန်မှာ အလုပ်ရုံဆွေးနွေးပွဲတစ်ခု



လုပ်ခဲ့တယ်။ ဒီဆွေးနွေးပွဲမှာ နေအားလျှပ်စစ်နဲ့ ပတ်သက်လို့အဓိကပစ္စည်းတွေ အခုမဖြစ်သေးရင် နောင်ဘယ်နှနှစ်ကြာမှာ ဖြစ်လာမလဲ။ ဘာလို သေးလဲ စသည်ဖြင့် အသေးစိတ်ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာ့မီးရထားက ပုဂ္ဂိုလ် (အင်ဂျင်နီယာ)တစ်ယောက်က နယ်စပ်ဒေသဖွံ့ဖြိုးရေးမှာ အင်ဂျင်စက်တွေ ဆီအခက်အခဲ ဖြစ်နေတဲ့ကိစ္စကို Solar System နဲ့လုပ်လိုက်ရင် အများကြီးသက်သာ အဆင်ပြေသွားမယ်လို့ တင်ပြခဲ့ပါတယ်။ ဟောအခု နေအားလျှပ်စစ်ကို ပန့်လျှန်းဒေသမှာ စတင်အကောင်အထည် ဖော်နေပြီ။ မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းတွေမှာလဲ နေအားလျှပ်စစ်စွမ်းအင် အသုံးချဖို့ စီစဉ်နေကြောင်းသိရလို့ ဝမ်းသာတယ်။ အဲဒီလုပ်ငန်းတွေမှာ ကျွန်တော် ပါချင်မှ ပါမယ်။ ဘယ်သူပဲလုပ်လုပ် ကိုယ့်တိုင်းပြည်မှာ လိုအပ်နေတဲ့ နေအားလျှပ်စစ်စွမ်းအင်ထုတ်လုပ်အသုံးချမှု မှန်သမျှကို ဝမ်းမြောက်ဝမ်းသာကြိုဆိုရမှာပဲ။

နောက်တစ်ခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မြန်မာပြည်မှာ ဂြိုဟ်တုစခန်းတွေ စဖွင့်တော့ Solar System နဲ့လုပ်မယ်ဆိုပြီးခေါ်လို့ ကျွန်တော် သွားရောက်ဆောင်ရွက်ပေးခဲ့ရပါတယ်။ မိုးကုတ်ဂြိုဟ်တုစခန်းမှာ နေအားလျှပ်စစ်စွမ်းအင် စတင်သုံးနေပါပြီ။

တစ်ခါ မတ္တရာမြို့နယ် နံ့သာမြိုင်ကျေးရွာမှာ အနာကြီးရောဂါကုဆေးရုံက ရောဂါပျောက်သူတွေကို ရွာတည်ပေးထားတာ တစ်ရွာလုံး ရေရရှိရေးအတွက် ဂျပန်နိုင်ငံ အကူအညီနဲ့ ကျန်းမာရေးဝန်ကြီးဌာနက ကျပ်သိန်း ၃၀၀ အကုန်ခံပြီး ဆောင်ရွက်ပေးတယ်။ အဲဒီမှာ နေအားလျှပ်စစ်စွမ်းအင်နဲ့ ရေရရှိအောင် ကန်ထရိုက်ပေးလို့ ကျွန်တော်သွားလုပ်ပေးခဲ့တယ်။ နေအားလျှပ်စစ်ပြား အချပ်ကြီး ၄၈ ချပ်တပ်ဆင်ပြီး နေ့စဉ်ရေဂါလန် နှစ်သောင်းခွဲ ပေးနေတာ တစ်နှစ်နီးပါးရှိပါပြီ။ အဲဒီစခန်းမှာ နေအားလျှပ်စစ်ပြားတွေဟာ နေဘက်ကို အလိုလိုလှည့်တဲ့ Auto tractor စနစ်နဲ့ ပြုလုပ်တပ်ဆင်ပေးထားပါတယ်။"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် နေအားလျှပ်စစ်စွမ်းအင်ဖြင့် ရေစုပ်တင်သည့်ကိရိယာအချို့ကို ပြသနေလေသည်။ ပြီးမှ စကားကိုဆက်ပြောသည်။

"ကုလသမဂ္ဂ ယူအင်ဒီပီက မြန်မာပြည်မှာ ပုဂ္ဂလိကဘဏ်နဲ့ ပထမဆုံးအကြိမ် ပူးပေါင်းဆောင်ရွက်မှုအဖြစ် ရိုးမဘဏ်နဲ့ သဘောတူလက်မှတ်ရေးထိုးပြီး စွမ်းအင်ဝန်ကြီးဌာနနဲ့ ပူးပေါင်းကာ Joint Project အနေနဲ့ သုံးခွမြို့နယ် ပုလဲကျေးရွာမှာ နေစွမ်းအင်သုံး မိုတိုဗိုတိတ် ဘက်ထရီအားသွင်းစခန်း ဖွင့်ထားပါတယ်။ လျှပ်စစ်မီးလိုင်းမရသေးတဲ့ကျေးရွာတွေမှာ အင်ဂျင်နဲ့သုံးတဲ့အခါ ပတ်ဝန်းကျင်ဆူညံတာတို့၊ ပတ်ဝန်းကျင်ညစ်ညမ်းတာတို့၊ ဆီမရတဲ့ အခက်အခဲတို့ ကြုံကြရတယ်။ နေအားလျှပ်စစ်က ဒါတွေ ဖြေရှင်းနိုင်ပါတယ်။ နေအားလျှပ်စစ်နဲ့ ဘက်ထရီတွေအားသွင်းပေးပြီး လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားကို ရရှိစေပါတယ်။ ဒါမှမဟုတ် နေအားလျှပ်စစ် ၂၂ (ဝပ်)ရှိ အပြားတစ်ပြား အိမ်ခေါင်မိုးပေါ်မှာ တပ်ထားရင် အိမ်တွင်း မီးချောင်း၊ ရေဒီယို၊ ကက်ဆက်၊ ဖျော်ဖြေရေးတီဗီ အားလုံးသုံးနိုင်တယ်။ နေအားလျှပ်စစ်အပြား ဝယ်ယူတပ်ဆင် အသုံးပြုမှုဟာ လောလောဆယ် ကုန်ကျစရိတ်များသော်လဲ လေးနှစ်နဲ့အရင်းကျေပြီး နောင်အနှစ် ၂၀ ကျော် လျှပ်စစ်စွမ်းအင် အခမဲ့သုံးသွားနိုင်တဲ့အတွက် ရေရှည်အနေနဲ့ တွက်ခြေကိုက်ပါတယ်။

မိတ္ထီလာမြို့ လူထုကိုရေပေးနေတဲ့ မိတ္ထီလာကန်၊ နဂါးရုံဘုရားရှိ ရေသန့်စက်ကို အင်ဂျင်နဲ့မောင်းပေးနေရာက နေအားလျှပ်စစ်စနစ်နဲ့ ပြောင်းပေးဖို့ ဂျပန်နိုင်ငံမှ Asian Medical Doctors Association နဲ့ ဆွေးနွေးညှိနှိုင်းနေပါတယ်။(ယခု တပ်ဆင်အသုံးပြုနေပြီ။)

ကျွန်တော် (ဦးအောင်မြင့်) ပါဝင်ဖွဲ့စည်းထားတဲ့ ပညာ့ဥယျာဉ် နည်းပညာပေးဝန်ဆောင်မှုအဖွဲ့ဟာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းနဲ့ ပူးပေါင်းပြီး နည်းပညာလုပ်ငန်းများမှာ ပါဝင်ပို့ချပေးနေပါတယ်။ ဒီသင်တန်းမှာ ကွန်ပျူတာဘာသာရပ်၊ ဖက်စ်နှင့် အီလက်ထရွန်းနစ် စာပို့စနစ်၊ အီလက်ထရွန်းနစ်ဘာသာရပ်၊ Solar Photovoltaic Power System နှင့် Basis Knowledge for Battery application & repair စတဲ့ ဘာသာရပ်တွေ ပါဝင်ပါတယ်။



နေအားလျှပ်စစ်ကို ပြပွဲတွေမှာ ပြတုန်းက တချို့ကဆွေးနွေးတယ်။ ဆီလီကွန်သဲတွေ ကျွန်တော်တို့ နိုင်ငံမှာလဲ အများကြီးရှိသားပဲ၊ နေအားလျှပ်စစ်ပြားတွေ ပြည်တွင်းမှာ လုပ်လို့မရဘူးလားတဲ့၊ လုပ်လို့တော့ရမယ်၊ ဒါပေမယ့် ဆီလီကွန်သဲကို Solar Cell ဖြစ်အောင်လုပ်တဲ့စက်က ငွေသန်းချီပြီး ပေးရမယ်ဆိုတော့ မကိုက်သေးဘူး။ တစ်နှစ်ကို နေအားလျှပ်စစ် ခုနစ်မဂ္ဂါဝပ် ထုတ်လုပ်ရောင်းချနိုင်ပြီဆိုရင် Solar Cell ထုတ်လုပ်တဲ့စက်ရုံ တည်နိုင်ပါမယ်။ ဒါကြောင့်လောလောဆယ် နေအားလျှပ်စစ်ပြား(Solar Module)တွေကို မလွှဲမသွေ ပြည်ပက တင်သွင်းနေရဦးမှာဆိုတော့ အဆင်ပြေပြေ တင်သွင်းနိုင်ဖို့ပဲ အရေးကြီးပါတယ်ဗျာ" ဟူ၍ ဦးအောင်မြင့်က အားတက်သရော ပြောပြလိုက်လေသည်။

သူမျှော်မှန်းကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် အသီးအပွင့်များအဖြစ် ပေါ်ထွန်းလာသည့် နေအားလျှပ်စစ်စွမ်းအင်ဖြင့် မိုးကုတ်တွင်ကြိုးမဲ့ဖုန်းဆက်သွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှု၊ နံ့သာမြိုင်ကျေးရွာ အပါအဝင် နိုင်ငံတစ်ဝန်းရှိ စခန်း ၄၀ မှ တသွင်သွင်စီးထွက်လာသည့် သောက်ရေ၊ သုံးရေ အဆင်ပြေစွာ ဖြန့်ဝေပေးနေမှု၊ ပုလဲကျေးရွာတွင် လင်းထိန်လာသည့် မီးရောင်များကို မြင်လိုက်ရတိုင်း စွမ်းဆောင်ခဲ့သူ ဦးအောင်မြင့်၏ ရင်ထဲတွင် မည်မျှ ကြည်နူးပီတိဖြစ်မိမည်ကို ကျွန်တော် စဉ်းစားတွေးတော ကြည့်နေမိပါသည်။

▷▷▷▷▷



www.burmeseclassic.com

www.burmeseclassic.com

## လယ်သမားတွေရဲ့ လိုအင်ဆန္ဒကိုဖြည့်ချင်တဲ့ ဦးလှတင်

မြို့တွင်း၊ ရွာတွင်းမှ မြို့ပြင်ရွာပြင်သို့ ထွက်လိုက်သည်နှင့် မည်သည့်နေရာကြည့်ကြည့် လယ်ကွင်းကြီးကို မျက်စိတစ်ဆုံး မြင်နေရသည်ကပင် မြန်မာနိုင်ငံ၏ထူးခြားချက်ဖြစ်သည်။ အချို့နိုင်ငံများသည် ပထဝီအနေအထားအရ၊ ရာသီဥတုအရ သီးနှံစိုက်ပျိုးရန် အခက်အခဲများ ရှိကြသော်လည်း စိုက်ပျိုးရေးနိုင်ငံဟု ခေါ်ဆိုနိုင်လောက်အောင် မြန်မာနိုင်ငံလို ရာသီဥတုကောင်းမွန်၍ စိုက်ပျိုးမြေကြွယ်ဝသော နိုင်ငံများလည်း ရှိကြသည်။ ယင်းသို့သော နိုင်ငံများမှာ ရေခံမြေခံကောင်းမွန်ပြီး သဘာဝကကံကောင်းထောက်မသော နိုင်ငံများဟု ဆိုရပေမည်။

ရေခံမြေခံကောင်းသော နိုင်ငံများသည် စိုက်ပျိုးရေးထုတ်ကုန်များကို ပိုမိုတိုးတက်လာအောင် ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် စနစ်သစ်ကို တီထွင်ဖန်တီးကြိုးစားလာကြသည်။ ထိုသို့ကြိုးပမ်းရာတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးကို အဓိကအလေးထား ဆောင်ရွက်ကြသည်။ မြန်မာနိုင်ငံသည်လည်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့





ပြောင်းလဲရန် ကြိုးပမ်းလျက်ရှိသည်။ စက်မှုလယ်ယာစနစ်သို့ အဘယ်ကြောင့် ကူးပြောင်းရန် လိုအပ်သနည်း။

မှတ်မိပါသေးသည်။ လွန်ခဲ့သောလေးနှစ်ခန့်က မော်တော်ဗြို့နယ်သို့ရောက်ရှိခဲ့စဉ် ပြည်တွင်းဖြစ်အသေးစား လယ်ထွန်စက်အချို့ဖြင့် လယ်ထွန်နေကြသော လယ်သမားများကို တွေ့ရ၍ စကားစပ်မိရာ လယ်တစ်ဧကကို နွားဖြင့်ထွန်လျှင် နှစ်ရက်ခွဲခန့် ထွန်ရမည်ဖြစ်သော်လည်း စက်ဖြင့်ထွန်ရာ တစ်မနက်တည်းနှင့် ပြီးကြောင်းပြောပြလိုက်သည်ကို သတိရနေမိသေးသည်။ ထွန်ယက်စိုက်ပျိုးသည့် နေရာတွင်ဖြစ်စေ၊ ရိတ်သိမ်းခြွေလှေ့သည့် နေရာတွင်ဖြစ်စေ၊ သယ်ယူပို့ဆောင်ရာတွင်ဖြစ်စေ သမားရိုးကျ နွားဖြင့်၊ လက်ဖြင့်၊ လှည်းဖြင့် ဆောင်ရွက်ခြင်းထက် စက်ကိရိယာဖြင့် အစားထိုးလုပ်ကိုင်ခြင်းက အချိန်တိုတိုနှင့် အလုပ်များများပြီးကာ လုပ်အားစိုက်ထုတ်ရမှုလည်း သက်သာ၊ ကုန်ကျစရိတ်လည်းသက်သာ၍ အလေအလွင့်လည်း နည်းပါးသော အကျိုးရလဒ်ကို ရရှိကြောင်း လုပ်ဖူးသူတိုင်း သိကြပေသည်။ တစ်ဧကတွင်အထွက်နှုန်းတိုးအောင် ဆောင်ရွက်ရာတွင် စက်မှုလယ်ယာနည်းသည် အကောင်းဆုံး၊ စိတ်အချရဆုံးဖြစ်သည်။ ကောင်းသည်မှန်သော်လည်း လက်တွေ့၌ လိုအပ်သည့်စက်ကိရိယာ အချိန်မီအပြည့်အဝရရှိရေး၊ စက်ကိရိယာများကို စနစ်တကျ အသုံးချတတ်ရေးသည် အရေးကြီးလှသည်။ ယခုအခါ နိုင်ငံတော်က လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ ပြည်ပမှ မှာယူတင်သွင်းပေးခြင်း၊ ပုဂ္ဂလိကအချို့ကလည်း ပြည်ဝစ မှာယူတင်သွင်းခြင်းတို့ကို ပြုလုပ်နေကြသည်။ သို့တိုင်အောင် လုံလောက်မှုရှိရန် များစွာ လိုအပ်နေသေးသည်။

အကောင်းဆုံးနည်းလမ်းမှာ ပြည်တွင်းပုဂ္ဂလိကနှင့် သမဝါယမပိုင်းက ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးခြင်းဖြင့် သွင်းကုန်အစားထိုးနိုင်အောင် ကြိုးပမ်းကြရန်ဖြစ်ပေသည်။ ၁၉၉၇–၉၈ ခုနှစ် ယာယီစာရင်းများအရ မြန်မာပြည်တွင် အသားတင်စိုက်ပျိုးသည့်မြေဧက ၂၃၀.၄ သိန်း၊ သီးထပ်သီးညှပ်စိုက်ဧက [illegible] သိန်း၊ စုစုပေါင်း

www.burmeseclassic.com

www.burmeseclassic.com




သူ့လုပ်ငန်းမှ ထုတ်လုပ်သော စပါးခြွေစက်ကို
ဦးလှတင်က ပြသစဉ်



စိုက်ဧက ၃၀၈.၉ သိန်းရှိသဖြင့် လယ်ထွန်စက်နှင့် စပါးခြွေလှေ့စက်၊ ရေစုပ်စက် စသည့်ပစ္စည်းများ သန်းနှင့်ချီ၍ လိုအပ်သည်။ သို့သော် နိုင်ငံပိုင်ထွန်စက် ၃၃၄ စီး၊ လက်တွန်းထွန်စက် ၇၆၈၁ စီး၊ ရေစုပ်စက် ၃၈၉ ခု၊ စပါးခြွေစက် ၅၉၈ ခုနှင့် သမဝါယမပိုင်ထွန်စက် ၁၅၀၊ လက်တွန်းထွန်စက် ၁၃၃၆ စီး၊ ရေစုပ်စက် ၁၄၅၆ ခုသာ ရှိနေသေးသည်။ ပြည်တွင်း၌ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သူအချို့ ရှိနေကြသော်လည်း အောင်အောင်မြင်မြင်ဖြစ်မလာကြသေးသည်ကို ဆန်းစစ်အဖြေရှာကြရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မြောက်ဥက္ကလာပ စက်မှုလက်မှု (၄)ရပ်ကွက်၊ ဘောဂဗလလမ်းရှိ ဦးလှတင် လယ်ယာသုံးစက်ကိရိယာနှင့် အထွေထွေစက်မှုလက်မှုလုပ်ငန်းကမူ ရှေ့သို့ ခြေလှမ်းမှန်မှန်ဖြင့် လှမ်းလျက်ရှိသည်။

အလုပ်ရုံဝင်းထဲသို့ ဝင်လိုက်သည်နှင့် အလုပ်ရုံရှေ့၌ စပါးခြွေလှေ့စက်အသစ်များ၊ လက်စသတ်ခါနီးစက်အချို့နှင့် အလုပ်ရုံထဲတွင် ထုတ်လုပ်တပ်ဆင်လက်စ စပါးခြွေလှေ့စက် အစိတ်အပိုင်းများစွာကို တွေ့ရသည်။ အလုပ်ရုံ ရုံးခန်းတွင် အလုပ်ရုံပိုင်ရှင်/စက်မှုပညာရှင် ဦးလှတင်ကို တွေ့ရသည်။

ဦးလှတင်သည် ပဲခူးခရိုင်၊ ကဝမြို့နယ် သပြုရွာသား၊ လယ်သမားကြီး ဦးစိန်မောင်၊ ဒေါ်ခင်ပုတို့၏သားဖြစ်ပြီး ၆ တန်းအထိသာ ပညာသင်ခဲ့ရသည်။ ယခုအခါ အသက် ၆၈ နှစ်ရှိပြီဖြစ်သည်။ သပြုကျေးရွာသားများသည် စစ်အတွင်းက မီးဖိုချောင်သုံးအိုး၊ ခွက်၊ ပန်းကန်. ဇွန်း၊ တပ်မတော်ရေဘူး စသည့်ပစ္စည်းများ ထုတ်လုပ်မှုဖြင့် နာမည်ကြီးသည်။ ကုန်ကြမ်းမှာ လေယာဉ်အပျက်မှရသော သတ္တုများဖြစ်သည်။ သပြုကျေးရွာသားများသည် မိမိတို့က လေယာဉ်တစ်စင်းပျံသွားသည်ကို လက်ညှိုးထိုးလိုက်လျှင် မည်သည့်တောတောင်၌ကျပါစေ သပြုသားများက သွားရောက်ကာ ယူကြသည်သာ ဖြစ်သည်။

၁၉၅၀-၅၁ ခုနှစ်တွင် ဦးလှတင် ရန်ကုန်ရောက်လာပြီး မြေနီကုန်း၊ ဆောစီကုန်းတွင် သပြုသားဆွေမျိုးများနှင့်အတူ အိုး၊ ခွက်၊ ပန်းကန်၊ ချိုင့်များ

www.burmeseclassic.com

www.burmeseclassic.com



ဦးလှတင်တီထွင်ထုတ်လုပ်ထားသောစပါးခြွေစက်များ(အပေါ်)နှင့် သူ့လုပ်ငန်းခွင်(အောက်)



နှစ်နှစ်ကြာလုပ်ကိုင်သည်။ ထို့နောက် ရှစ်မိုင်ရှိ ဦးလေးများတော်သော ဦးဆိုင်၊ ဦးမြိုင်တို့အလုပ်ရုံတွင် ဝင်လုပ်သည်။ ထိုအလုပ်ရုံတွင် သံရည်ကျို၊ အထွေထွေစက်မှုလက်မှုလုပ်ငန်းမှအစ ဆန်စက်ပစ္စည်းများ၊ သစ်စက်ပစ္စည်းများကို ထုတ်လုပ်သည်။ အလုပ်သမား ၁၅၀ ရှိရာ ကြိုးစားလျှင် ကြိုးစားသလောက် အကျိုးခံစားခွင့် ရရှိသည်။ ဦးလှတင်သည် စူးစမ်းလေ့လာမှုနှင့် အလုပ်ကို အာရုံစိုက်၍ ကြိုးစားလုပ်ကိုင်သည်။ နောက်ပိုင်း၌ အလုပ်ရုံတွင် အခြားမည်သူမျှ မလုပ်သေးသည့် မော်တော်ကားဆလင်ဒါလိုင်နာများ ထုတ်လုပ်သည်။ အိမ်ဆောက်ပစ္စည်း၊ ဘို့နတ်ဆိုလျှင် မြန်မာပြည်တွင် ထိပ်တန်း၌ ရှိသည်။ စက်မှု(၁)ကလည်း လာရောက်လေ့လာသည်။ ဂျပန်ကလူအချို့လာလေ့လာပြီး တအံ့တသြဖြစ်ကြရသည်ဟုဆိုသည်။ ထိုအချိန်က ဘို့နတ်ခေါင်းကို အခြားမည်သူမျှ မထုတ်နိုင်သေးချေ။ ယင်းအခြေအနေတွင် ဦးလှတင်က တစ်နာရီအတွင်း၊ ဘို့နတ် အလုံး ၁၀၀၀ အထိ ရိုက်ပြခဲ့သည့်အပြင် တခြားသူများ သုံးနာရီကြာအောင် ပြင်ရမည့်စက်ကို ၁၀ မိနစ်ဖြင့် ကောင်းအောင် လုပ်ပြနိုင်ခဲ့လေသည်။ ထိုလုပ်ငန်းတွင် ၁၈ နှစ်ကြာလုပ်ခဲ့ပြီး ၁၉၆၉-၇၀ ခုနှစ်တွင် ပြည်သူပိုင်ဖြစ်လာသောအခါ မိမိဆန္ဒအလျောက် မြင့်အဆင့်ဖြင့် အလုပ်မှ နုတ်ထွက်ခွင့်တောင်းခဲ့သည်။ ဝိုင်းတောင်းပန်၍ တစ်နှစ် ဆက်လုပ်ပေးခဲ့သည်။

ထိုအလုပ်မှ ထွက်လာပြီးနောက် ရှိသမျှအရင်းအနှီးဖြင့် ယခုနေရာအနီးတွင် ကိုယ်ပိုင်လုပ်ငန်းတည်ထောင်ကာ ဆန်စက်ပစ္စည်း၊ ကားဆလင်ဒါလိုင်နာ၊ ချည်စက်အပိုပစ္စည်းနှင့် စက်မှုလယ်ယာမှအပ်နှံသော ရေစုပ်စက်များ၊ ဘီလူးခေါင်းများ ထုတ်လုပ်ခဲ့သည်။ လုပ်ရင်း အပေါင်းအသင်းများလာပြီး လုပ်ငန်းတွင်ကျယ်ခဲ့သည်။ နှစ်နှစ်ခန့်အကြာ ယခုနေရာကိုဝယ်ယူလိုက်ပြီး စက်ရုံပြောင်းရွှေ့ခဲ့သည်။ ရက်ကန်းပစ္စည်းများ အဓိကထားထုတ်လုပ်ပေးရာ တစ်ပြည်လုံးရှိ ပလိပ်၊ မိတ္ထီလာ၊ စစ်ကိုင်းရွာသစ်ကြီး၊ ရန်ကုန်-သင်္ဃန်းကျွန်းတို့ရှိ တာပေါလင်၊ စောင်စက်ရုံ စသည့်စက်ရုံများက အပ်နှံလာသော ယက်ကန်းပစ္စည်းများ တီထွင်ထုတ်လုပ်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဆောင်ရွက်နေရာမှ ဒေါက်တာကောင်းစံ၊ ဦးမင်းမောင်တို့က လာခေါ်သဖြင့် လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးသမဝါယမအသင်း လီမိတက်တွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် ဝင်ရောက်ဆောင်ရွက်ခဲ့ရာမှ စပါးခြွေလှေ့စက်၊ ရိတ်သိမ်းစက်များကို ဖောက်ချထုတ်လုပ်ခဲ့သည်။ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေကို စာရေးသူကမေးမြန်းရာ ဦးလှတင်က "စပါးခြွေလှေ့စက်က အောင်မြင်ပါတယ်။ ပြည်တွင်း ကုန်ကြမ်းပစ္စည်းတွေနဲ့ချည်း တီထွင်ထုတ်လုပ်ပြီး ဧရာဝတီတိုင်းအပါအဝင် တစ်ပြည်လုံးကို ဖြန့်ဖြူးနေပါတယ်။ စပါးရိတ်သိမ်းစက်လဲ တီထွင်ခဲ့တာ အောင်မြင်နေပါပြီ။ အဲဒီစက်တွေကို ထုတ်လုပ်ရာမှာ လယ်ကွင်းထဲသွားပြီး လယ်သမားတွေနဲ့ပူးပေါင်း၊ သူတို့လိုအပ်ချက်တွေလေ့လာ၊ လယ်သမားကြိုက်တဲ့ အနေအထားမျိုးတွေ ပြုလုပ်ခဲ့တာ၊ စက်မောင်းသွားရင် စပါးကိုရိတ်ပြီး ဘေးမှာပုံကျသွားတယ်။ လယ်သမားတွေတော့ ကြိုက်ပါတယ်၊ ဒါပေမယ့် အမြောက်အမြား ထုတ်လုပ်မှု မလုပ်နိုင်သေးဘူး။ ဘာကြောင့်လဲဆိုတော့ ငွေကြေး၊ လျှပ်စစ်နဲ့ ကျွမ်းကျင်လုပ်သား အခက်အခဲ ရှိနေသေးလို့ပါ။ ဒီအခက်အခဲ ပြေလည်သွားရင် နိုင်ငံခြားသွင်းကုန်တစ်မျိုးဖြစ်တဲ့ ဒီစပါးရိတ်သိမ်းစက်တွေကို ကျွန်တော်တို့ ထုတ်လုပ်သွားနိုင်မှာပါ။ အခုတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်ဘာသာကိုယ် ဖြစ်သလောက်ရုန်းကန်ပြီး လုပ်နေတယ်။ စက်မှုလက်မှုလုပ်ငန်းလုပ်တယ်ဆိုတာ သူဌေးတော့ မဖြစ်ဘူးဗျ။ ဒါပေမယ့် ထမင်းတော့ မငတ်ဘူး" ဟု၍ ပြောပြလိုက်လေသည်။

➤➤➤➤➤

## တိုင်းရင်းဆေးဆရာတွေမပူနဲ့ ကိုလှထွန်းလာပြီ

ကျွန်တော်သည် ၁၃–၁–၉၉ နေ့က ဗိုလ်မှူးသန်းဆွေ (ငြိမ်း)၊ ကိုတင်ဝင်း (ရွှေနဂါးတင်ဝင်း) တို့နှင့်အတူ ဒဂုံမြို့သစ်တောင်ပိုင်း၊ စက်မှုဇုန်(၂)၊ ပန်းလှိုင်လမ်း အမှတ် ၆၄/၃၁၇၊၃၁၈ ရှိ ထွန်းစက်မှုလက်မှုလုပ်ငန်းသို့ ရောက်ရှိသွားလေသည်။ တိုင်းရင်းဆေးပြားကလေးများ ထုတ်လုပ်သည့် စက်များ တီထွင်ထုတ်လုပ်ပေးနေသည်ဟု သိရ၍ ဝင်ရောက်လေ့လာခြင်း ဖြစ်သည်။

အတော်အတန်ကျယ်ဝန်း၍ သန့်ရှင်းသပ်ရပ်သည့် စက်ရုံအဆောက်အအုံအတွင်း၌ အလုပ်ရှုပ်နေသော စက်ရုံပိုင်ရှင်/စက်မှုပညာရှင် ကိုလှထွန်းကို တွေ့ရသည်။ သူသည် ကျွန်တော်တို့အား ဖော်ရွေစွာကြိုဆို၍ ကျွန်တော်တို့ သိလိုသည်များကို ရသမျှအချိန်အတွင်း ရှင်းပြသည်။

သူသည် မြစ်သားမြို့နယ် ပုဏ္ဏားရွာဇာတိဖြစ်ပြီး တောင်သူလယ်သမားများဖြစ်ကြသော ဦးလူအို၊ ဒေါ်ပိုတို့မှ ၁၉၄၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ဂုဏ်ထူးတန်းအထိ ပညာသင်ကြားခဲ့ကာ ၁၉၅၈ ခုနှစ်တွင် နတ်မောက်စက်မှုလက်မှုအထက်တန်းကျောင်း၌ တက်ရောက်ခဲ့သည်။ ထိုကျောင်းမှ ဆင်းပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ကိုလှထွန်းနှင့် သူတီထွင်ထားသော ဆေးပြားထုတ်စက်



ဆည်မြောင်းဦးစီးဌာနတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ပြီး Engineering Technology Evening Class (ETEC)သို့ လေးနှစ်တက်ရောက်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် "ထွန်းစက်မှုလက်မှု" အမည်ဖြင့် ကိုယ်ပိုင်အလုပ်ရုံကလေးတစ်ခုတည်ထောင်ကာ မော်တော်ကား နှင့် အင်ဂျင်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်ခဲ့သည်။

ယင်းသို့လုပ်ကိုင်နေစဉ် ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ တိုင်းရင်းဆေးပညာဦးစီးဌာနတွင်ရှိသော အင်္ဂလန်နိုင်ငံလုပ် ဆေးပြားထုပ်စက်ကို သွားရောက်လေ့လာခဲ့ရာမှ သူ့ နတ်မောက်စက်မှုလက်မှု အထက်တန်းကျောင်းနှင့် ETEC တို့တွင်သင်ကြားခဲ့သော စက်မှုလက်မှုပညာကိုအခြေခံ၍ လုပ်ငန်းအတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး ၁၉၈၉ ခုနှစ်တွင် ပတ်လည်ဆေးပြား ထုတ်လုပ်သည့်စက် ( Rotary type tableting Machine ) ကို တီထွင်ထုပ်လုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းဆေး ခေတ်စားလာပြီဖြစ်ရာ တိုင်းရင်းဆေးကို အမြောက်အမြား ( Mass Production ) ထုပ်လုပ်နိုင်ရန်နှင့် သိမ်းဆည်း၊ သယ်ယူပို့ဆောင်မှု လွယ်ကူအဆင်ပြေစေရန် နိုင်ငံတကာအဆင့်မီ ဆေးပြားကလေးများထုတ်လုပ်ရန် လိုအပ်နေပြီဖြစ်သည်။ ယင်းလိုအပ်ချက်ကိုဖြည့်ဆည်းရန် ဤဆေးပြားထုတ်လုပ်သည့်စက်ကို တီထွင်ခဲ့ကြောင်း၊ တိုင်းရင်းဆေးကို ယခင်က အမှုန့်အဖြစ်သုံးခဲ့ကြရာမှ Single Punch ဆေးတစ်လုံးထွက် စက်ကလေးများတီထွင်ထုပ်လုပ်အသုံးပြုခဲ့ကြကြောင်း၊ လက်ရှိအခြေအနေတွင် ထိုတစ်လုံးထွက် စက်ကလေးများနှင့် မလုံလောက်တော့ဘဲ ဆေးပြားအများအပြား ထုတ်လုပ်နိုင်သည့် စက်များလိုအပ်လာသဖြင့် ယခုစက်ကို တီထွင်ထုပ်လုပ်ခဲ့ခြင်းဖြစ်သည် ဟုဆိုသည်။ သူ တီထွင်ခဲ့သော စက်များမှာ တစ်မိနစ်တွင် ဆေးပြား ၂၀၀ ထွက်သည့်စက်၊ ဆေးပြား ၃၀၀၊ ၄၄၀၊ ၅၆၀ အသီးသီး ထွက်သည့်စက်များဖြစ်သည်။

ပတ်လည်ဆေးပြား ထုတ်စက်များ၏ဈေးကွက်အခြေအနေကို မေးကြည့်ရာ "မြန်မာပြည်မှာ ဒီစက်မျိုးတွေ ထုပ်လုပ်ရောင်းတာ ကျွန်တော်တစ်ဦးတည်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းခွင်၌ကိုယ်တိုင်ဦးစီးဆောင်ရွက်နေသော
ကိုလှထွန်း (ယာ)



ပဲရှိပါတယ်။ စက်တွေ အမြောက်အမြား ထုတ်လုပ်ဖြန့်ဖြူး နေရပါတယ်။ မြန်မာပြည်မှာနာမည်ကြီး တိုင်းရင်းဆေးလုပ်ငန်းကြီးတွေဖြစ်တဲ့ ကောသိပန်၊ မှန်ချို၊ ရွှေတောင်ကြီး၊ မုံရွာက အောင်ငြိမ်းသီတာ၊ အနန္တသုခ စတဲ့ လုပ်ငန်းတွေအပါအဝင် မြို့နယ်အနှံ့အပြားမှာရှိနေတဲ့ ဆေးပြားထုတ်စက်တွေဟာ ကျွန်တော့်ဆီက စက်တွေချည်းပါပဲ။ ကျွန်တော်တို့က စက်လာ ဝယ်တဲ့သူကို ကိုယ့်လက်ကလွတ် ဖြတ် ဆိုတဲ့သဘောမျိုးမဟုတ်ဘဲ စက်မောင်းမဲ့သူ ဘယ်သူလဲ မေးပြီးတော့မှ အဲဒီစက်မောင်းမဲ့သူကို စက်ကိုင်တွယ်မောင်းနှင်နည်း တစ်ပတ်သင်တန်းခေါ်ပေးပြီးမှ ရောင်းတာပါ။ ကျွန်တော့် စက်တွေကို အရည်အသွေး ကောင်းသည်ထက်ကောင်းအောင် ကြိုးစားထားပါတယ်။ အမေရိကန်၊ ဂျပန်က စက်တွေထက် အဆင့်မနိမ့်စေရပါဘူး။ နောက်ပြီး စက်တစ်ခုခုဖြစ်သွားရင်လဲ စိုးရိမ်စရာမရှိစေရပါဘူး၊ လိုတဲ့အမိုပစ္စည်းအားလုံး တာဝန်ယူထုတ်လုပ်ပေးနေပါတယ်။ ကျွန်တော့်စက်တွေကို ပြည်တွင်း၊ ဈေးကွက်သာမက ပြည်ပဈေးကွက်အနေနဲ့ ဂျပန်ကိုပို့တာ လေးလုံးရှိသွားပါပြီ"ဟု ပြောပြသည်။

ကျွန်တော်က "ဂျပန်က စက်မှုလက်မှုဖွံ့ဖြိုးတဲ့နိုင်ငံပဲ၊ သူတို့နိုင်ငံကလူက မြန်မာပြည်ကစက်ကိုဝယ်တယ်ဆိုတာ အံ့ဩစရာပဲ"ဟုပြောရာ –

ကျွန်တော်နဲ့ပါလာသူ ကိုတင်ဝင်း(ရွှေနဂါးတင်ဝင်း)က "ဒါက ဒီလိုရှိပါတယ်။ သူတို့နိုင်ငံက စက်မှုလက်မှုတိုးတက်တော့ High Tech နဲ့ နေရာတကာ Automation တွေနဲ့ချည်းပဲဆိုတော့ စက်တွေကသိပ်ကောင်းတယ်။ ကောင်းသလောက် ဈေးကလည်းကြီးတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့လိုဖွံ့ဖြိုးဆဲနိုင်ငံက သူတို့လို High Technology ကို နေရာတကာ မသုံးနိုင်သေးတော့ Appropriate Technology နည်းနဲ့ပဲပြည်တွင်းက စွန့်ပစ္စည်းကုန်ကြမ်းနဲ့ စက်ကိရိယာတွေမပြစ်ဖြစ်အောင်တီထွင် ထုတ်လုပ်ကြရတယ်။ အဲဒီလိုလုပ်တော့စက်ကတော့ သူတို့ဆီကစက်လောက် မသားနားဘူး။ ဒါပေမယ့် စက်စွမ်းအားကျတော့ ကောင်းတယ်။ သူတို့ဆီကပစ္စည်းထက် ဈေးသိပ်သက်သာတယ်ဆိုတော့ ဖွံ့ဖြိုးပြီး နိုင်ငံတချို့က လူတွေက

www.burmeseclassic.com



မှုပြီးဆဲနိုင်ငံက လုပ်တဲ့ပစ္စည်းကို ကြိုက်ကြပြန်ရောဗျ" ဟု ဝင်ထောက်လိုက်ရာ ကိုလှထွန်းက "ဟုတ်တယ်၊ ဟုတ်တယ်" ဟု ထောက်ခံပြောလေသည်။ ပြီးနောက် ကိုလှထွန်းက စကားဆက်ပြန်သည်။

"ဒါတွင် ဘယ်ဟုတ်ဦးမလဲ၊ ကျွန်တော်တို့ပြည်းတွင်းက ထုတ်တဲ့ဆေးပြားထုတ်စက်က နိုင်ငံခြားကစက်ထက် အရွယ်ပမာဏ သုံးပုံတစ်ပုံလောက်ရှိတယ်။ ကုန်ထုတ်နိုင်တဲ့စွမ်းအား Capacity ကျတော့အတူတူပဲ၊ စက်တစ်လုံးတန်ဖိုးကတော့ ဆေးပြားအနည်းအများ ထုတ်နိုင်တဲ့အပေါ် မူတည်ပြီး ကျပ် ခြောက်သိန်း၊ ၁၂သိန်း၊ ၁၅သိန်း အသီးသီးရှိကြပါတယ်။ ၁၉၉၃ ခုနှစ် မြန်မာ့စက်မှုလက်မှုပြပွဲမှာ ပါဝင်ပြသကတည်းက လူကြိုက်များပြီး Demand များလာခဲ့တယ်။ အခုလဲ အလိုရှိလို့မှာကြားသူတိုင်းကို စိတ်ချမ်းသာစွာနဲ့ အဆင်ပြေပြေအသုံးပြုနိုင်အောင် ထုတ်လုပ်ပေးနေပါတယ်။"

ကိုလှထွန်းမှာ ကျွန်တော်တို့နှင့်စကားပြောနေရသော်လည်း မြို့နယ်အစည်းအဝေးတစ်ခုသို့ သွားရန်ရှိနေ၍ ဖင်တကြွကြွဖြစ်နေသဖြင့် ကျွန်တော်တို့ကလည်း အလိုက်သိစွာ စကားဖြတ်၍ နှုတ်ဆက်ကာ ထွက်ခွာခဲ့ကြသည်။

တစ်ချိန်က "ဗမာတွေမပုန့် ဗိုလ်တထောင်လာပြီ" ဟုသော ကြွေးကြော်သံဖြင့် ဗိုလ်တထောင်သတင်းစာ ထွက်လာခဲ့သလို ယခုတစ်ဖန် "တိုင်းရင်းဆေးဆရာတွေမပူနဲ့ ကိုလှထွန်းလာပြီ" ဟု ကျွန်တော့်နှုတ်က တီးတိုးရွတ်ဆိုနေမိပါသည်။

➤➤➤➤➤

## ထွန်းတောက်လာသည့် ကြယ်တစ်ပွင့် သို့မဟုတ် ကိုစိုးတင့်

အရာခပ်သိမ်း ဖြစ်ပျက်ပြုပြင်ပြောင်းလဲနေသည်မှာ သဘာဝတရားဖြစ်သည်။ သို့သော် အကောင်းဘက်၊ တိုးတက်မှုဘက်သို့ ပြောင်းလဲသည်ရှိသလို ဆုတ်ယုတ်မှုဘက်သို့ ပြောင်းလဲသည်များလည်း ရှိကြသည်။ တိုးတက်မှုဘက်သို့ ပြောင်းလဲအောင် ပြုလုပ်နိုင်သူသည် လူတော်ဖြစ်သည်။ ကျွန်တော် သူ့ဆီသို့တစ်ခေါက်ရောက်တိုင်း သူ့လုပ်ငန်းအခြေအနေ ပြောင်းလဲနေသည်ကို တွေ့နေရသည်။ လွန်ခဲ့သော သုံး၊ လေးနှစ်ခန့်က တစ်ခေါက်ရောက်ခဲ့စဉ်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းတွင် သူ့အလုပ်ရုံကလေးတစ်ရုံနှင့် ဒဂုံမြို့သစ်တောင်ပိုင်း စက်မှုဇုန် (၁) တွင် သူ့စက်ရုံကြီးတစ်ရုံ တွေ့ခဲ့ရသည်။ ဗဟန်းရှိ စက်ရုံကလေးတွင် သူ့ရုံးခန်းနှင့်ဒိုင်နမိုများထုတ်လုပ်နေသည့်လုပ်ငန်း၊ ဒဂုံမြို့သစ်တောင်ပိုင်း စက်ရုံကြီးတွင် ထရန်စဖော်မာများ၊ မော်တာများကို လက်ခံပြုပြင်ခြင်း၊ အသစ်ထုတ်လုပ်ခြင်းနှင့် ထရန်စဖော်မာများ စမ်းသပ်သည့်စက်များပါတီထွင်ထုတ်လုပ်နေသည့် လုပ်ငန်းတို့ကို တွင်တွင်ကျယ်ကျယ်လုပ်ကိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ကသူ့လုပ်ငန်းသို့ ပထမဆုံးအကြိမ် သွားရောက်ခြင်းဖြစ်၍ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ တာမွေလမ်းဆုံအနီးတွင် သွားစုံစမ်းရသည်။ ဆိုင်တစ်ဆိုင်ကိုဝင်မေးလိုက်သည်နှင့် "ဪ ...ဒိုင်နမိုစိုးတင့်လား" ဟုဆိုကာ ဆိုင်မှပုဂ္ဂိုလ်က ညွှန်ပြလိုက်၍ အလွယ်တကူတွေ့ရှိရသည်။ ကျွန်တော်တို့မြန်မာလူမျိုးတို့သည် လုပ်ငန်းတစ်ခုအောင်မြင်ထူးချွန်လျှင် လူနာမည်ကိုလည်း လုပ်ငန်းအမည်နှင့်တွဲ၍ ခေါ်လေ့ရှိသော ဓလေ့ရှိသည်။ ဥပမာ—မီးပုံးပျံ ဦးကျော်ရင်၊ ပွင့်ကောင်းငါးပိနှင့်ငံပြာရည် ဦးပွင့်ကောင်း၊ သံတံခါးညွန့်ရွှေ၊ လူထုစီးကရက် ဦးချို၊ တီဘက်ထရီ ဦးအုန်းတင် စသည်ဖြင့်ခေါ်ကြသလို ယခုလည်း ဒိုင်နမိုစိုးတင့်ဟူ၍ လူသိများနေသည်။

ရွှေဂုံတိုင်အလုပ်ရုံတွင် ဒိုင်နမို(Dynamo)ခေါ် လျှပ်စစ်ဓာတ်ဖော်ဓာတ်မြန့်စက်များကို အလုပ်သမားများက အားကြိုးမာန်တက် ထုတ်လုပ်နေကြသည်။ ကိုစိုးတင့်မှာမူ စက်ရုံ၏ရုံးခန်း ( လေအေးပေးစက် ပေးထားသည့်မှန်လုံခန်း ) ထဲတွင်တယ်လီဖုန်းများဖြင့် အလုပ်ရှုပ်နေသည်ကိုတွေ့ရသည်။ ဆယ်လူလာဖုန်းဖြင့် ပြောရ၍မပြီးခင် စားပွဲပေါ်ရှိတယ်လီဖုန်းမြည်လာ၍ ကောက်ကိုင်ထားပြီး တစ်ဖက်ကပြီးသည်နှင့်ဆက်ပြောရပြန်သည်။(အဆိုပါ ရွှေဂုံတိုင်စက်ရုံမှာ ယခုအခါ အိမ်ရာစီမံကိန်းများအဖြစ်အနေကြောင့် ရွှေ့ပြောင်းခဲ့ရသည်။) စာရေးသူအားသူ့ စက်ရုံလုပ်ငန်းများကို လိုက်လံပြသရှင်းပြပြီး သူ၏ပါဂျဲရိုးကားလေးဖြင့် ဒဂုံမြို့သစ်ကောင်ပိုင်း၊ စက်မှုဇုန် (၁)၊ အမှတ်–၆၊ ၇၊ ၈ တို့ရှိ သူ့စက်ရုံသို့ခေါ်သွားလေသည်။

အဆိုပါစက်ရုံသို့အသွား တောင်ဥက္ကလာပ၊ ငွေကြာရံအိမ်ရာရှေ့ရှိ ထရန်စဖော်မာကြီးတစ်လုံးအနီးတွင် ကားရပ်ပြီး " ဒီထရန်စဖော်မာဟာ ကျွန်တော် တို့ကုမ္ပဏီက ထုတ်လုပ်ပေးခဲ့တဲ့ပစ္စည်းပါ။ ၃၀၀ ကေဗီအေ၊ ၆၆၀၀ ဗို့အားရှိပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ထမ်းအိမ်ရာကို ဓါတ်အားဖြန့်ပေးပါတယ်။ ဒါတင်မက ကျွန်တော်တို့ကုမ္ပဏီက ထုတ်လုပ်တဲ့ ထရန်စဖော်မာတွေ ရွှေပြည်သာနဲ့တခြားနေရာတွေမှာလည်း ရှိပါသေးတယ်။" ဟု ကိုစိုးတင့်က ပြောပြသည်။ ထိုထရန်စဖော်မာကြီးကို



ကျွန်တော်တို့ လှည့်ပတ်ကြည့်ကြပြီးနောက် သူ့စက်ရုံခွဲသို့ ဆက်သွားကြသည်။

ကြီးမားကျယ်ဝန်းသည့် စက်ရုံကြီးနှင့် အထဲ၌ ကြီးမားသော ထရန်စဖော်မာကြီးများ အပါအဝင် ထရန်စဖော်မာအရွယ်မျိုးစုံကို ပြုပြင်သူများကပြုပြင်၊ အသစ်ထုတ်လုပ်သူများက ထုတ်လုပ်တပ်ဆင်နေကြရာ ပုဂ္ဂလိက စက်ရုံတစ်ရုံအနေဖြင့် ဤမျှကြီးမားသည့် လုပ်ငန်းများကို နိုင်နင်းကျွမ်းကျင်စွာ လုပ်ကိုင်နေကြသည်ကို အံ့သြရပေသည်။ ကျွန်တော်တို့ရောက်သွားသည့် အချိန်တွင်ပင် ဌာနဆိုင်ရာတစ်ခုမှလာရောက်အပ်နှံသော လူကြီးလက်နှုပ်တစ်ဖောင်ခန့်မြင့်သော ထရန်စဖော်မာကြီးတစ်လုံးကို ကားပေါ်မှနေ၍ အလုပ်သမားများက ဝန်ချီစက်(ကရိန်း)ဖြင့်ချပြီး ကြည့်ရှုစမ်းသပ်နေကြသည်ကို တွေ့ရ၏။ ထို့ပြင် စက်ရုံအဝနား၌ ချင်းတွင်းမြစ်ကူးတံတားစီမံကိန်းမှ ပြုပြင်ရန်လာရောက်အပ်နှံထားသော လျှပ်စစ်ဓာတ်အား ၃၃၀၀၀ ဗို့အဝင် နှင့် ၁၁၀၀၀ ဗို့အထွက်အားရှိသည့် ထရန်စဖော်မာကြီးကိုလည်းကောင်း၊ ဇောင်းတူရေအားလျှပ်စစ်စီမံကိန်းမှ အပ်နှံထားသည့် ၁၂၅၀ ကေဗီအေရှိ ထရန်စဖော်မာကြီးများကို ပြုပြင်နေကြသည်ကိုလည်းကောင်း ကိုစိုးတင့် ရှင်းပြ၍သိရသည်။ အတွင်းသို့ ဆက်ဝင်လိုက်သောအခါ ထရန်စဖော်မာ အသစ်များ ထုတ်လုပ်တပ်ဆင် နေကြသည့် လုပ်ငန်းခွင်အားတွေ့ရှိရသည်။

အဆိုပါပစ္စည်းများအပြင် ထရန်စဖော်မာကြီးများကို ဓာတ်အားစစ်ဆေးသည့်(Hight Voltage Tester)ကြီးအချို့ကိုလည်းထုတ်လုပ်နေသည်။ ထုတ်လုပ်ပြီးသည့်စက်ကိုလည်း စမ်းသပ်နေသည်။ "ဒီစက်တွေဆိုရင် ဘယ်နိုင်ငံကမှ တင်ဒါခေါ်လို့မရလို့ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ လျှပ်စစ်စစ်ဆေးရေးဌာနက ကျွန်တော့်ဆီမှာလာအပ်တာဖြစ်ပါတယ်။ နိုင်ငံခြားကမှာရင် ကျပ် ၁၈ သိန်းလောက်ရှိပါတယ်။ ဒီမှာထုတ်လုပ်နိုင်လို့ ကျပ် ၂ သိန်းလောက်ပဲကုန်ပါတယ်။ သန်လျင်ကလာအပ်တဲ့ ထရန်စဖော်မာဆိုရင်လည်း နိုင်ငံခြားကမှာရင် ကျပ်ရှစ်သိန်းခွဲလောက်ကျပါတယ်။ မျက်လို့ ဒီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထရန်စဖော်မာ စမ်းသပ် စစ်ဆေးစက်ကို ဦးစိုးတင် ပြသရှင်းပြစဉ်။





ပစ်ထားမယ့်အစား ဒီမှာလာပြင်တာ ကျပ်တစ်သိန်းနှစ်သောင်း ေ◌ ◌ာက်ပဲ ကုန်ပါမယ်။ ပြန်လည်အသုံးပြုလို့ ရသွားမှာဖြစ်ပါတယ်။ ယခုလိုထရန်စဖော်မာကြီးတွေပြုပြင်တာ၊ အသစ်ထုတ်လုပ်တာဟာ မြန်မာပြည်မှာ ပုဂ္ဂလိကလုပ်ငန်းအနေနဲ့ ဒါပထမဆုံး ဖြစ်ပါတယ်။”ဟူ၍ ကိုစိုးတင်ကပြောပြသည်။

ထို့နောက်စာရေးသူသိလို၍ ထပ်မံမေးမြန်းသည့်အချက်များကို ကိုစိုးတင်ကဆက်လက်ပြောပြသည်။

“ကျွန်တော်တို့ ဒီလုပ်ငန်းကိုလုပ်ရတာ တခြားစီးပွားရေးလုပ်ငန်းနဲ့ မတူပါဘူး။ အရင်းအနှီးဆိုရင် ကျပ်သိန်းပေါင်းထောင်နဲ့ချီပြီး ရင်းနှီးလုပ်ရတာပါ။ အရင်းအနှီးများပြီး နည်းပညာမြင့်မားတယ်။ဈေးကွက်နဲ့ အမြတ်အစွန်းမသေချာဘူး။ ဒါပေမယ့် ဒီလုပ်ငန်းကိုဘာကြောင့် စွန့်ပြီးလုပ်ရသလဲလို့ မေးရင် သူများနိုင်ငံက ဝယ်သုံးနေရတဲ့ထရန်စဖော်မာတချို့ဟာ နိုင်ငံခြားငွေကုန်ရကျိုးမနပ်ဘူး။ မတန်ဘူးဆိုတာ ကျွန်တော်တို့နားလည်တဲ့ ပညာရှင်တွေအနေနဲ့ တွေ့လာရတယ်။ နောက်ပြီး ကိုယ့်နိုင်ငံမှာလည်း လုပ်နိုင်ရဲ့သားနဲ့ ဘာဖြစ်လို့ သူများအားကိုးရမှာလဲ။ နောက်တစ်ချက်က သူများတွေအနမြုခေတ်ရောက်နေချိန်မှာ ကျွန်တော်တို့ လျှပ်စစ်ခေတ်တောင် မကျော်လွှားနိုင်သေးဘူးဆိုရင် ကျွန်တော်တို့ညံ့ရာကျမှာပဲ” အဲဒီလိုမခံချင် စိတ်နဲ့ မဖြစ်ဖြစ်အောင်လုပ်မယ်ဆိုပြီး လုပ်ကြတာ၊ အခက်အခဲတော့အများကြီးပေါ့ဗျာ။ ဒါပေမယ့် အခုအောင်မြင်မှုလမ်းစတော့ ပေါ်လာပြီလို့ ဆိုနိုင်ပါပြီ။ ထရန်စဖော်မာတွေဆိုရင် ပြည်ပကလုံးဝ မဝယ်ရတော့ဘူး။ ပြည်ပသွင်းကုန်အစားထိုးတဲ့ တိုက်ပွဲတစ်ခု ကျွန်တော်တို့အောင်နိုင်ပြီပေါ့။ ဆက်ပြီးတော့လည်း ကြိုးစားပါမယ်။ နိုင်ငံတော်ရဲ့ကူညီမှုကိုလည်း ရရှိပါတယ်။ ဒါပေမယ့် များများအကူအညီရရင် များများနဲ့ မြန်မြန် အောင်မြင်အောင်ဆောင်ရွက်နိုင်မှာ သေချာပါတယ်။”ဟူ၍ ကိုစိုးတင်က အားတက်သရောရှင်းပြလိုက်သည်။

ထို့နောက် သူ့စက်ရုံများသို့ကျွန်တော် မရောက်သည်မှာ သုံးလေးနှစ်ခန့်ရှိပေပြီ။ ယခုတစ်ဖန် ၁၂-၁-၉၉ နေ့က သူနှင့်ကြိုတင်ချိန်းထားဘဲ မိတ်ဆွေနှစ်ဦးနှင့်အတူ ခရီးကြုံသဖြင့် ဒဂုံမြို့သစ်တောင်ပိုင်း ဆိပ်မှုန်ရှိ သူ့စက်ရုံသို့

www.burmeseclassic.com



ဝင်ရောက်ဖြစ်ခဲ့သည်။ သူ့စက်ရုံမှာ ယခင်က သူ့စက်ရုံမဟုတ်တော့ဘဲ ယခင်က စက်ရုံနှင့်မလှမ်းမကမ်းရှိ ဝင်းခြံကျယ်ကြီး တစ်ခုထဲတွင် မကြာမီက ဆောက်လုပ်ခဲ့သော စက်ရုံသစ်ကြီးဖြစ်သည်။ အမိုးအကာများ အပြာရောင်သုတ်ထားသော သူ့စက်ရုံ (SOE ELECTRIC AND MACHINERY CO. LTD.)ကြီးကို အဝေးကပင် ထင်းခနဲလှမ်းမြင်ရသည်။

စက်ရုံဝင်းထဲသို့ ဝင်လိုက်သည်နှင့် စက်ရုံ၏ရှေ့တွင် ထုထည်ကြီးမားသည့် ထရန်စဖော်မာကြီးများ ချထားသည်ကို လည်းကောင်း၊ ထရန်စဖော်မာများ အသေးစားပျက်စီးလျှင် အိမ်တိုင်ရာရောက် လိုက်ပြင်ပေးသည့်ပစ္စည်းကိရိယာများ စုံလင်စွာတပ်ဆင်ထားသော ကားကြီး (Mobile Unit) ရပ်ထားသည်ကို လည်းကောင်း၊ စက်ရုံထဲဝင်လိုက်သောအခါ ကောင်းကင်ဝန်ချီစက်(ကရိန်း)ကြီးနှင့်အတူ အသစ်တပ်ဆင်ထုတ်လုပ်နေသော ထရန်စဖော်မာများ၊ စမ်းသပ်ပြုပြင်ဆဲ ထရန်စဖော်မာများနှင့် ဈေးကွက်သို့ပို့ရန် အသင့်ဖြစ်နေသည့် ထရန်စဖော်မာများစသည့်တို့ကို အကြီးအသေးအမျိုးမျိုး သူ့နေရာနှင့်သူ အလုပ်သမားများက ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်လုပ်ကိုင်နေကြသည်ကို လည်းကောင်း၊ နိုင်ငံတော်ပိုင်စက်ရုံကြီးတစ်ရုံကို တွေ့ရသည့် မြင်ကွင်းများနည်းတူ အံ့ဩဖွယ်တွေ့ရလေသည်။

စက်ရုံအဆောက်အအုံ၏ ဝဲဘက်တွင်ရုံးခန်း၊ ဧည့်ခန်းအဆောင်ကြီးတစ်ဆောင် ဆောက်လုပ်ထားသည်။ ဧည့်ခန်းမကြီးမှာ အမိုးမှလွဲ၍ ကျွန်းသားတွေနှင့်ချည်း အချောကိုင် လှပသပ်ရပ်ခဲ့ညားစွာ ဆောက်လုပ်ထားပြီး အတွင်းရှိပရိဘောဂအားလုံး ကျွန်းသားတွေနှင့်ချည်း ပြုလုပ်ထားကြောင်း၊ နိုင်ငံခြားဧည့်သည်များလာပါက ကျွန်းသစ်ပေါသည့် မြန်မာနိုင်ငံပါလားဟုသိသွားအောင် ပြုလုပ်ထားခြင်းဖြစ်ကြောင်း ကိုစိုးတင်ကပြောပြသည်။ ဧည့်ခန်းတွင် ကိုစိုးတင့် နက်မောက်စက်မှုလက်မှုအထက်တန်းကျောင်း တက်စဉ်က သူ့ဆရာဖြစ်ခဲ့သော ဆရာကြီးဦးစောမြိုင်ကိုလည်း တွေ့ရသည်။ ဆရာကြီးဦးစောမြိုင်သည် ယခုအခါ အငြိမ်းစားယူပြီး ကိုစိုးတင့်၏ "စိုးလျှပ်စစ်နှင့်စက်ကိရိယာ ကုမ္ပဏီလီမိတက်"တွင် အတိုင်ပင်ခံအရာရှိ အဖြစ်



ဆောင်ရွက်ပေးနေသည်။ ကိုစိုးတင့်ဘဝမှာ အလွန်စိတ်ဝင်စားစရာလည်းကောင်း၊အားကျစရာလည်း ကောင်းလှသည်။ ကျွန်တော်က မေးသဖြင့် သူ့ဘဝအကြောင်းကို အကျဉ်းချုံး၍ပြောပြလေသည်။

"ကျွန်တော်ခြောက်လသားမှာ အမေဆုံးသွားပြီး ကျွန်တော်ခုနစ်နှစ်သားအရွယ်မှာ အဖေဆုံးသွားလို့ ကျောင်းဆရာမတစ်ယောက်ကခေါ်ပြီး ကျောင်းထားပေးတာ ရှစ်တန်းအထိပေါ့။ တခြား ဆရာ၊ ဆရာမတွေကလည်း ကျွန်တော်ကိုသနားလို့ ငွေကလေးတွေ တက်နိုင်သလောက်စုပြီး ပေးကြတယ်။ ရှစ်တန်းရောက်တော့ ကျွန်တော်ဒီလိုချည်း သူများအားကိုး နေလို့မဖြစ်ဘူး။ အသက်မွေးဝမ်းကျောင်း ပညာတစ်ခုခုသင်ပြီး ကိုယ့်ဟာကိုယ်လုပ်ကိုင်စားမယ်ဆိုပြီးတော့ ကျွန်တော့်ဆရာ ဦးရှုံမြင့်နဲ့ တိုင်ပင်ပြီး ဆရာကကူညီပေးလို့ နက်မောက်စက်မှုလက်မှုကျောင်းကို ရောက်လာတယ်။ အဲဒီမှာ ဘော်ဒါဆောင်နေပြီး တက်ခဲ့ပါတယ်။ ကျောင်းဆင်းပြီးတဲ့အခါကျတော့ ဆရာကြီးဦးစောမြိုင်က AID မှာလုပ်နေတဲ့ ဆရာဦးသိန်းဖေဆီ လွှတ်တယ်။ ဆရာဦးသိန်းဖေရဲ့ကူညီမှုနဲ့ ရန်ကုန်မြို့နီစီပယ် (ယခုမြို့တော်စည်ပင်)မှာ ၁၉၇၃ ခုနှစ်က အလုပ်ရခဲ့တယ်။ လျှပ်စစ်ပစ္စည်း ပြင်ရတဲ့အလုပ်ပေါ့။

ကျွန်တော့်ဗီဇက ပစ္စည်းတစ်ခုခုဖြစ်ရင် ချက်ချင်းဖွင့်ပြင်ချင်တယ်။ ဒါပေမယ့် ဌာနဆိုင်ရာဆိုတော့ သိတဲ့အတိုင်းပဲ ကိုယ်ဖွင့်ချင်တိုင်းဖွင့်ပြင်လို့မရဘူး။ သက်ဆိုင်ရာကိုတင်ပြပြီး အမိန့်ရမှ ဖွင့်လို့ရတာဆိုတော့ လုပ်ရတာစိတ်ဓာတ်ကျတယ်။ ဒါကြောင့် ၁၉၉၅ ခုနှစ်မှာ အလုပ်ကထွက်လိုက်ပြီး လွယ်အိတ်ကလေးတစ်လုံးနဲ့ ကိုယ်တတ်တဲ့ပညာကိုအသုံးချပြီး လိုက်လုပ်ခဲ့တယ်။ အဲဒီနောက် ဒီလိုနဲ့မဖြစ်သေးပါဘူးဆိုပြီး ဖိုင်းရေအိုးစင်ထိပ်မှာ တွင်ခုံဆောင်ထားတဲ့ ဦးကျော်ခင်၊ ကြက်တန်းမှာရှိတဲ့ ဦးနတို့ဆီသွားပြီး သူ့တို့ကိုဆရာတင်ပြီး ခိုင်းတဲ့အလုပ် လိုက်လုပ်တယ်။ ထမင်းစားဖို့ပိုက်ဆံ ရတဲ့အခါလည်းရ၊ မရတဲ့အခါလည်း မရပေါ့။ ရတဲ့အခါ ဆောင်ဆန်းကွင်းအနားက ထမင်းတစ်နပ် နှစ်ကျပ်ခွဲဆိုင်မှာ သွားစားရတယ်။ တစ်ခါတလေ ထမင်းတစ်နပ်တည်းနဲ့ တစ်နေ့ ပြီးခဲ့ရတာလဲရှိတယ်။ ငတ်တတ်လှည့် ပြတ်တစ်

www.burmeseclassic.com

www.burmeseclassic.com

Final inspection



ဦးစိုးတင့်၏စက်ရုံသစ်ကြီးနှင့်

လုပ်ငန်းခွင်အချို့



လှည်းနဲ့ ဘူတာကြီးရှေ့ အုတ်ခုံလေးပေါ်မှာ လွယ်အိတ်ကလေးတစ်လုံးနဲ့ ထိုင်ပြီးတောင်စဉ်းစား၊ မြောက်စဉ်းစားနဲ့ လူတွေကယုံကြည်မှုရှိလိုက်၊ မရှိလိုက်နဲ့ဖြစ်ခဲ့ရတာ။ အဲဒီအခြေအနေမှာ ကိုသိန်းအောင်ဆိုသူနဲ့ သွားတွေ့ပြီး ကျောက်မြောင်းက ဦးကျင်စိန်ဆီ သွားပြီးတော့ ရွှေဂုံတိုင်ဗားဒံပင်ဈေးနားက အခန်းလေးတစ်ခန်း စပေါ်ငွေ ၂၀၀၀ နဲ့ငှားကြတယ်။ နှစ်ယောက်စပ်တူ အလုပ်လုပ်ကြမယ်ပေါ့။ စပေါ် တစ်ယောက်တစ်ထောင်စီ ပေးဖို့ပိုက်ဆံမရှိတာနဲ့ အမျိုးသမီးတစ်ယောက် ( ယခုကျွန်တော့်ဇနီး ) ဆီမှာငွေ ၁၀၀၀ဝ/ သွားချေးရတယ်။ အရင်းအနှီးလုပ်ဖို့ ကျွန်တော့်မှာရှိတဲ့ စောင်တွေ၊ သေတ္တာတွေသွားရောင်းတာတောင် ၁၀၀၀ကျပ် ပြည့်အောင်မရဘူး။ ကျွန်တော်တို့ငှားတဲ့ အခန်းလေးကလဲ ဘယ်လောက်ကျယ်သလဲဆိုရင် ခေါက်ခုတင်လေးတစ်လုံးချလို့ပဲရတယ်။ အဲဒီမှာ သူများမြင်ရင် အထင်ကြီးအောင်၊ အလုပ်အပ်ချင်အောင် မော်တာစုတ်ကလေးတွေ သူများဆီက သွားငှားပြီး ချထားရတယ်။ အဲဒီအချိန်က ဒီအလုပ်မျိုးကို တရုတ်တွေ၊ ကုလားတွေပဲ လုပ်ခဲ့ကြတာ။ ကျွန်တော်တို့ကလည်း ကိုယ့်မိတ်နဲ့ကိုယ် ရအောင် ကြိုးစားရတယ်။ အဲဒီလိုလုပ်ရင်း အခန်းကလေးကနေ အဖီကလေး တစ်ခု တိုးချဲ့လာနိုင်တယ်။ မိတာလေး ဘာလေးနဲ့ စုံစုံစေ့စေ့ ထားလာနိုင်တယ်။

ကျွန်တော် အဲဒီအချိန်က ၂၅ နှစ်သားရှိပြီ။ သံဆန်ခါခြင်းကလေး တစ်လုံး ဝယ်ထားတယ်။ အလုပ်သွားလုပ်ပြီးပြန်လာရင် ဘဲဥတွေဝယ်လာပြီး ခြင်းကလေးထဲမှာ မပြတ်ထည့်ပြီး ထမင်းနဲ့ ဘဲဥနဲ့ပဲ နေ့တိုင်းနှစ်ပါးသွားခဲ့တယ်။ အိမ်အောက်ကိုကြည့်ရင် ဘဲဥခွံပုံကြီးက ကြမ်းနဲ့ထိခါနီးနေပြီ။ အိမ်ရှင်က "မင်းဘဲဥတွေဒီလောက်များတာ ကြာရင်ငါ့အိမ်ပြိုလိမ့်မယ်" လို့ နောက်ခဲ့သေးတယ်။

ကျွန်တော်အိမ်ထောင်ပြုမယ်ဆိုပြီး ငွေစုထားတာ ကျပ် ၆၀၀ ရှိတယ်။ မင်္ဂလာကိစ္စကို အမျိုးသမီးဘက်က တာဝန်ယူပါတယ်။ စောင်၊ ခြင်ထောင် လိုတာလေးတွေ ဝယ်လိုက်တာ ရှိတဲ့ပိုက်ဆံနဲ့မလောက်လို့ တချို့စက်ကလေး

www.burmeseclassic.com



တွေ ထုတ်ရောင်းလိုက်ရတယ်။ အိမ်ထောင်ကျပြီးအလုပ်သွားတော့ အိမ်ပြန်စရာ ပိုက်ဆံမရှိတော့လို့ ဦးကြည်ဆိုသူဆီက ငွေ ၅၀/-သွားချေးရတယ်။ ဒီလိုနဲ့ ပိုက်ဆံ သုံး လေးဆယ်နဲ့ လင်မယားနှစ်ယောက် ဘဝစခဲ့ရတယ်။ မုန့်ကြိတ်ဆုံတွေ၊ မုန့်ဟင်းခါးဖိုတွေက မော်တာတွေ လိုက်ပြင်၊ သင်္ကြန်ရက်တွင်းမှာ ကိုယ်တိုင် မုန့်ကြိတ်ဆုံထိုးခဲ့ရတယ်။ ရယ်စရာကောင်းတာက မော်တာပြင်စားတဲ့သူရဲ့ မုန့်ကြိတ်ဆုံမှာ မော်တာမတပ်နိုင်ဘူး၊ ဒါနဲ့ အင်မတန်ညံ့တဲ့ အစွာရေးမော်တာတစ်လုံးရာပြီး တပ်တယ်။ မော်တာက ငါးမူးအားရှိမှ မုန့်ကြိတ်လို့ရမှာဆိုတော့ တစ်မတ်အားမော်တာကို ငါးမူးအားရအောင် ကြံဖန်လုပ်ခဲ့ရတယ်။ နည်းလမ်းမမှန်တော့ မော်တာကပူတာပေါ့။ မုန့်ကြိတ်ဆုံရှိနေပြီဆိုတော့ အကြော် ကြော်ရောင်းရမယ်ဆိုပြီး ကျွန်တော့် အမျိုးသမီးက အကြော် ကြော်ရောင်းခဲ့ရသေးတယ်။

ကျွန်တော်က အဲဒီလိုနဲ့ မော်တာတွေပြင်လိုက်၊ ဒိုင်နမိုတွေပြင်လိုက်နဲ့ တော်တော်လေးအလုပ်ဖြစ်နေပြီ။ အဲဒီအချိန်က ထိုင်း နယ်စပ်ကမော်တာတွေ မြန်မာပြည်ကို သွင်းနေတယ်။ မြန်မာပြည်မှာတော့ ကြက်တန်းကဦးစိန်ထွန်းဆိုတဲ့သူက ဒိုင်နမိုတွေထုတ်နေပြီ။ သိပ်တော့ စနစ်မကျသေးဘူးပေါ့။ လူတွေကလည်း ပြည်တွင်းဖြစ်ဆိုရင် သိပ်အထင်မကြီးဘူး။ အဲဒီတုန်းက ကျွန်တော် မမှန်မကန်လုပ်ခဲ့တာ ပြောပြရဦးမယ်။ သဃ်္ဃန်းကျွန်း၊ တောင်ဥက္ကလာပနဲ့ ရွှေဂုံတိုင်မှာ အလုပ်ရုံကလေးတွေမှာ အလုပ်သမား သုံး လေးယောက်နဲ့ ကျွန်တော်ဒိုင်နမိုတွေစထုတ်နေပြီ။ "ရုပါလိုက်၊ မဲဆောက်" ဆိုပြီး နိုင်ငံခြားကလာသလိုလို အတုလုပ်ရောင်းတာပေါ့။ တစ်နေ့တော့ မန္တလေးမှာ ကျွန်တော့်မော်တာတွေကို သက်ဆိုင်ရာက ဖမ်းပါလေရော။ နိုင်ငံခြားပစ္စည်း မှောင်ခိုသွင်းတယ်ဆိုပြီးဖမ်းတာ၊ အဲဒီမှာ ကျွန်တော့်ပစ္စည်းလေးတွေသာ ပြန်မရရင် ဘဝပျက်သွားနိုင်တယ်။ ကျွန်တော်လည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး အမှန်အတိုင်းပြောပြလိုက်တယ်။

တော်ပါသေးတယ်။ သူတို့ဆီကပစ္စည်းမသိမ်းလိုက်ဘူး။ ဒါပေမယ့် နိုင်ငံခြားကုမ္ပဏီ နာမည်ကို ဖြုတ်နိုင်းတယ်။ ဒါနဲ့ ကျွန်တော်လည်း Super



Light တံဆိပ်တော့မဖြုတ်ဘူး။ ထိုင်းကုမ္ပဏီနေရာမှာ Made in Burma, U Soe Tint ဆိုပြီး လုပ်လိုက်တယ်။ တစ်နှစ်လောက်တော့ အရောင်းအဝယ် အ သွားတယ်။ နောက်ပိုင်း ကိုယ့်ပစ္စည်းအရည်အသွေး ကောင်းကောင်းနဲ့ တကယ်လုပ်ရင် ပြည်သူတွေလက်ခံတယ်ဆိုတာ တဖြည်းဖြည်းသိလာတယ်။ အဲဒီအချိန်မှာ တရုတ်က PEM, BEM, YOC ဆိုတဲ့နာမည်တွေနဲ့ ဒိုင်နမိုတွေအများကြီး ဝင်လာတယ်။ ကျွန်တော်က SEM ဆိုပြီးစိတ်ကူးရလာလို့ အဲဒီအမည်နဲ့ ဒိုင်နမိုတွေ ထုတ်ရောင်းတာ အများကြီးရောင်းရတယ်။ အဲဒီကနေပြီး ထရန်စဖော်မာတွေပါ စပြင်လာတယ်။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ဦးအေးက ၁၀၀၊ ၁၅၀ ကေဗီအေရှိတဲ့ ထရန်စဖော်မာလေးတွေပြင်ဖို့ ကျွန်တော့်ဆီ စမ်းတဲ့ သဘောနဲ့လာအပ်တယ်။ ၁၉၉၈ ခုနှစ်နောက်ပိုင်းမှာ လျှပ်စစ်အသုံးပြုမှုကသိပ်များလာတယ်၊ တရုတ်နဲ့ထိုင်း ထရန်စဖော်မာတွေအဝင်များလာတယ်။ အဲဒါတွေပျက်တော့ ကျွန်တော်ပဲပြင်ရတာပဲ။ ဘာမှမခဲယဉ်းဘူး၊ ပြင်ရင်းနဲ့ ဒါတွေတို့ဆီမှာ လုပ်လဲရတာပဲဆိုတာသိလာတယ်။

ဗန်ကောက်မှာ စက်ရုံတည်ပြီး ထုတ်လုပ်တဲ့ ထရန်စဖော်မာတွေ မြန်မာပြည်ဝင်လာတယ်။ လေ့လာကြည့်တော့ ထိုင်းမှာလည်း အဲဒီပစ္စည်းထုတ်ဖို့ကုန်ကြမ်း ဘာတစ်ခုမှမရှိဘူး။ သူတို့လဲ ဂျပန်၊ အမေရိကန်တို့ဆီက ဝယ်သုံးရတာပဲ။ ထိုင်းတို့ ကိုရီးယားတို့ တက်လာတာ ဒီနည်းတွေနဲ့ပဲ။ တရုတ်ပြည်ဆိုတာ အများကြီးတိုးတက်နေပြီ။ ဒီမှာထရန်စဖော်မာလုပ်တဲ့စက်ရုံမရှိဘူး။ စက်မှု(၂) မှာရှိတာလဲ မလည်နိုင်ဘူး။ ဒါကြောင့် ဒီစက်ရုံမျိုးမြန်မာပြည်မှာ ရှိအောင်လုပ်မှဖြစ်မယ်။ လျှပ်စစ်စွမ်းအား ထုတ်လုပ်ဖြန့်ဖြူးရေးမှာ ထရန်စဖော်မာဟာ မရှိလို့မဖြစ်တဲ့ ပစ္စည်းမဟုတ်လား။ ဒါပေမယ့် ဒီလိုစက်ရုံမျိုးကနိုင်ငံတော်က ခွင့်ပြုမှ လုပ်လို့ရမှာဆိုတော့ လုပ်လို့ရ၊ မရ စုံစမ်းရတယ်။ နောက်ပြီး ကျပ်သိန်းပေါင်းထောင်နဲ့ချီပြီး ရင်းမှ၊ ကုန်ကြမ်းကလည်း ကျပ်သိန်း ထောင် နဲ့ချီပြီး ရင်းမှ၊ အတတ်ပညာ၊ နည်းပညာကလည်းမြင့်တော့ မလုပ်မီ အများကြီး ချိန်ဆရတယ်၊ နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



တော့ မထူးပါဘူး" ငါလဲ ဒီလုပ်ငန်း စထားပြီးပြီ၊ ဆက်လုပ်မှဖြစ်မယ်"ဆိုပြီး စွန့်လုပ်ခဲ့ရတာပါ။ အခက်အခဲ အမျိုးမျိုးကြားက ရုန်းကန်လုပ်ခဲ့တာ ဒီကနေ့ဆိုရင် အစ်ကိုတို့ မြင်တဲ့အတိုင်းပါပဲ၊ မြေတန်ဖိုးနဲ့ စက်ရုံတန်ဖိုး ကျပ်သိန်း ၃၅၀၀ တန်တဲ့ ဒီစက်ရုံကြီးအထိ ဖြစ်လာပါပြီ။

ပြည်ပက ကျပ် သိန်း၊ ၂၅၀ နဲ့ဝယ်သုံးတဲ့ ထရန်စဖော်မာကြီး တစ်လုံးဆိုရင် ခြောက်လမပြည့်ခင် ပျက်သွားလို့ နိုင်ငံခြားပညာရှင် ခေါ်ပြတော့ ဟိုကိုယူသွားပြီးပြင်ရမယ်၊ သင်္ဘောတင်စရိတ်မပါဘဲ ပြုပြင်စရိတ်ချည်း ဒေါ်လာ လေးသောင်း ကျမယ်ပြောတယ်။ အဲဒါကို ကျွန်တော်ပြင်ပေးတာ ၂၅ ရက်ပဲ ကြာတယ်။ နိုင်ငံခေါင်းဆောင်ကြီးတစ်ယောက်က "ဒေါ်လာ လေးသောင်းကုန်မယ့်ကိစ္စ ကိုစိုးတင့်ပြင်လိုက်တာ ကျပ် ၁၃ သိန်းနဲ့ပဲ ပြတ်သွားပြီ" လို့ပြောပါတယ်၊ ဆိုဖိုး ဘာဖိုးအားလုံးပေါင်းမှ ကျပ် ၁၇ သိန်းပဲရှိတယ်။ အခု အဲဒီထရန်စဖော်မာကြီး မန္တလေး ချမ်းအေးသာစံမြို့နယ်မှာတပ်ဆင်ပြီးသုံးနေတယ်။ ကျွန်တော့် စက်ရုံကလုပ်နေတာတွေဟာ အဲဒီလိုအလားတူ အလုပ်တွေအများကြီးပဲ။ နိုင်ငံတော်ရဲ့လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပံ့ပိုးတဲ့အနေနဲ့ လျှပ်စစ်ဓာတ်အားထုတ်စက် (AC Generator) တွေ၊ နိုင်ငံခြားငွေ သက်သာစေတဲ့ အစိုးရဌာနတွေနဲ့ ပုဂ္ဂလိက တွေကအပ်နှံတဲ့ High Capacity Transformer တွေ၊ (AC Generator) တွေနဲ့ AC မော်တာတွေပြုပြင်ပေးနေတဲ့အပြင် ထရန်စဖော်မာ အသစ်တွေလဲ ထုတ်လုပ်ပေးနေပါတယ်။ ထရန်စဖော်မာတွေကတော့ လမ်းမီး တွေ ဗို့အားအပြည့်အဝနဲ့လင်းဖို့အတွက် ထုတ်လုပ်တဲ့ Single Phase Pollmounted Transformer ကနေ Three Phase 500 KVA Transformer တွေအထိ အရွယ်အစား အမျိုးမျိုးဖြစ်ပါတယ်။ AC Generator တွေဆိုရင်အသေးဆုံး 1.5 KVA ကနေ အကြီးဆုံး 10 KVA အထိ အရွယ်အစားအမျိုးမျိုး ထုတ်လုပ်တယ်။ ထုတ်လုပ်တဲ့ နေရာမှာ ပြည်တွင်းက မထွက်တဲ့ အဓိကကုန်ကြမ်း လေးမျိုးကိုသာ ပြည်ပကမှာယူပြီး ကျန်တဲ့ကုန်ကြမ်းတွေက ပြည်တွင်းကရပါတယ်။



ထုတ်လုပ်တဲ့ ပစ္စည်းကို နိုင်ငံခြား စံချိန်စံညွှန်းများနဲ့အညီ စမ်းသပ်စစ်ဆေးမှု ပြုလုပ်ပါတယ်။

ထရန်စဖော်မာဟာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာမှာ မရှိမဖြစ် လိုအပ်တဲ့ ပစ္စည်း ဖြစ်ပါတယ်။ ထရန်စဖော်မာအသုံးပြုတဲ့အတွက်- (၁) အန္တရာယ်ကင်းရှင်းတယ် (၂) မြို့တစ်မြို့မှ တစ်မြို့သို့ ရှည်လျားတဲ့ ဓာတ်အားလိုင်းသွယ်တန်းပြီး လျှပ်စစ်ဓာတ်အား စီးသွားရာမှာ ဗို့အားကျဆင်းမှု နည်းစေဖို့နဲ့ လျှပ်စစ်ဗို့အားကို လိုသလိုမြှင့်နိုင် ချနိုင်တယ်။ (၃) ထရန်စဖော်မာတွေ တပ်ဆင်ရတဲ့ ကြီးမားတဲ့ဓာတ်အားလိုင်းကြီးတွေ တပ်ဆင်ပေးတဲ့အတွက် ကုန်ကျစရိတ်သက်သာတယ်။ (၄) လျှပ်စစ်ဗို့အားကို အပြည့်အဝအသုံးပြုနိုင်တယ်ဆိုတဲ့ အကျိုးကျေးဇူးတွေရှိပါတယ်။ ဒါ့အပြင် ဓာတ်အားအများအပြားသုံးစွဲကြတဲ့ စက်မှုဇုန်လိုနေရာမျိုးတွေမှာ ဗို့အား မပြည့်ရင် စက်စွမ်းအားပြည့် မလည်ပတ်နိုင်ဘူး။ ဒါကြောင့် အဲဒီအတွက်လိုအပ်တဲ့ Distribution Transformer တွေလဲ ထုတ်လုပ်ပေးနေတာ ဖြစ်ပါတယ်။"

ကိုစိုးတင့်မှာ ကျွန်တော်တို့အား စကားလက်စံ ပြောနေသည့် ကြားမှ ဆယ်လုလာ ဖုန်းကမကြာမကြာဝင်လာ၍ လုပ်ငန်းကိစ္စများပြောနေရသည်။ ကျန်းမာရေးကောင်း အသက်အရွယ်အားဖြင့် လူလတ်ပိုင်းသာရှိသေးပြီး ကျန်းမာရေးကောင်း သလောက် အချိန်နှင့်အမျှ လှုပ်ရှားလုပ်ကိုင်၊ တွေးတော၊ ကြံဆ၊ တီထွင် သလောက် မြန်မာ့လျှပ်စစ် တစ်ခေတ် ထူထောင်ရေးကို မနားမနေ ဆောင်ရွက်ကာ ခရီးပေါက်သင့်သလောက် ကြိုးပမ်းနေရာ ကြိုးစားသလောက်လည်း လင်းထိန် ပေါက်နေပြီ ဖြစ်သဖြင့် ထရန်စဖော်မာမှ တစ်ဆင့် လျှပ်စစ်မီး လင်းထိန် ပေါက်နေပြီ ဖြစ်သဖြင့် စက်မှုလက်မှုလောကတွင် ကြယ်တစ်ပွင့် ထွန်းတောက်လာသကဲ့သို့ စက်မှုလက်မှုလောကတွင် ကြယ်တစ်ပွင့် ထွန်းတောက် လာသည်မှာ ဝမ်းမြောက်ဂုဏ်ယူဖွယ် ကောင်းလေစွ။

➤➤➤➤➤

www.burmeseclassic.com

www.burmeseclassic.com

# ချမ်းသာခြင်သလား ဦးမြင့်ဆီသွား

သာကေတမြို့ မြင်တော်သာလမ်း၊ ဂိတ်ဟောင်းကွေ့အနီးရှိ ဦးမြင့်၏ အိမ်(အလုပ်ရုံ) သို့ ရောက်ရှိ၍ ဦးမြင့်နှင့်စကားပြောရသောအခါ အနန္တသူရိယအမတ်ကြီး၏ "သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ သူတစ်ယောက်မှာ ပျက်လင့်ကာသာ မမှုတာတည်း" ဟူသော မျက်ဖြေလင်္ကာ အပိုဒ်ကလေးကို မဆီမဆိုင် သွားသတိရမိလိုက်သည်။ စင်စစ် သဘောချင်း ခပ်ဆင်ဆင် ဖြစ်သော်လည်း ဤစကားနှင့် တစ်ထပ်တည်းတော့ မတူချေ။ ဝတ္ထုလား၊ ဇာတ်လမ်းအမည်လား တော့မမှတ်မိပါ "သူများရယ်ဖို့ ကိုယ်ငိုမယ်" ဟူသော စကားနှင့်ပို၍ ဆီလျော်ပေမည်။

အသက် ၆၆ နှစ် ရှိပြီဖြစ်သော ဦးမြင့်သည် သန်လျင်မြို့နယ် ပုဂံတောင်ကျေးရွာဇာတိ၊ အဖ ဦးအုန်းမောင်၊ အမိ ဒေါ်ဝိုင်း (တောင်သူလယ်သမားများ)၏ သားဖြစ်သည်။ အတန်းပညာမှာဘုန်းကြီးကျောင်းထွက်ဖြစ်သည်။ ငယ်စဉ်က မိဘများနှင့်အတူ လယ်ယာလုပ်ငန်းတွင် ကူညီလုပ်ကိုင်ခဲ့ပြီး ရွာကဆန်စက်တွင် ခုနစ်နှစ်နီးပါးဝင်လုပ်ခဲ့သည်။ ထို့နောက် ပုဇွန်တောင်၊



ညောင်တန်းရှိ ခေတ်လိုက် စက်မှုလက်မှုလုပ်ငန်း တွင်ဝင်လုပ်ခဲ့ပြီး ထိုမှတစ်ဖန် တာဝတိံသာလမ်းရှိ ဦးစိန်မောင်၏သင်္ဂဟဝပ်ရှော့တွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ဦးစိန်မောင်ဝပ်ရှော့၌ ဒန်အိုးစက်များ ထုတ်လုပ်သည့်အပြင် ကြွေရည်သုတ်မည့် ရေနွေးအိုးများကိုလည်း ၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀၊ ၂၂ မီလီမီတာအရွယ် ခြောက်မျိုးထုတ်လုပ်သည်။ ကြွေရည်သုတ်ခြင်းကိုမူ ကုလားသူဌေးများထံတွင် အပ်နှံဆောင်ရွက်ရသည်။ ကြွေရည်သုတ်ရေနွေးအိုးများကို ယင်းသို့ထုတ်လုပ်နိုင်သဖြင့် ဂျပန်မှဝင်လာနေကျ ကြွေရည်သုတ် ရေနွေးအိုးများကို မမှာတော့ချေ။ ယင်းဒန်အိုးစက်များ၊ ကြွေရည်သုတ် ရေနွေးအိုးများ ထုတ်လုပ်မှုကို ဦးမြင့်က ကြိုးကြိုးစားစားဖြင့် လုပ်ကိုင်ပေးခဲ့သဖြင့် လုပ်ငန်းကျွမ်းကျင်မှု အထိုက်အလျောက် ရှိလာသည်။

ယင်းအခြေအနေတွင် ဦးမြင့်သည် အိမ်ဆောက်ရန်ငွေ လိုလာသဖြင့် အလုပ်ရှင် ဦးစိန်မောင်ထံမှငွေချေးရာ ၆၀၀ ကျပ်သာရသည့်အပြင် လေးလတိုင် လခမပေးဘဲ အကြွေးခုနှိမ်ယူသဖြင့် လုပ်သက်ငါးနှစ် အကြာတွင် ထိုအလုပ်မှ ထွက်လိုက်လေသည်။ ထို့နောက် ဦးသိန်း (နောက်ပိုင်း ဆန်စက်များ ထုတ်လုပ်ရောင်းချရာမှ နာမည်ကြီးလာသူ)နှင့် သူငယ်ချင်းနှစ်ယောက် ပူးပေါင်းပြီး ဦးသိန်းကငွေစိုက်၊ ဦးမြင့်က လုပ်အားစိုက်ကာ ဝပ်ရှော့တစ်ခု တည်ထောင်လုပ်ကိုင်ခဲ့သည်။ ဦးမြင့်က ဦးသိန်းအား လုပ်ငန်းအကျိုးအမြတ်ရမှ သူ့ကိုခံစားခွင့်ပေးပါ။ အကျိုးအမြတ် မရှိလျှင်လည်း ခံစားခွင့်မယူပါဟု ပြောထားရာ အကျိုးအမြတ်ရှိလာ၍ ဦးသိန်းက မှန်မှန်ကန်ကန် ခွဲဝေပေးခဲ့သဖြင့် ဦးမြင့်မှာ အတော်အတန် အဆင်ပြေလာခဲ့သည်။ မြန်မာပြည်တွင် သတ္တုလေးထောင့် ထမင်းဘူးကလေးများကို သူတို့လုပ်ငန်းမှ ပထမဆုံးထုတ်လုပ်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ဒေါပုံ နဝေးဒေးလမ်း၌ ဦးမြင့်ကိုယ်ပိုင် စက်မှုလက်မှုလုပ်ငန်း စတင်တည်ထောင်ပြီး ပထမတွင် စက်မှုလက်မှု အထွေထွေ အပ်ထည်များ လက်ခံလုပ်ကိုင်ပေးခဲ့သည်။ ယင်းနောက် ဦးစိန်မောင်ထံမှ

www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်



ရရှိထားသောပညာဖြင့် ဒန်အိုးစက်များ ထုတ်လုပ်ခဲ့သည်။ "ဒန်အိုးစက်တွေ ထုတ်လုပ်ပေးခဲ့တာ အရေအတွက် ဘယ်လောက်ရှိသွားပြီလဲ" ဟု စာရေးသူကမေးရာ ဦးမြင့်က–

"မန္တလေးမှာနှစ်လုံး၊ ဒါးပိန်မှာ တစ်လုံး၊ မြောက်ဥက္ကလာမှာ လေးလုံး၊ တောင်ဥက္ကလာ မြသုံးလုံးဦးအောင်ကြိုင်ကို ၁၂ လက်မထောင်းလို့ရတာ တစ်လုံး၊ ၂၂ လက်မထောင်းလို့ရတာတစ်လုံးနဲ့ ၈ လက်မတစ်လုံး၊ ကမ္ဘာအေးက ဦးအောင်ဝင်းကို ၁၂ လက်မတစ်လုံး၊ ၁၆ လက်မတစ်လုံး၊ နောက်ဆုံး ၁၀ လက်မတစ်လုံး၊ မြောက်ဥက္ကလာပမှာပဲ ဦးရှိန်းကို ၁၂ လက်မသုံးလုံး၊ ၁၆ လက်မတစ်လုံးနဲ့ ၁၀ လက်မတစ်လုံး၊ တောင်ဥက္ကလာက ဦးသိန်းမြင့်ကို ၁၆ လက်မတစ်လုံး၊ ၁၂ လက်မတစ်လုံး နဲ့ ၁၀ လက်မ တစ်လုံးထုတ်လုပ်ပေးခဲ့ပြီး အခု တောင်ဒဂုံက ချိုသိန်းကို ၁၂ လက်မတစ်လုံး လုပ်ပေးနေတယ်။ ဦးရှိန်းကလည်း နောက်ထပ် ၂၄လက်မ တစ်လုံး အပ်ထားသေးတယ်။ ဒန်အိုးထုတ်လုပ်စက်တစ်လုံးကို အနည်းဆုံး ကျပ်သိန်း၂၀ က သိန်း ၃၀ ကျော်အထိ ထုတ်လုပ်မှုစရိတ် ရှိပါတယ်။ ၂၂ လက်မထောင်း နိုင်တဲ့စက်ဆိုရင် သိန်း ၃၀ ကျော်ကျော်လောက်ကျမယ်။ အခုဆို မြန်မာတစ်ပြည်လုံးမှာ ဒန်အိုးစက်ထုတ်လုပ်နေတာ ကျုပ် တစ်ဦးတည်းပဲရှိတယ်။ စက်တစ်လုံးကို လနဲ့ချီပြီးလုပ်ရတာယ်။ စက်တစ်လုံး လုပ်မှ ကျုပ်အတွက်နှစ်သိန်း၊ သုံးသိန်းပဲကျန်ပါတယ်။ ဒီလုပ်ငန်းနဲ့ ကျုပ် မိသားစု ထမင်းစားရရုံပဲ မချမ်းသာပါဘူး။ ကျုပ်ဆီက စက်တွေမှာယူပြီးတော့ ဒန်အိုး၊ ဒန်ခွက်လုပ်ရောင်းစားနေတဲ့သူတွေပဲ အများစုက သူဌေးတွေ ဖြစ်ကုန်ကြပြီ။ သူများတွေချမ်းသာအောင် ကျုပ်က အတတ်ပညာနဲ့ လုပ်အား စိုက်ထုတ်လုပ်ပေးခဲ့တာ အနုယိပါပဲလေ။ ကိုယ်တိုင် ကုန်ကြမ်းဝယ်ပြီး ထုတ်လုပ်ရောင်းချဖို့ကလည်း အရင်းအနှီးကများတော့ မတတ်နိုင်ဘူး။

အခု ဒီဒန်အိုး ထုတ်လုပ်တဲ့စက်တွေ ထုတ်လုပ်ပေးနေတာနဲ့ချည့်တော့ ဒီတစ်သက် တိုးတက်ကြီးပွားဖို့လမ်းမမြင်ဘူး။ ဒါကြောင့် စက်တွေလည်း ထုတ်၊ ကိုယ်တိုင်လည်း ဒန်အိုး၊ ဒန်ခွက် ထုတ်လုပ်ရောင်းရင် ကောင်းမလား

www.burmeseclassic.com

www.burmeseclassic.com



ဒန်အိုးထုတ်စက် နှင့် လုပ်ငန်းခွင်

BURMESE CLASSIC .com



စိတ်ကူးတယ်။ ကုသိုလ်ကံကောင်းလို့ တိုက်ဆိုင်ချင်တော့ တောင်ဥက္ကလာပက ဦးမြင့်အေး စက်ရုံခြံထဲမှာ စက်ဟောင်းတစ်လုံး သွားတွေ့လို့ ကြည့်လိုက်တော့ ကျုပ် ဦးအေးနဲ့ ပေါင်းလုပ်တုန်းက ထုတ်လုပ်ပေးခဲ့တဲ့ ဒန်အိုးထုတ်စက်ဖြစ်နေတယ်။ ကျုပ်တို့ထုတ်လုပ်ခဲ့တာ အင်္ဂလိပ်ပုံစံစက်နဲ့ ဂျပန်ပုံစံစက် နှစ်မျိုး ရှိတယ်။ အခုစက်က အင်္ဂလိပ်ပုံစံစက်၊ ဒါနဲ့ ကျုပ်လဲ ဦးမြင့်အေးဆီက ကျပ်သုံးသောင်း ရှစ်ထောင်နဲ့ ပြန်ဝယ်လာခဲ့တယ်။ အဲဒီစက်ကို အခု လိုတာတွေ ပြုပြင်ပြီးသွားပြီ၊ ဒန်အိုး ဒန်ခွက်တွေ ထုတ်ဖို့လုပ်ရမယ်။ "ပြောပြောဆိုဆိုနှင့် စာရေးသူအား ထိုစက်ကိုလိုက်ပြသည်။ မီးပျက်ချိန်ဖြစ်၍ သူ့စက်ရုံရပ်ထားရသော်လည်း စက်ရုံထဲတွင် တွင်ခုံ၊ ဖောက်ခုံ စသည့်ကိရိယာများနှင့်ထုတ်လုပ်ဆဲ ဒန်အိုးစက်အစိတ်အပိုင်း အချို့ကိုလည်း တွေ့ရသည် ဦးမြင့်က အသက်ကြီးပြီဖြစ်၍ သူ့စက်မှုပညာကို သားဖြစ်သူအား လက်ဆင့်ကမ်း သင်ပေးထားကြောင်း၊ သူ့စက်ရုံတွင် သားဖြစ်သူက ကျွမ်းကျွမ်းကျင်ကျင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သူ့ဆီမှ ပြန်လာသည့်တိုင် သူများချမ်းသာဖို့ ပညာနှင့်လုပ်အား စိုက်ထုတ်အပင်ပန်းခံကာ ကြိုးစားလုပ်ပေးနေရှာသည့် ဦးမြင့်အား မျက်စိထဲမှမထွက်ချေ။

➤➤➤➤➤



www.burmeseclassic.com

www.burmeseclassic.com

## ရွှေမန်းက စိန်ပန်းဦးကျော်စိန်နှင့် မျိုးဆက်သစ်များ

မြန်မာနိုင်ငံ၏ ဒုတိယမြို့တော် မန္တလေးတွင် စိန်ပန်းဟူသော နာမည်သည် လူသိများသည်။ စက်မှုလက်မှု လုပ်ငန်းများတည်ရှိရာ အရပ်ဖြစ်၍ နာမည်ကြီးခြင်း ဖြစ်သည်။ စိန်ပန်းစက်မှုလက်မှု ဟုဆိုလိုက်သည်နှင့် ဦးကျော်စိန်နှင့် တွဲ၍မြင်လိုက်ကြသည်။ စက်မှုလက်မှု လုပ်ငန်းများကို နှစ်ပေါင်းများစွာ တီထွင်ဆောင်ရွက်ခဲ့သော၊ လက်ရှိလည်း ဆောင်ရွက်နေသော ဦးကျော်စိန်၏ ဘဝအတွေ့အကြုံများနှင့် ကြိုးပမ်း ဆောင်ရွက်မှုများသည် အများပြည်သူတို့အတွက် တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာများ၊ ဗဟုသုတပညာများ ရရှိနိုင်သည်။ သို့ဖြစ်၍ ဦးကျော်စိန်နှင့် သူ၏ စိန်ပန်းစက်မှုလက်မှုလုပ်ငန်းကို လေ့လာရေး ခရီးတစ်ထောက်အဖြစ် ၁၈-၁၂ ၉၈ နေ့နံနက်တွင် မန္တလေးသို့ ရောက်ရှိခဲ့လေသည်။

မန္တလေးသည် ပူပြီဆိုလျှင်လည်း အပူရှိန်ပြင်းသလောက် အေးပြီ ဆိုလျှင်လည်း လွန်ကဲတတ်သည်ဟု ရွှေမန်းသားတို့၏အဆိုသည် မှန်လှချေသည်။ ရထားစီးရင်းပင် မန္တလေးနားနီးလာလေ ပို၍အေးလာလေခံစားနေရသည်။





နံနက်စောစောဆိုလျှင် အရိုးထဲ၊ အကြောထဲစိမ့်သွားအောင် အေးသလား ထင်မှတ်ရသည်။ သို့နှင့် စိန်ပန်းစက်မှုလက်မှုလုပ်ငန်း သို့ရောက်ရှိလာသည်။ အေးချမ်းသောရာသီဥတုတွင် စိန်ပန်းစက်မှုလက်မှုလုပ်ငန်းမှ ဦးကိုကိုကြီးနှင့် ကိုမြတ်သူတို့က စာရေးသူအား နွေးထွေးပျူငှာစွာကြိုဆိုကြသည်။ သူတို့သည် ဦးကျော်စိန်၏သားများထဲတွင် အကြီးဆုံးနှင့်အငယ်ဆုံး ဖြစ်ကြသည်၊ သားသမီးကိုးယောက်အနက် သမီးအကြီးဆုံးဖြစ်သူ ဒေါ်အမာကိုလည်း တွေ့ရသည်။ သူတို့မောင်နှမသုံးဦးက လက်ရှိလုပ်ငန်းကို ဦးစီးလုပ်ကိုင်နေကြောင်း၊ ဦးကျော်စိန်၏ အခြားသားလေးယောက်က စိန်ပန်း၏ လုပ်ငန်းခွဲများအဖြစ် ဆောင်ရွက်လျက်ရှိကြကြောင်း၊ ဖခင်ဖြစ်သူ ဦးကျော်စိန်မှာအသက် ၇၆-နှစ် ရှိပြီဖြစ်၍ ပြင်ဦးလွင်တွင် သွားရောက်နေထိုင်ကာ တစ်ခါတစ်ရံမှသာ စက်ရုံသို့လာပြီးအဝေးမှ ဦးဆောင်မှုပေးနေကြောင်း ဦးကိုကိုကြီးနှင့်ကိုမြတ်သူတို့က ပြောပြကြသည်။

သို့ဖြစ်၍ လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သူတို့အား မေးမြန်းကြည့်ပြီး နောက်တစ်နေ့နံနက်တွင် ကိုမြတ်သူနှင့်ဒေါ်အမာတို့က ပြင်ဦးလွင်သို့ ကားမောင်း၍လိုက်ပို့ကြသည်။ မန္တလေးမှ ၂၈ မိုင်အကွာ ပြင်စာကျေးရွာ၊ မန္တလေး-လားရှိုးကားလမ်းဘေး ခြံကျယ်ကြီးတစ်ခုအတွင်း လုပသပ်ရပ်သည့် လုံးချင်းတိုက်ကလေးတွင် ဦးကျော်စိန်နေထိုင်သည်။ မန္တလေးတွင် သည်လောက်အေးပြီဆိုလျှင် ပြင်ဦးလွင်က သည့်ထက်ပိုအေးသည်မှာ အထူးပြောစရာပင်မလိုချေ။သို့သော် အအေးဒဏ်ကိုမမှုဘဲ စွပ်ကျယ်လက်ပြတ်အကျီဝတ်ကာ အလုပ်တွေလှုပ်ရှားလုပ်ကိုင်နေသော ဦးကျော်စိန်ကို တွေ့လိုက်ရသောအခါ အံ့သြမိသည်။ သူ့ခြံထဲတွင် ဟော်လန် သံပုရာပင်များနှင့် နှင်းဆီပင်များစိုက်ပျိုးထားကာ အပင်များ ပိုးသတ်ဆေးဖျန်းရန် အလုပ်ရှုပ်နေခြင်း ဖြစ်သည် စာရေးသူတို့ ရောက်ရှိသွားသောအခါ သူ့လုပ်ငန်းကို ခေတ္တရပ်နားကာ စာရေးသူအားညှိ၍ မေးသမျှကို ပြောပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူမေးမြန်းချက်များကိုဦးကျော်စိန်ဖြေကြားစဉ်



"စိန်ပန်းစက်မှုလက်မှုအကြောင်းကို ပြောရရင် ကုန်းဘောင်ခေတ်ကစ ပြောမှ ပြည့်စုံမယ်ဆိုရင် ကြီးကျယ်တယ်လို့ တချို့ကပြောချင်ပြောမယ်၊ ဒါပေမယ့် တကယ်အခြေခံလာတာက ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီး လက်ထက်ကစခဲ့တာပဲ။ အဲဒီအချိန်ကအိမ်ရှေ့စံ ကနောင်မင်းသားကြီး၊ ယောမင်းကြီးဦးဘိုးလှိုင်၊ ကင်းဝန်မင်းကြီးဦးကောင်း၊ ဖန်ချက်ဝန်ဦးဖန်၊ ဖန်ချက်ဝန်ထောက် ဦးရွှေအိုး၊ ပန်းဘဲဝန်ဦးမှို (မှတ်ချက် အလုပ်သမား အစည်းအရုံးသမိုင်း အတွဲ-၁ တွင် သံချက်ဝန်ဦးမြ ဟုတွေ့ရသည်။ ဦးမြ၊ ဦးဖန်၊ ဦးရွှေအိုးတို့သည် ပြင်သစ်တွင် သွားရောက်ပညာသင်ခဲ့ကြသူများ ဖြစ်ကြသည်။)စတဲ့ ပုဂ္ဂိုလ်တွေဟာ မြန်မာနိုင်ငံမှာစက်မှုလက်မှု အခြေချ တည်ထောင် ဖို့ကြိုးပမ်းခဲ့ကြတဲ့သူတွေပေါ့။ စစ်ကိုင်းမှာ ပေါ်တူဂီနဲ့ပေါင်းပြီး သံချက်ဖိုတည်တယ်။ မန္တလေးမှာ လက်နက်စက်ရုံ၊ အမရစ်ခေါင်ရပ်မှာချည်စက်၊ နောက်သံရည်ကျိုစက်၊ ဒင်္ဂါးသွန်းစက်၊ ဖန်ချက်စက်၊ ပုံနှိပ်စက်၊ သစ်စက်၊ မဲနယ်စက် စတဲ့ စက်ရုံတွေတည်ခဲ့တယ်။ ကနောင်မင်းသားကြီးရဲ့ အစီအစဉ်နဲ့ ယောမင်းကြီးဦးဘိုးလှိုင်နဲ့ ပန်းဘဲဝန်ဦးမှိုတို့က ဆောင်ပင်လယ်မှာ ရေမြုပ်ဗုံး စမ်းသပ်ခဲ့ကြတယ်။ မင်းတုန်းမင်းကြီးက တားခဲ့လို့ ရပ်လိုက်ရတယ်။ ကနောင်မင်းသားကြီးသာ မကျဆုံးရင် မြန်မာပြည် စက်မှုလက်မှုဟာ တော်တော်တိုးတက်အောင်မြင်နေပြီ။ စက်မှုလက်မှုမှာ ဂျပန်ကမေဂျီဘုရင် ခေတ်ပြောင်းတော်လှန်ရေးလုပ်တာထက် မြန်မာပြည်က ကနောင်မင်းသားကြီးကစောကြောင်း သူတို့ဝန်ခံကြတယ်။ စိန်ပန်းအရပ်ကို စက်မှုလက်မှု လုပ်ငန်းတွေလုပ်ဖို့ နေရာသတ်မှတ်ချထားလို့ လုပ်ကိုင်ခဲ့ကြတယ်။ အဲဒီလို လုပ်ကိုင်ခဲ့ကြရာက သီပေါမင်းရဲ့မြေး ဦးဘအို၊ ယောမင်းကြီး ဦးဘိုးလှိုင်ရဲ့မြေး ဦးမောင်လေး၊ မန္တလေးမြောက်ပြင် အမရစ်ခေါင်ရပ်က ဦးဘညီအစ်ကိုတွေ၊ စိန်ပန်းရပ်က ဦးစံလှ စတဲ့ပုဂ္ဂိုလ်တွေ အီတလီမှာ စက်မှုလက်မှုပညာ သွားသင်ခဲ့ကြတယ်"

မင်းတုန်းမင်းကြီး အားထားရသူတွေထဲမှာ ဖန်ချက်ဝန်ထောက် ဦးရွှေအိုးနဲ့ ပန်းဘဲဝန်ဦးမှိုတို့ပါဝင်တယ်။ ပန်းဘဲဝန်ဦးမှိုတို့နဲ့ အီတလီပြန်

www.burmeseclassic.com

www.burmeseclassic.com



တွေကစိန်ပန်းအရပ်မှာ စက်မှုလက်မှုလုပ်ငန်းတွေစလုပ်ခဲ့ကြတာ ဒီနေ့အထိပဲ ဆိုပါတော့။ ဦးဘညီအစ်ကိုရဲ့မြေး ဦးထွန်းခင်၊ ဦးမှိုရဲ့မြေး ဦးနုတို့ဆို ဒီနေ့အထိ မြောက်ပြင်မှာရှိသေးတယ်။ ပေါက်တူး၊ ပေါက်ပြားက အစ လယ်ယာသုံး စက်ကိရိယာတွေထုတ်လုပ်နေတယ်။ ဦးစံလှရဲ့သား ဦးဘနက်ဆိုရင်လဲ ဒီနေ့အထိ သံရည်ကျိုလုပ်ကိုင်နေဆဲပါပဲ။"

ဦးကျော်စိန် စကားကောင်းနေစဉ် "ဒါထက်ဦးလေး အနေနဲ့ စိန်ပန်းစက်မှုလက်မှုလုပ်ငန်းကို ဘယ်လိုကနေဘယ်လို ဆက်နွယ်ပါဝင် လာခဲ့တယ်ဆိုတာလေး ပြောပြပါဦး" ဟုကျွန်တော်က ဖြတ်ပြီး မေးလိုက်ရာ–

"ကျွန်တော့် အဘိုးအဘွားတွေက ဦးညွန့်–ဒေါ်လှ၊ မိဘက ဦးစု ဒေါ်ငွေခင်ပါ။ တောသူတောင်သားတွေပါ။ အဘိုး အဘွားတွေက မြင်းမူနယ်ကနေပြီး မန္တလေးစိန်ပန်းကို ပြောင်းလာကြပြီးတော့ နန်းရှေ့မှာ ရိုက်ပျိုးစားကြတယ်။ ဟိုတုန်းက ဒီစိန်ပန်းအရပ်မှာ ရိုက်ပျိုးစားလို့ရခဲ့တယ်။ နောက်ပိုင်းမှ စက်မှုလက်မှုရပ်ကွက်ဖြစ်လာတာ။ ကျွန်တော့်ကိုတော့ စိန်ပန်းမှာပဲမွေးတယ်။ အတန်းပညာကတော့ ၅ တန်း အထိပဲသင်ခဲ့ရတယ်။ မိဘတွေကကျွန်တော့်ကို အရောင်းအဝယ်သင်ပေးကြတယ်။ ဒါပေမယ့် အုဝဲဆိုကတည်းက စက်မှုလက်မှုလုပ်ငန်းတွေကြားမှာနေခဲ့ရတာ။ ကျွန်တော် ဝါသနာပါတာက စက်မှုလက်မှုပဲ။ ကျွန်တော်ရဲ့ပထမဆုံးဆရာက ဆရာလှိုင်ပါ။ ဆရာလှိုင်က စိန်ပန်းမှာအကျော်အမော်ပဲ။ ရောင်ထုံးကြီးနဲ့ပေါ့။ နောက်ဆရာတွေက ဦးထွန်းအိ၊ ဦးစံသိန်း၊ ဦးသောင်းမေတို့ပါ။ ဆရာလှိုင်ဆီမှာစလုပ်ပြီးတော့မှ စစ်မဖြစ်ခင်ကာလက လွတ်လပ်ရေး ရတဲ့ကာလအထိ ဗျစ်စက်ရုံ(ဘိယာစက်ရုံ) မှာလုပ်ခဲ့ပါတယ်။ ဦးနု၊ ဦးထွန်းခင်တို့နဲ့ ဝပ်ရှော့တစ်ခုတည်းမှာပါ။ အဲဒီတုန်းက ပန်းဘဲဝန်ဦးမှိုရဲ့ ပုရပိုဒ်တွေဖတ်ရသေးတယ်။ အဲဒီပုရပိုဒ်တွေ အခုတော့ဘယ်ရောက်ကုန်မှန်းမသိတော့ပါဘူး။ ဗျစ်စက်ကထွက်ပြီးတဲ့နောက် ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်းကို မနည်းစုဆောင်းပြီးတည်ခဲ့ရတယ်၊ ဟိုစက်လိုက်ပြင်၊ ဒီစက်လိုက်ပြင်နဲ့ အင်မတန်ဆင်းဆင်းရဲရဲနဲ့ ဘဝကိုကြိုကြိုခဲ့ရန်းကန်ပြီးမှ လုပ်ငန်းဖြစ်မြောက်အောင်



တည်ထောင်ခဲ့ရတာ။ ဒါတွေကို သားသမီးတွေ၊ မြေးတွေ သိအောင်လည်း ပြောပြရသေးတယ်။ ပညာအမွေလည်းပေးပြီး စိန်ပန်း စက်မှုလက်မှု မျိုးဆက်မပြတ်အောင် ထိန်းသိမ်းထားရတယ်လေ။ ဒီကနေ့ စက်မှုလက်မှုဖွံ့ဖြိုးမှ ကျုပ်တို့တိုင်းပြည် ကြီးပွားတိုးတက်အောင် လုပ်နိုင်မယ်မဟုတ်လား။"

ဦးကျော်စိန်က အားတက်သရော‌ပြောပြနေစဉ်မှာပင် ကျွန်တော်ကကြားဖြတ်၍ "ဒါထက် ဦးလေးတို့စိန်ပန်းစက်မှုလက်မှုကုန်ထုတ် သမဝါယမ အသင်းဖွဲ့စည်းဆောင်ရွက်ခဲ့တဲ့ အခြေအနေလေးတွေ၊ စိန်ပန်းက အဓိကဘာပစ္စည်းတွေထုတ်လုပ်ခဲ့တယ်၊ ထုတ်လုပ်နေတယ်ဆိုတာလေးကော ပြောပြပါဦး" ဟုမေးလိုက်ရာ–

"ကျွန်တော်တို့ စက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းမဖွဲ့ခင် စိန်ပန်းကို တာဝန်ရှိပုဂ္ဂိုလ်ကြီးတစ်ဦး လာရောက်လေ့လာကြည့်ရှုတယ်။ ပြီးတော့သူက သမဝါယမဖွဲ့ရင်ဘာကူညီရမလဲ ငွေလိုသလား၊ ကုန်ကြမ်းလိုသလားလို့ မေးတယ်။ ဒါထက် ကျွန်တော်ကဒါတွေဘာမှမလိုသေးပါဘူး။ အထိုက်အလျောက်ရှိပါတယ်။ "လုပ်ငန်းပေးရင် ကျေနပ်ပါပြီ" ပြောတော့ သမဝါယမအမြန်ဆုံးဖွဲ့ဖို့၊ အခက်အခဲရှိရင်စောင့်ရှောက်ဖို့ အဲဒီပုဂ္ဂိုလ်ကြီးက သက်ဆိုင်ရာတွေကိုမှာကြားတယ်။ မကြာခင်သမဝါယမဖွဲ့ခဲ့ပါတယ်။ သမဝါယမ ဘာကြောင့်ကျွန်တော်တို့ဖွဲ့ရတာလဲဆိုတော့ ကျွန်တော်တို့ ကုန်ထုတ်လုပ်သူတွေဟာ တကယ့်ကိုအပင်ပန်းခံ၊ အခက်အခဲအမျိုးမျိုးကြားက လုပ်ကိုင်ကြရပေမယ့် အကျိုးအမြတ်သိပ်မရှိဘဲ ကြားကရောင်းဝယ်ဖောက်ကားနေကြတဲ့ မြန်မာမဟုတ်တဲ့ ကုန်သည်ပွဲစားတွေပဲကြီးပွားနေကြတာ ဆိုတော့ဒီအတိုင်းဆိုမဖြစ်ဘူး သမဝါယမဖွဲ့ရင် ပိုအဆင်ပြေနိုင်တယ် ဆိုပြီးတော့ ဖွဲ့ခဲ့ခြင်းဖြစ်တယ်။ သမဝါယမဖွဲ့ခဲ့ပြီးတော့ အကူအညီတွေ အထိုက်အလျောက်ရပါတယ်။ အသင်းကလူတွေလည်း နိုင်ငံခြားပညာသင်ဆလွှတ်ခွင့်ရခဲ့တယ်။ ဥပမာ အမှုဆောင်ကိုကျော်ကျော်က ဂျာမနီကိုဆီချက်ပညာသင် သွားရတယ်။ မစန်းစန်းထွေးကအိန္ဒိယကို စာရင်းအင်းပညာသွားသင်ရတယ်။ ကိုဝင်းမော်က တရုတ်ပြည်သွားခဲ့ရတယ်။ အသင်း ဒုတိယဥက္ကဋ္ဌ

www.burmeseclassic.com

ကာဘိုင်ရေကောင်စက်ကို တရုတ်ပညာရှင်များ
လာရောက်လေ့လာစဉ်။



ဦးကျော်ဝင်းလည်း နိုင်ငံခြား သွားခဲ့ရတယ်။ အခုခေတ်မှာ စိုက်ပျိုးရေးကို အခြေခံတဲ့ စက်မှုနိုင်ငံတည်ဆောက်မယ်ဆိုတဲ့ ဦးတည်ချက်တွေနဲ့ လုပ်လာတာတွေ ရတာသိပ်မှန်တယ်။ ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးရေးနိုင်ငံဆိုတော့ စိုက်ပျိုးရေးကိုအခြေခံမှ စီးပွားတိုးတက်မယ်။ ကျွန်တော်တို့ စိန်ပန်းစက်မှုလက်မှုအနေနဲ့လည်း စလုပ်ကတည်းက စိုက်ပျိုးရေးကိုအထောက်အကူဖြစ်မယ့် လယ်ယာသုံးစက်ကိရိယာပစ္စည်းတွေ အများကြီးထုတ်လုပ် ပေးခဲ့တယ်။ ကောက်ရိတ်စက်၊ ခြေနင်းစပါးခြွေစက်၊ သစ်စက်၊ ဆန်စက်၊ ဆီစက်၊ အများကြီးပါပဲ။ နောက်ပိုင်းမှာ သကြားစက်၊ အရက်ချက်စက်ရုံတွေကလိုတဲ့ ပစ္စည်းတွေထုတ်ပေးနေတယ်။ ရေအားနဲ့ ရေတင်/လျှပ်စစ်မီး ထုတ်လုပ်ပေးတဲ့စက်တွေလည်း တီထွင်ထုတ်လုပ်နေပါတယ်။ ကုန်ကြမ်းကတော့ ပြည်တွင်းကစွန့်ပစ္စည်း ကားပျက်၊ သင်္ဘောပျက်စတဲ့ စစ်အတွင်းကပစ္စည်းတွေပေါ့။ အဲဒါတွေကို ပွဲစားတွေဆီကတစ်ဆင့် ဝယ်ရပါတယ်။

မုံရွာမှာ ဆန်စက်သွားတည်ပေးတုန်းက စက်မပြီးခင်စက်ပိုင်ရှင်က ဒီစက်ပြီးရင်အလုပ်သမား လေး ငါးဆယ် ခန့်ပြီးလုပ်ရတော့မယ် ထင်မှတ်ခဲ့တာ၊ စက်လည်းပြီးရောနားပတ်ကိုအယ်လ်ဝေတာနဲ့ လည်ပြီး တစ်ခါတည်း ဆန်ပါကျလာအောင် ဒီဇိုင်းသစ်နဲ့ ထုတ်လုပ်ပေးတာဆိုတော့ အလုပ်သမား လေး၊ ငါးယောက်နဲ့ ဆောင်ရွက်နိုင်လို့ သူအံ့သြသွားတယ်။ water pump တွေဆို ကျွန်တော်တို့စိန်ပန်းက ထုတ်လုပ်ပေးနေတာ။ အခုဆို နိုင်ငံခြားက မမှာရသလောက်ဖြစ်သွားပြီ။ မိုင်းရှူးမှာ အကွာအဝေးနှစ်မိုင်၊ အမြင့်ပေ ၃၀၀ ကျော်ကိုရေတင်ပေးနေတဲ့ စက်ထုတ်ပေးခဲ့တယ်။ စစ်ကိုင်း မင်းတွဲန်းဓမ္မနာဒချောင်မှာလည်း အကွာအဝေးပေ ၈၉၀၀၊ အမြင့်ပေ ၇၀၀ အထိ ဧရာဝတီမြစ်ကရေကို စုပ်တင်နေတဲ့စက် တီထွင်ထုတ်လုပ်ပေးခဲ့ပြီ။

ရေပေးရေးစီမံကိန်းမှာ Pump သေးသေးလေးနဲ့ ၄ ပေ လောက်နက်တဲ့ နေရာက မြေကြီးပေါက်ထွက်ပြီးရေပန်းထွက်လာတာ တွေ့ရလို့ ကျွန်တော် လေ့လာခဲ့တယ်။ အဲဒီနမူနာကိုကြည့်ပြီး လက်တွေ့အတွေ့အကြုံနဲ့ ပေါင်းစပ် တီထွင်ထုတ်လုပ်ခဲ့တာ အောင်မြင်လို့ အခု ဖားကန့် မိုးကုတ်၊ မိုင်းရှူးရတာမှာ

www.burmeseclassic.com



မြေတွေမှာ ကျွန်တော့်စက်တွေနဲ့ပဲသုံးနေကြပြီ။

နောက် Water Turbine တွေနဲ့ ဆည်မြောင်း တာတမံတွေ လုပ်တာ တရုတ်ပြည်မှာ တွေ့ခဲ့ဖူးတယ်။ ယူနီဆက်က ပုဂ္ဂိုလ်တွေတောင် သွားလေ့လာရတယ်။ အဲဒီ တာဘိုင်မျိုးကိုကျွန်တော်တီထွင် ထုတ်လုပ်ပြီး ရန်ကင်းတောင်မှာရေတင်ပြတော့ နိုင်ငံခြားသားတချို့ကတောင်လာကြည့်ပြီး မြန်မာဖြစ်စက်ဆိုတာ ပထမ မယုံကြဘူး၊ နောက်မှသိသွားကြတယ်။ မန္တလေးတောင်ပေါ်လည်း ဒီစက်မျိုးနဲ့ပဲ ရေတင်ပေးနိုင်ပြီ။ ရေတစ်ပေဖိအားရှိတိုင်း အမြင့်ခြောက်ပေရေတင်နိုင်တယ်။ တရုတ်တာဘိုင်တွေနဲ့ယှဉ်ပြီးသုံးပြလိုက်တော့ ဒီကတာဘိုင်ကသာတယ်ဆိုတာ သက်ဆိုင်ရာတွေလည်း သိသွားကြပြီ။ တခြား ငါးပြေမဆည်တို့၊ ဂန့်ဂေါတို့၊ ယောနယ်တွေမှာ ကျွန်တော့်စက်တွေသုံးနေကြပြီ။

ကျွန်တော်တို့စိန်ပန်းကို ဂျပန်နဲ့ ဂျာမနီက ဧည့်သည်တွေလာ ကြည့်ကြတုန်းက စိန်ပန်းအရုပ်ထဲကစက်ရဲ့ ၁၀၀ ကျော်ကိုကြည့်ပြီး သူတို့သဘောကျသွားကြတယ်။ ကျွန်တော်ကစိန်ပန်းကလုပ်ခဲ့တာ၊ လုပ်နေတာ၊ နောင်ဘယ်လိုလုပ်သင့်တယ်ဆိုတာ အကြံပြုကြပါ။ ဝမ်းမြောက်ဝမ်းသာ လက်ခံပါမယ် ပြောတော့ သူတို့ကဘာပြောသလဲဆိုတော့ "ဘာ့ကြောင့်အားငယ်နေရတာလဲတဲ့၊ ဂျပန်မှာဆို စစ်အတွင်းကဗုံးချလို့ကုန်သွားခဲ့ပြီး သုညကပြန်စခဲ့ရတာပဲတဲ့၊ ခင်ဗျားတို့တကယ်လုပ်ရင် နဂိုယာမာတို့၊ ယိုကိုဟားမားတို့လို ပြန်ဖြစ်လာမှာပါတဲ့။ တကယ်တော့လည်း စက်ကိရိယာတစ်ခုကို နမူနာပုံစံကြည့်လိုက်တာနဲ့ ဘယ်စက်မျိုးမဆို ကျွန်တော်တို့ ထုတ်လုပ်နိုင်နေပြီပဲ။ ကျွန်တော်တို့ စက်မှုလက်မှုလုပ်ငန်းလုပ်တာ သူဌေးတော့မဖြစ်ပါဘူး။ ဒါပေမယ့် တိုက်ပျိုးရေး တစ်ခေတ်ပြောင်းလာအောင် ကိုယ်ထုတ်လုပ်လိုက်တဲ့ ပစ္စည်းတစ်ခု သုံးနေတာတွေ့လိုက်ရရင် ဖြစ်ပေါ်လာတဲ့ပီတိက ငွေကြေးနဲ့ မလဲနိုင်ပါဘူး။"

အခုကျွန်တော့်ကို အသက်ကြီးပြီ၊ နားပါတော့ဆိုပြီး သားသမီးတွေက ပြောနေကြတယ်။ အများကြီးလုပ်နိုင်သေးတယ်။ မနားပါဘူး။ စက်မှုလက်မှု



ကို သားသမီးတွေနဲ့လေ့ကျင့်ပေးထားပြီး လွှတ်လို့ရတဲ့အပိုင်းကို လွှတ်ထားတယ်။ သားသမီးတွေတင်မကပါဘူး၊ စိန်ပန်းရုပ်ကွက်ကလူငယ်တွေ၊ အခြားဂျီတီအိုင်နဲ့စက်မှုလက်မှုကျောင်းဆင်းတွေပါ ကျွန်တော့်လုပ်ငန်းမှာ လက်ခံလေ့ကျင့်ပေးခဲ့၊ လေ့ကျင့်ပေးနေဆဲလည်း ဖြစ်ပါတယ်။ ဒီပြင်ဦးလွင်မှာလာနေတာလည်း အလကားလာနေတာမဟုတ်ပါဘူး။ ဒီနေရာမှာ သံပုရာစိုက်ဖို့ပြောတော့ တချို့ကမရဘူး။ စိုက်မနေနဲ့လို့ပြောတယ်။ကျွန်တော်အခုစိုက်ပြလို့ ဖြစ်နေပြီ။ တစ်ပင်ကို အသီး ၂၀၀၊ ၃၀၀ တောင်သီး တယ်။ အဲဒါမြင်တော့မှ တချို့ကလိုက်စိုက်ကြတယ်။ ရှိသေးတယ်။ ကျွန်တော့်အနားမှာ စပါးစိုက်ကြတာတစ်ဧက တင်း ၂၅ ၃၀ လောက်ပဲထွက်တယ်တဲ့၊ သေသေချာချာစိုက်ရင်အနည်းဆုံး အဲဒီနှစ်ဆလောက် မထွက်နိုင်ဘူးလား။ ကျွန်တော်စိုက်ပြချင်သေးတယ်။ သားသမီးတွေက အဖေသက်သက်သာသာနေပါဦး၊ ဘိုမှ အပင်ပန်းခံနေတယ်ဆိုပြီး အပြစ်ဆိုကြတယ်။ ကျွန်တော်ကလည်း အလုပ်မလုပ်ရရင်မနေနိုင်၊ ကိုယ်လုပ်ချင်တာကို ဖြစ်အောင်လုပ်ရမှ ကျေနပ်တဲ့လူဆိုတော့ခက်တယ်" ဟူ၍ ဦးကျော်စိန်က ပြောပြလိုက်လေသည်။

သူ့အလုပ်တွေပွက်မည်စိုး၍ ဤမျှသာမေးပြီး "ဦးလေး အသက်ရာကျော်ရှည်ပါစေလို့ ဆုမွန်တောင်းပါတယ်" ဟူ၍ မေတ္တာပို့နှုတ်ဆက်ပြီး ပြန်ခဲ့လေသည်။

▷▷▷▷▷

www.burmeseclassic.com

www.burmeseclassic.com



# နိဂုံးပိုင်း

စိန်ပန်းစက်မှုလက်မှုလုပ်ငန်း၏ ဗိသုကာဦးကျော်စိန်နှင့်တွေ့ခဲ့ပြီး နောက်သူပြောလိုက်သော "ပီတိ" ဆိုသည့်စကားမှာရင်ထဲစွဲကျန်နေသည် အထိကြိုက်သွားသည်။ ပီတိဆိုသည်မှာ ကျေနပ်နှစ်သိမ့်မှုဖြစ်ရာမှ နှလုံးသား တွင်ပေါ်ပေါက်လာသည့်ခံစားမှုဖြစ်သည်။ ကျောင်းဆရာတစ်ယောက်သည် သူသင်ပေးခဲ့သည့်တပည့်တစ်ဦး တိုးတက်ကောင်းစားနေသည်ကို မြင်ရလျှင် ပီတိဖြစ်ရသည်။ မူလတန်းပြဆရာပင်ဖြစ်စေ သူ၏တပည့်ဟောင်းတစ်ဦး သည် ဆရာဝန်ဖြစ်နေပြီ၊ သို့မဟုတ် တပ်မတော်အရာရှိ၊ သို့မဟုတ် အရာရှိ တစ်ဦး၊ သို့မဟုတ် ထင်ပေါ်ကျော်ကြားသူတစ်ဦးဦး ဖြစ်နေပြီကိုမြင်ရ၊ ကြား ရလျှင် ရင်ထဲတွင် ပီတိသောမနဿ လှိုင်းထသွားသည်။ ကျွန်တော်တို့ စာရေး ဆရာ၊ သတင်းစာဆရာတွေသည် မိမိတိုင်းပြည်ကိုတင်ပြချင်သည့် ကိစ္စ၊ စာနယ်ဇင်းတစ်ခုခုတွင် ဖော်ပြပါရှိလာပြီဆိုလျှင် အတိုင်းမသိ ပီတိဖြစ်ကြ ရသည်။ ရရှိသည့်စာမူခ နည်းသည်များသည်ကိုပင် သိပ်ဂရုမထားကြပါ။

စက်မှုလက်မှုလောကတွင်တိုင်းပြည်အတွက်၊ အများပြည်သူအတွက် ထုတ်လုပ်သည့်စက်ကိရိယာပစ္စည်းများ ပိုမိုထိရောက်ကောင်းမွန်အောင်၊ ခေတ်မီလာအောင် အပတ်တကုတ်ကြိုးပမ်းအားထုတ် တီထွင်အောင်မြင် လာကြသူများမှာ အတိုင်းအတာတစ်ခုအထိ လုပ်ငန်းတိုးတက်လာကြ သော်လည်း ထိုလုပ်ငန်းဖြင့် သူဌေးကြီးဖြစ်သွားသူဟူ၍ မရှိသလောက်ပင်။ လုပ်ငန်းအောင်မြင်လာလျှင် ယခင်ကထက် အနည်းငယ်ပိုမို ချောင်လည် လာရုံမျှလွဲ၍ ယင်းတို့မှာ စိမ်မခံကြရပေ။ စိမ်ခံနေရန်လည်း အချိန် မပေးနိုင်ကြချေ။ စက်မှုလက်မှု တီထွင်အောင်မြင်သူများ၏ ပင်ကိုဗီဇကပင် တစ်မျိုးအောင်မြင်ရုံဖြင့် ကျေနပ်နှစ်သိမ့်လေ့မရှိကြ၊ နောက်တစ်မျိုး တီထွင် ဆန်းသစ်ရန် ကြိုးပမ်းအားထုတ်ကြစမြဲ။ စက်မှုစွမ်းအားရှင်များသည် ဦးကျော်စိန်ပြောသကဲ့သို့ တိုင်းပြည်အတွက်၊ ပြည်သူတို့အတွက် မိမိတို့ တီထွင်ကြိုးစား ထုတ်လုပ်ပေးလိုက်သည့် ပစ္စည်းတစ်ခုခု အသုံးဝင်နေပြီ ကိုမြင်ရလျှင် ရင်၌ဖြစ်ပေါ်လာသောပီတိသည် အဘယ်သို့သောငွေကြေးနှင့်မျှ



နှိုင်းယှဉ်၍မရသည်မှာ သဘာဝဖြစ်သည်။ ကျောင်းဆရာတစ်ယောက်၏ ပီတိ၊ စာရေးဆရာ/ သတင်းစာဆရာတစ်ယောက်၏ပီတိနှင့်စက်မှုစွမ်းအားရှင် တစ်ယောက်ပီတိပေါက်ဖွားရာ အခြေအနေချင်း မတူသော်လည်းသဘော ချင်းကတူပေမည်။

ကျွန်တော် မန္တလေးသို့ရထားဖြင့် သွားမည်ဆိုသောအခါ အချို့က ရထားသည် အချိန်မမှန်တတ်၍ ကားဖြင့်သွားရန်တိုက်တွန်းသည် များရှိခဲ့ သည်။ သို့သော် ရထားစီးရသည်မှာ မော်တော်ကားထက်ပို၍ သက်သောင့် သက်သာရှိပြီး ပိုလွတ်လပ်သဖြင့် အချိန်မမှန်ချင်လည်း နေပေလေ့စေ ရထားပဲ စီးမည်ဆိုပြီး ဖွတ်ထွက်လာခဲ့သည်။ သူတို့အမြင်တွေပဲမှားနေသလား၊ ကျွန်တော်ပဲ ကံကောင်း၍လားတော့မသိ၊ ကျွန်တော်အသွားတုန်းကရော အပြန်တွင်ပါ စီးလာသည့် ရထားနှစ်စီးစလုံး ထွက်ချိန်/ ဝင်ချိန်မှန်သည်။ လမ်းတွင်လည်း ကြန့်ကြာခြင်းမရှိ။ လွန်ခဲ့သည့် သုံး၊ လေးနှစ်က တစ်ကြိမ် မန္တလေးသို့ ရထားဖြင့်သွားခဲ့ရာ ရထားလမ်းအချို့နေရာများတွင် ရထား သည်လှုပ်ခါရမ်း၍ ခုန်နေသဖြင့် မြင်းစီးရသလိုဖြစ်ခဲ့သည်။ ယခုတော့ ရထားစီးရသည်မှာ မြင်းစီးရသလိုခုန်ခြင်း၊ ရမ်းခြင်း လုံးဝမရှိတော့ပဲ ငြိမ့်ငြိမ့်ညောင်းညောင်း ရှိနေသဖြင့် စိတ်ထဲကြည်နူးပီတိ ဖြစ်ရပြန်သည်။

စိန်ပန်းဦးကျော်စိန် ဖြစ်ရသည့်ပီတိ၊ စက်မှုစွမ်းအားရှင်တွေအားလုံး ဖြစ်ကြရသည့်ပီတိ၊ မည်သည့်ငွေကြေးနှင့်မျှ မလဲနိုင်သည့်ပီတိကို ကျွန်တော် ကိုယ်ချင်းစာနာ စဉ်းစားရင်း ရထားလမ်းမှ ရရှိသည့်ပီတိကို ထပ်ဆင့်ပွားမိ ပြန်သောအခါ ရင်ထဲအေးချမ်းသွားသည်။ ဒီနေ့ ဒီဇင်ဘာ ၂၁ ရက်၊ ပြာသို လဆန်း ၄ ရက်နေ့ ညဖြစ်သော်လည်း ရထားပြတင်းပေါက်မှလှမ်းမြင်နေရ သည့် သုံး ရက်လခုံးမျက်စလိုလ ခြမ်းကလေးက ပီတိလွှမ်းနေသည့် ကျွန်တော့် ကို စိုးမိုးထားသည်။ ဦးကျော်စိန်တို့လို စက်မှုလက်မှု စွမ်းအားရှင်တွေဖြစ် ရသည့် ပီတိမျိုး များများပွားလာလေ၊ နိုင်ငံတော်၏စက်မှုစွမ်းအား တိုးတက် မြင့်မားပြီးစီးပွားရေးတိုးတက်လာလေဖြစ်လာမည်ဆိုသည်ကို တစိမ့်စိမ့်တွေး ရင်းအေးမြသည့် လခြမ်းကလေးကို ငေးကြည့်နေမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

မြင့်သူရ (အမည်ရင်း - ဦးသန်းလွင်)
ပဲခူးတိုင်း၊ ညောင်လေးပင်ဇာတိ။
ဦးကျော်သင်း (ပန်းချီ၊ ပန်းပုဆရာကြီး)၊ ဒေါ်သိန်းမြတို့က
၇-၂-၁၉၄၁ တွင်မွေးဖွားသည်။
ဥပစာဝိဇ္ဇာ(က) တန်းအထိ ပညာသင်ကြားပြီး
၁၉၅၉-၆၀ မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း တို့တွင် ဝန်ထမ်း။
၁၉၇၂ မှစ၍ ၁၉၈၈ အထိလုပ်သားဂျာနယ်အယ်ဒီတာ၊
၁၉၉၄ ခုနှစ်တွင်စန်းစန်းဂျာနယ်အယ်ဒီတာချုပ်၊
၁၉၉၆ခုနှစ်မေလမှ ယနေ့အထိသုတစွယ်စုံမဂ္ဂဇင်း၊ ပြည်မြန်မာ၊
သတင်းလွှာဂျာနယ်များတွင် တာဝန်ခံအယ်ဒီတာ။
မလျှိုင်မဂ္ဂဇင်းတွင် အမှုဆောင်အယ်ဒီတာ။
လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး။





BURMESE CLASSIC .com
www.burmeseclassic.com